မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
အတွဲ (၅၃) အမှတ် (၁၀၇)
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
၂၀၁၄ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ သောကြာနေ့။

ဒါနဥ္စ တော်မင်္ဂလ မုတ္တမံ
စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

အာဆီယံနိုင်ငံများ ပေါင်းစည်းအားဖြင့် ၂၀၁၅ နှစ်ကုန်၌ အာဆီယံအသိုက်အဝန်းတည်ထောင်ရန် ကြိုးပမ်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် (၄၇)နှစ်မြောက် အာဆီယံနေ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ပေးပို့သည့် သဝဏ်လွှာ

လေးစားအပ်ပါသော မိတ်ပြည်သူများခင်ဗျား

၂၀၁၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့သည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံအဖွဲ့)ကို တည်ထောင်ခဲ့သည့် (၄၇)နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပါသည်။ အာဆီယံအဖွဲ့ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ရာ ယနေ့(၄၇)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အခါသမယတွင် မြန်မာပြည်သူများနှင့် အာဆီယံပြည်သူများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ယခုကဲ့သို့ အာဆီယံအဖွဲ့ကြီးစတင်ထူထောင်ခဲ့သည့် ထူးခြားသော ဤနေ့ ဤရက်တွင် အာဆီယံအဖွဲ့ကြီးကို အောင်မြင်မှုများ ဆောင်ကြဉ်းပေးခဲ့သော နိုင်ငံအသီးသီး၏ ခေါင်းဆောင်များနှင့် ပြည်သူများအားလုံးကို အထူးကျေးဇူးတင်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ အာဆီယံအဖွဲ့ကြီးကို ကနဦးတည်ထောင်ခဲ့သည့် ခေါင်းဆောင်များ၏ ဦးဆောင်မှုနှင့် ရည်မှန်းချက်ခိုင်မာမှုတို့သည် အာဆီယံအဖွဲ့၏ အောင်မြင်မှုများကို ထူးခြားစွာ အကျိုးပြုခဲ့ကြပါသည်။ မိမိအနေဖြင့် အရှေ့တောင်အာရှဒေသရှိ ပြည်သူများ၏ လူမှုဘဝတိုးတက်ရေးကို ဆောင်ကြဉ်းပေးခဲ့သော အဆိုပါခေါင်းဆောင်များ၏ ဉာဏ်ပညာအမြော်အမြင်ရှိမှု၊ ဦးဆောင်မှုအရည်အသွေးနှင့် ခိုင်မာသည့် ကတိကဝတ်တို့ကို ချီးကျူးဂုဏ်ပြုအပ်ပါသည်။

> **“ အာဆီယံသည် နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့ပါဝင်သည့် အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိ ”**

လေးစားအပ်ပါသော မိတ်ပြည်သူများခင်ဗျား

ယနေ့ခေတ်တွင် အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာပေါ်တွင် မဟာဗျူဟာကျသည့် ဒေသတစ်ခုအဖြစ် တည်ရှိလျက်ရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ ပေါင်းစည်းသော ကြိုးပမ်းအားထုတ်မှုများဖြင့် အာဆီယံသည် ၂၀၁၅ ခုနှစ် နှစ်ကုန်တွင် အာဆီယံအသိုက်အဝန်း တည်ထောင်ရန်အတွက် ရှေ့သို့ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

ရန်ကုန်မြို့တွင် အထပ်မြင့် ကားပါကင်များ ဆောက်လုပ်မည်

သတင်း-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၇

ပြည်ပမှမော်တော်ကားများတင်သွင်းခွင့်ပြုခဲ့သဖြင့် မြန်မာနိုင်ငံအတွင်း ကားအစီးရေပေါင်း ၅၄၀၀၀၀ ကျော်ရှိနေပြီဖြစ်ရာ ယင်းမော်တော်ကားများ အနက် ၆၂ ရာခိုင်နှုန်းကျော်သည် ရန်ကုန်မြို့၌ ရှိနေသည်။ ရန်ကုန်မြို့၌ ကားရပ်စခန်းများ လိုအပ်လျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အထပ်မြင့်ကားပါကင်များ ဆောက်လုပ်ရန်စီစဉ်နေပြီဖြစ်သည်။

နိုင်ငံတကာတွင် အထပ်မြင့်ကားပါကင်များ တည်ဆောက်အသုံးပြုနေသဖြင့် မော်တော်ကားအများဆုံး ရှိသော ရန်ကုန်မြို့၌ လမ်းများပေါ်တွင် ကားများ ညအိပ်ရပ်နားခြင်းများမှ လျော့ကျစေရန် အထပ်မြင့် ကားပါကင်များ တည်ဆောက်ရေးအတွက် ပြည်တွင်းပြည်ပ ကုမ္ပဏီများကို အဆိုပြုလွှာများ ခေါ်ယူထားရာ ပြည်တွင်း ပြည်ပကုမ္ပဏီပေါင်း ၆၀ ကျော်တို့က အဆိုပြုလွှာများတင်သွင်းထားပြီဖြစ်သည်။

စီးပွားရေးမြို့တော် ရန်ကုန်၌ လူနေအထပ်မြင့် အဆောက်အအုံများ တိုးတက်များပြားလာသော်လည်း ယင်းအထပ်မြင့်အဆောက်အအုံတိုင်းတွင် လုံလောက်သော ကားပါကင်များ ထည့်သွင်းတည်ဆောက်မှု၊ နေရာပေးမှုအားနည်းနေဆဲပင် ဖြစ်သည်။ ထို့ကြောင့် လမ်းများပေါ်တွင် မော်တော်ကားများစွာရပ်နားခြင်း၊ ညအိပ်ရပ်နားခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှု၊ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိနေသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ပိုင်ဆိုင်သည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းနှင့် ထန်းတပင်လမ်းထောင့်ရှိ မြေနေရာတွင် အဆင့်မြင့် ယာဉ်ရပ်နားစခန်းအဖြစ် အထပ်ပေါင်း ၂၈ ထပ်အမြင့် ဆောက်လုပ်ရန် အစီအစဉ်ရှိနေသည်။

ထို့အတူ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ မြေနေရာတွင်လည်း ယာဉ်ရပ်နားစခန်းနှင့် အိမ်ခန်းများ ပါဝင်သော ၂၂ ထပ်မြင့်သည့် အဆောက်အအုံကို ဆောက်လုပ်ရန် စီစဉ်နေသည်။

စာမျက်နှာ ၁၄ ကော်လံ ၆ ❖

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေးအတွက် နိုင်ငံတော်မှတည်ဆောက်ပေးထားသည့် လိန်းလီတံတားကြီးကို တွေ့ရစဉ်။
(သတင်းဆောင်းပါး စာ-၇) ဓာတ်ပုံ-ခရမ်းစိုးမြင့်

နိုင်ငံတကာ

လိုက်ဘေးရီးယားတွင် ကြောက်မက်ဖွယ်ရာ အီဘိုလာရောဂါဖြစ်ပွား သမ္မတက ရက် ၉၀ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာ

စာမျက်နှာ ❖ ၄

ပြည်တွင်း

ညောင်လေးပင်၌လယ်ယာမြေရိယာပေါင်း ၁၈၆၉၆ ဧက ရေလွှမ်းနစ်မြုပ်

စာမျက်နှာ ❖ ၁၀

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အာဆီယံ ရည်မှန်းချက်

ကျွန်ုပ်တို့မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ကိုယူထားသော နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံ ရည်မှန်းချက်များပြည့်မီရေး တွန်းအားပေး ဖော်ဆောင်လျက်ရှိပါသည်။ အာဆီယံနိုင်ငံများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းထူထောင်သွားရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ယခုအခါအာဆီယံကို ထူထောင်ခဲ့သည်မှာ (၄၇) နှစ်ပင်ပြည့်မြောက်ပြီဖြစ်ပါသည်။ အာဆီယံသည် ဒေသတွင်းမှာရော၊ ကမ္ဘာမှာပါ တိုးတက်ပြောင်းလဲနေသော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

အာဆီယံနိုင်ငံများက လာမည့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် ယဥ်ကျေးမှုအသိုက်အဝန်းဟူသည့် အာဆီယံအသိုက်အဝန်းသုံးရပ်ကို ထိထိရောက်ရောက် ဖော်ဆောင်သွားရန် ကြိုးပမ်းလျက်ရှိပါသည်။ ဤအသိုက်အဝန်းများထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံအနေဖြင့် "ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ" ဟူသော ဆောင်ပုဒ်နှင့်အညီ အာဆီယံအသိုက်အဝန်း ပီပြင်စွာ ဖော်ဆောင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ၂၀၁၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကျရောက်မည့် (၄၇)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အခမ်းအနား၌ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်မှုကို သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးမြောက်စေရန် အားပေးတိုက်တွန်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူအခြေပြု အာဆီယံအသိုက်အဝန်း ထူထောင်မှုသည် ဆင်းရဲနွမ်းပါးမှုနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးမညီမျှခြင်းများကို ဖြေရှင်းနိုင်မည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း၊ အာဆီယံအသိုက်အဝန်း ထူထောင်ရေး မျှော်မှန်းချက်များသည် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်အရ သော်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ မူဝါဒနှင့်လည်းကောင်း ကိုက်ညီမှုရှိပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

အာဆီယံအသိုက်အဝန်းတစ်ခုဖြစ်သည့် နိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းသည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ကြွယ်ဝချမ်းသာရေးအတွက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း လမ်းပြမြေပုံသည် ဒေသတွင်း လုံခြုံရေးနှင့် အေးချမ်းသာယာရေး မြှင့်တင်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုအခြေခံများ ခိုင်မာရေးပင်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်သည့် လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကူးစက်ရောဂါတားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲခြင်းကဏ္ဍများတွင် ဦးစားပေးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်ရန်အတွက် ဒေသတစ်ခုလုံးကို ဈေးကွက်တစ်ခုတည်းနှင့် ထုတ်လုပ်မှုတစ်နေရာတည်း ဖြစ်ပေါ်လာစေရန် ရည်ရွယ် ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံစီးပွားရေးသိုက်အဝန်းသည် အာဆီယံ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမျှတစေရန်နှင့် ဖွံ့ဖြိုးမှုကွာဟချက် ကျဥ်းမြောင်းစေရန်အတွက် ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရေးပင်ဖြစ်ပါသည်။ အာဆီယံပေါင်းစည်းဆက်သွယ်ရေး မဟာစီမံကိန်း အကောင်အထည်ဖော်မှုနှင့် ဒေသတွင်းအလုံးစုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုတို့သည် ဤရည်မှန်းချက်ကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။ လူမှုယဥ်ကျေးမှုအသိုက်အဝန်း တည်ဆောက်မှုသည် သဘာဝဘေးဒဏ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသမီး၊ ကလေးသူငယ်များနှင့် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများစသည်ဖြင့် လမ်းပြမြေပုံချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ အာဆီယံရည်မှန်းချက်ဖြစ်သည့် အာဆီယံအသိုက်အဝန်းထူထောင်ရေး လုပ်ငန်းစဥ်များ ပြီးမြောက်စေရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စက်ရုံများရှိအလုပ်သမားများအား ကွင်းဆင်းကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၇

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၅ ရက်က လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ၌ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ် ကောင်းမွန်သောလုပ်ငန်းခွင်ဖြစ်ပေါ်စေရန်၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်မှုကြောင့် အငြင်းပွားမှုများလျော့နည်းပြီး ကုန်ထုတ်စွမ်းအားတိုးတက်၍ ပိုမိုအောင်မြင်စေရန် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်အပြင် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန် ကွင်းဆင်းကြည့်ရှု၍ အလုပ်သမားများကို အားပေးစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လှိုင်သာယာစက်မှုဇုန်ရှိ လက်ဝါးအထည်ချုပ်စက်ရုံ၊ ပုလဲအထည်ချုပ်စက်ရုံ၊ မြူးနှင့်စူးအထည်ချုပ်စက်ရုံများသို့ သွားရောက်၍ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အေးချမ်းသာယာစေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရန်တို့အတွက် အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

စက်မှုဇုန်များတွင် အသိပညာပေးဆွေးနွေးပွဲများနှင့် စက်ရုံ၊ အလုပ်ရုံများတွင် စီမံခန့်ခွဲမှုဆိုင်ရာနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် စီမံခန့်ခွဲမှုစနစ်ဘာသာရပ်ကို ညနေပိုင်း ၅ ရက် သင်တန်းပို့ချပေးလျက်ရှိရာ မန်နေဂျာနှင့် ကြီးကြပ်ရေးမှူးများက တက်ရောက်သင်ကြား၍ အလေးထားဆောင်ရွက်စေလိုကြောင်း၊ ဖြန့်ဝေပေးထားသည့် အလုပ်ရှင်၊ အလုပ်သမား သိရှိလိုက်နာရန်အချက်များကို တိကျစွာ လိုက်နာဆောင်ရွက်စေလိုကြောင်း၊ လက်ရှိအခြေအနေတွင် ဖြစ်ပေါ်နေသည့် အငြင်းပွားမှုများနှင့် ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်သာမက လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဖြေရှင်းပေးလျက်ရှိကြောင်း၊ မိမိတို့ ဩဂုတ် ၆ ရက်က ကွင်းဆင်းကြည့်ရှုအားပေးမှုကြောင့် လုပ်ငန်းခွင်အခြေအနေမှန်ကိုသိရှိရ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုကြောင့် အလုပ်ရှင်နှင့်အလုပ်သမားများအတွက်သာမက နိုင်ငံတော်အတွက်ပါ ရလဒ်ကောင်းများ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်သည်ဟု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဩဂုတ် ၁ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပစဉ်။ (နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူး နေလင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရန် ဟောပြော၍ ရဲအုပ်စောကိုကိုက မှုခင်းကျဆင်းရေးဆိုင်ရာများဟောပြောပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က ကျေးဇူးတင်စကား ပြောကြားသည်။)

(ဝ၂၁)

ရွှေတိဂုံစေတီတော် ဝါခေါင်လပြည့်နေ့ကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

ဝါခေါင်လပြည့် (ဩဂုတ် ၁၀ ရက်)နေ့တွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့က ကြီးမှူး၍ စေတီတော်ရင်ပြင်၌ မေတ္တာအခါတော်နေ့ အခမ်းအနား၊ ပန်းပေါင်း ၈၄၀၀၀ ပန်းစေတီ လှည့်လည်ပူဇော်ပွဲနှင့် ဝါတွင်းသီလခံယူပွဲကို ကျင်းပမည်ဖြစ်သည်။ ဝါခေါင်လပြည့် နံနက် ၅ နာရီ တွင် စေတီတော်ရင်ပြင်ရှိ ဩည့်ခံတန်ဆောင်း၌ စေတီတော်အား ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲနှင့် နံနက် ၆ နာရီ ခွဲတွင် ရွှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ မေတ္တာအခါတော် နေ့အခမ်းအနားတို့ကို ကျင်းပပြီး နံနက် ၇ နာရီခွဲတွင် ပန်းပေါင်း ၈၄၀၀၀ ပန်းစေတီအား စေတီတော် ရင်ပြင်၌ လှည့်လည်အပူဇော်ခံကာ အရဟံဘုရားလေးဆူနှင့် ပတ္တမြားမျက်ရှင်ဘုရားတို့၌ ကပ်လှူမည်ဖြစ်သည်။ နံနက် ၉ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါတွင်းသီလခံယူပွဲကျင်းပ ပြီး နံနက် ၁၀ နာရီခွဲတွင် စေတီတော် ဩဝါဒစရိယ ဆရာတော်ကြီးများအား ရောင်တော်ဖွင့်တန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

ကျေးရွာများသို့ အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

မောက်မယ် ဩဂုတ် ၇

ကျေးရွာနေ တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရေးရည်ရွယ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မြမြသန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဩဂုတ် ၅ ရက်၌ မောက်မယ်မြို့နယ် စဥ့်ဆိုင်ကျေးရွာအုပ်စု နားသဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းဆေးကုသခြင်း၊ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြသည်။ ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းက ယခု မိုးရာသီတွင် ဖြစ်တတ်သော ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းရောဂါအကြောင်း သိကောင်းစရာများ ကြိုတင်ကာကွယ်နိုင်ရေး ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပြီး မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာနေ ပြည်သူ ၂၀၀ ကျော်ကို အခမဲ့ဆေးကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အရန်သားဖွားလက်တွေ့ ကွင်းဆင်းနေသော သင်တန်းသူများကလည်း လိုက်ပါ ကွင်းဆင်းပါဝင်ကူညီကြပြီး နားသဲကျေးရွာ မူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၅၈ ဦးအား ကျောင်းကျန်းမာရေး စစ်ဆေးပေးကြကြောင်း သိရသည်။ (၁၄၂)

အထူးဖိတ်ကြားအပ်ပါသည်

ဂျပန်နိုင်ငံ Tokyo University of Social Welfare

အစီအစဉ်

Sky Star Hotel
(No.51/B/1), East Race Road,
Tamwe Township, Yangon.

Mawlamyaing Strand Hotel
Between Lower Main Road
and Strand Road,
Mawlamyaing Township.

Tel: 01-393370, 09-421147070

ပြည်တွင်းသတင်း

✳ ***ရွှေဖုံးမှ***

အာဆီယံအဖွဲ့သည် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်နှင့် ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ ညီညွတ်ပေါင်းစည်းသော အာဆီယံဒေသအဖြစ် တည်ဆောက်ရန် ရည်မှန်းချက်တို့မှမွေးဖွားလာခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အာဆီယံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ဖြင့် ပေါင်းစုထားသည့် ရှည်ကြာသောသမိုင်းကြောင်းကို ကျော်ဖြတ်ခဲ့ပါသည်။ အာဆီယံ၏ ထူးခြားသောသမိုင်းဝင်မှတ်တိုင်များအနက် ပထမဦးဆုံးသော မှတ်တိုင်မှာ ၁၉၆၇ ခုနှစ်တွင် အာဆီယံကို မွေးဖွားပေးခဲ့သည့် ဗန်ကောက်ကြေညာစာတမ်းဖြစ်ပါသည်။ ယင်းနောက်ပိုင်း ထူးခြားသည့်မှတ်တိုင်မှာ ၁၉၇၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ဖြစ်ပြီး ယင်းသည် အာဆီယံ၏အထူးခြားဆုံးသောအမြင်နှင့် တန်ဖိုးများကို ဖော်ဆောင်ကာ အရှေ့တောင်အာရှဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကမ္ဘာ့နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရေးတို့အတွက် ရည်ရွယ်ထားသည့် သဘောတူညီချက်ဖြစ်ပါသည်။ ယခုအခါ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်သည် အရှေ့တောင်အာရှဒေသပြင်ပရှိ အခြားသောနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ရန်အတွက် အခြေခံမူတစ်ရပ်အဖြစ် တည်ရှိလျက်ရှိပါသည်။ ယင်း ၁၉၇၆ ခုနှစ်တွင်ပင် သဘောတူညီခဲ့သော ဘာလီ ကြေညာစာတမ်း(၁)သည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုကို ရှေးရှုရည်ရွယ်ခဲ့ပါသည်။

လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား

မကြာသေးမီက အာဆီယံသည် လူသားတို့၏အပြုအမူ သို့မဟုတ် သဘာဝဘေးအန္တရာယ်တို့ကြောင့် ဝမ်းနည်းဖွယ်အဖြစ်ဆိုးများ တွေ့ကြုံခဲ့ရပါသည်။ ယင်းအကြောင်းရပ်နှစ်ခုစလုံးသည် လူသားမျိုးနွယ်ကို ထိခိုက်ပျက်စီးစေပါသည်။ ပထမဖြစ်ရပ်မှာ ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် ဇူလိုင်လ ၁၇ ရက်နေ့၌ မလေးရှားလေကြောင်းအမှတ် MH-17 ပစ်ချခံခဲ့ရခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်သည် ကမ္ဘာ့ပြည်သူများအား တုန်လှုပ်ချောက်ချားစေခဲ့ပါသည်။ အဆိုပါဖြစ်ရပ်ဆိုးသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးပဋိပက္ခကြောင့် လူသားတို့၏ ဘဝလုံခြုံမှုကို အန္တရာယ်ပြုလျက်ရှိပြီး အပြစ်မဲ့လူအများကို အသက်ဆုံးရှုံးစေခဲ့ပါသည်။ ဒုတိယဖြစ်ရပ်မှာ မကြာသေးမီက ဖြစ်ပွားခဲ့သည် ရာမာဆန်မုန်တိုင်းဖြစ်ပြီး ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးမှုမြင့်မားခဲ့ပါသည်။

အဆိုပါဖြစ်ရပ်များကို လေ့လာပါက နိုင်ငံများအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုနှင့် နားလည်မှုတည်ဆောက်ခြင်းနည်းလမ်းများဖြင့်သာ ယင်းသို့သောဖြစ်ရပ်မျိုးကို ကာကွယ်တားဆီးကာ မိမိတို့၏ပြည်သူများကို ကယ်တင်နိုင်မည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အဆိုပါဘေးအန္တရာယ်များကို ဒေသတွင်းနိုင်ငံများ၊ ပြည်သူများအားလုံးမှလက်တွဲ၍ ပူးပေါင်းကာကွယ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား

အာဆီယံသည် ပြည်သူများ၏ဘဝကိုမြှင့်တင်မည့် မွန်မြတ်၍ တရားမျှတသည့် ရည်မှန်းချက်များဖြင့် ဂုဏ်သိက္ခာရှိသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်လာခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်ဆိုင်ရာ ဆန်းသစ်သည့် အတွေးအခေါ်စတင်ပေါ်ပေါက်လာခဲ့ပြီး ယင်းအချိန်မှစတင်ကာ အာဆီယံသည် နိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့်ယဉ်ကျေးမှုအသိုက်အဝန်းတို့ပါဝင်သည့် အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

အဆိုပါအသိုက်အဝန်း(၃)ရပ်သည် အာဆီယံ၏တန်ဖိုးများနှင့် စံနမူနာများကို ဒေသတွင်းရှင်သန်အသက်ဝင်စေခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် အာဆီယံပဋိညာဉ်စာတမ်းချမှတ်နိုင်မှုသည်လည်း ထပ်လောင်းအရေးပါသည့် မှတ်တိုင်တစ်ရပ်ဖြစ်လာကာ စည်းမျဉ်းဥပဒေကို အခြေပြုသည့်အဖွဲ့အစည်းအဖြစ် အာဆီယံ၏ပြယုဂ်ကို မြင့်မားစေခဲ့ပါသည်။ ယင်းအာဆီယံပဋိညာဉ်စာတမ်းသည် နိုင်ငံတကာအသိုက်အဝန်းတွင် အာဆီယံ၏ တက်ကြွသောအခန်းကဏ္ဍကို မြှင့်တင်ပေးသည့်အပြင် အာဆီယံအသိုက်အဝန်း တည်ထောင်ရေးလုပ်ငန်းစဉ်ကိုလည်း အထောက်အကူပြုလျက်ရှိပါသည်။

မိမိတို့အနေဖြင့် မိမိတို့၏ဒေသအား နိုင်ငံရေးအရ စုစည်းသော၊ ငြိမ်းချမ်းသော၊ တည်ငြိမ်၍ကြံ့ခိုင်သော၊ စီးပွားရေးအရပေါင်းစည်းပြီး ယှဉ်ပြိုင်စွမ်းအားရှိကာ မျှတသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရန် တည်ဆောက်လျက်ရှိပါသည်။ သို့ဖြစ်ရာ အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ကွဲပြားခြားနားမှုများကို လျှော့ချကာ လူသားဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးအရတရားမျှတမှုရှိရေး၊ လူ့အခွင့်အရေးနှင့် ရေရှည်တည်တံ့မည့် သဘာဝပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်စေရေးစသည့် လူမှု-ယဉ်ကျေးမှုခိုင်မာသောဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် အာဆီယံအသိုက်အဝန်းမဏ္ဍိုင်(၃)ရပ် မူဘောင်အတွင်း လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ဒေသဆိုင်ရာပေါင်းစည်းမှုသည် အာဆီယံအသိုက်အဝန်း တည်ထောင်မှုအတွက် ထိပ်တန်းဦးစားပေးရည်မှန်းချက်ဖြစ်သည့်အားလျော်စွာ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတို့သည် အာဆီယံအသိုက်အဝန်းတည်ထောင်မှုအတွက် အရေးပါသည့်လုပ်ငန်းတာဝန်များ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ မိမိတို့အနေဖြင့် ဒေသတွင်းပေါင်းစည်းမှုလိုအပ်ချက်များကို ပြည့်မီစေရန်အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ် နှစ်ကုန်တွင် အာဆီယံအသိုက်အဝန်းပေါ်ထွန်းလာမည့် အချိန်ကာလသတ်မှတ်ချက်နီးကပ်လာသည်နှင့်အမျှ အမျိုးသားအဆင့်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုကဏ္ဍများတွင်ပြောင်းလဲနေသည့် အခြေအနေများကို ပြည်သူများအနေဖြင့် သိရှိနားလည်ရန်အရေးကြီးပါသည်။ ပြောင်းလဲမှုများနှင့်အညီ လိုက်လျောညီထွေစွာလိုက်ပါဆောင်ရွက်နိုင်ခြင်းသည် ပြုပြင်ပြောင်းလဲမှုတွင် အရေးပါသည့် အရည်အသွေးတစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်ရာ မိမိတို့ပြည်သူများအနေဖြင့် ပြောင်းလဲနေသည့် အခြေအနေများကိုအကြောင်းပြု၍ စီးပွားရေးလုပ်ငန်းများအား လိုက်လျောညီထွေစွာ ပြုပြင်နိုင်ကြရန်နှင့် ပြောင်းလဲမှုများမှ အကောင်းဆုံးရလဒ်များကို ဖန်တီးရယူနိုင်ရန် ကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မိမိတို့ပြည်သူများအား အာဆီယံအသိုက်အဝန်းတည်ထောင်မှုအပေါ် အပြည့်အဝယုံကြည်မှုရှိကြရန် တိုက်တွန်းလိုပါသည်။ မိမိတို့အနေဖြင့် ယခုကဲ့သို့ အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံ၏ရည်မှန်းချက်များ ပြည့်မီရန် ကြိုးပမ်းနေချိန်တွင် မိမိတို့နိုင်ငံ၏စီးပွားရေးအသိုက်အဝန်းကိုလည်း မြှင့်တင်နိုင်ရန် အကောင်းဆုံး ကြိုးပမ်းလျက်ရှိကြောင်း အသိပေးလိုပါသည်။ မိမိတို့၏စည်းလုံးညီညွတ်သောကြိုးပမ်းမှုများဖြင့် အာဆီယံအသိုက်အဝန်းအတွင်း မိမိတို့နိုင်ငံ၏စီးပွားရေးကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါသည်။

လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား

မိမိတို့နိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ယခုနှစ်အစပိုင်းမှ စတင်ကာ ထမ်းဆောင်လျက်ရှိပါသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတို့ကို ဇန်နဝါရီလနှင့် မေလတို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ကဏ္ဍအသီးသီး၌ ဝန်ကြီးအဆင့်အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို တစ်နှစ်တာပတ်လုံး လက်ခံကျင်းပလျက်ရှိပါသည်။ မိမိတို့အနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုကို အလေးထားကာအာဆီယံအသိုက်အဝန်းဆိုင်ရာ ဦးတည်ချက်များနှင့် အမျိုးသားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အပြည့်အဝအကောင်အထည်ပေါ်စေမည့် ဦးစားပေးလုပ်ငန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာတွင် မိမိတို့အနေဖြင့် ဒေသဆိုင်ရာငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကောင်းကျိုးချမ်းသာကိုဖော်ဆောင်မည့် အမျိုးသားရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ခြင်းနှင့် တာဝန်ကျေပွန်သော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီးကို ဦးဆောင်ဦးရွက်ပြုခြင်းဖြင့် အမျိုးသားရေးဂုဏ်သိက္ခာဖော်ဆောင်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသောအာဆီယံအသိုက်အဝန်းတည်ထောင်ရာတွင် မိဘပြည်သူများ၏ စွမ်းဆောင်ရည်ပြည့်ဝသော အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်းအတွက် အထူးဂုဏ်ယူပါကြောင်း ဖော်ပြလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

တရားရုံးများသည် အမှားအမှန်ကိုခွဲခြားဝေဖန်ပြီး တရားမျှတမှုနှင့် သင့်မြတ်မှုကိုပေးနိုင်မှ တရားရုံးများ၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စု တရားသူကြီးချုပ်က တရားစီရင်ရေးဟူသည် အမှားအမှန်ကို ခွဲခြားဝေဖန်၍ မှန်ကန်မျှတမှုကိုဖြစ်စေပါကြောင်း၊ အမှန်ကိုဖော်ထုတ်၍ တရားစီရင်ရာတွင် မျှတရန်လိုအပ်သကဲ့သို့ ဥပဒေနှင့်ညီညွတ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် တရားသူကြီးများသည် အဂတိတရားကင်းစင်စွာဖြင့် အမှုအခင်းများတွင် မှန်ကန်မျှတသော တရားများကို အမှန်တရားဘက်မှရပ်တည်၍ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိပြဋ္ဌာန်းဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြရန် လိုအပ်ပါကြောင်း။

တရားစီရင်ရေးအာဏာသည် အများအကျိုးနှင့် အမှန်ကိုဖြစ်စေရန် ပြည်သူက ယုံကြည်အပ်နှံထားသည့် အာဏာဖြစ်သည်ကို မပြတ်သတိချပ်ရမည်ဖြစ်ပါကြောင်း၊ တရားရုံးများသည် အမှားအမှန်ကိုခွဲခြားဝေဖန်ပြီး တရားမျှတမှုနှင့်သင့်မြတ်မှုကိုပေးနိုင်မှ တရားရုံးများ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူကိုအကျိုးပြုသည့် ပြည်သူက ယုံကြည်အားကိုးသည့် တရားစီရင်ရေးစနစ်ကြီး ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ အမှုများစစ်ဆေးခဲ့ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြစ်မှုဆိုင်ရာအမှုပေါင်း ၈၈၆ မှု လက်ခံရရှိပြီး ၅၉၄ မှု စစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၂၉၂ မှု ကျန်ရှိပါကြောင်း၊ တရားမအမှုပေါင်း ၁၆၉၄ မှု လက်ခံရရှိပြီး ၉၄၉ မှု စစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၇၄၅ မှု ကျန်ရှိပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် ပြစ်မှုဆိုင်ရာအမှုပေါင်း ၅၇၉၀ လက်ခံရရှိပြီး ၃၀၄၆ မှု စစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၂၇၄၄ မှု ကျန်ရှိပါကြောင်း၊ တရားမအမှုပေါင်း ၃၇၆၇ မှု လက်ခံရရှိပြီး ၁၆၈၄ မှု စစ်ဆေးပြီးပြတ်၍စစ်ဆေးဆဲ ၂၀၈၃ မှု ကျန်ရှိပါကြောင်း၊ ခရိုင်တရားရုံးများတွင် ပြစ်မှုဆိုင်ရာအမှုပေါင်း ၁၀၄၀၇ မှု လက်ခံရရှိပြီး ၆၅၁၄ မှု စစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၃၈၉၃ မှု ကျန်ရှိပါကြောင်း၊ တရားမအမှုပေါင်း ၁၄၂၈၅ မှု လက်ခံရရှိပြီး ၅၂၅၁ မှု စစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၉၀၃၄ မှု ကျန်ရှိပါကြောင်း၊ မြို့နယ်တရားရုံးများတွင် ပြစ်မှုဆိုင်ရာအမှုပေါင်း ၂၇၇၆၇၈ မှုလက်ခံရရှိပြီး ၂၄၃၇၀၉ မှုစစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၃၃၉၆၉ မှု ကျန်ရှိပါကြောင်း၊ တရားမအမှုပေါင်း ၂၈၃၃၈ မှု လက်ခံရရှိပြီး ၁၀၇၅၇ မှု စစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၁၇၅၈၁ မှု ကျန်ရှိပါကြောင်း၊ ကလေးသူငယ်တရားရုံးများတွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၂၂၀ လက်ခံရရှိပြီး ၂၀၂ မှု စစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၁၈ မှု ကျန်ရှိပါကြောင်း၊ စည်ပင်သာယာတရားရုံးများတွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၄၁၅၁၆ မှု လက်ခံရရှိပြီး ၄၀၅၃၉ မှု စစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၉၇၇ မှု ကျန်ရှိကြောင်း၊ မော်တော်ယာဉ်တရားရုံးများတွင် မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၇၈၂၇၇ မှုကို စစ်ဆေးစီရင်ခဲ့ပါကြောင်း။

အထက်တရားရုံးအဆင့်ဆင့်က ပြင်ဆင်တည့်မတ်ပေးခဲ့ရသည့် အမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့်တရားမ အမှုပေါင်း ၁၁၅၈ မှုအနက် ၁၈၆ မှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်တည့်မတ်ပေးခဲ့ရပါကြောင်း၊ ထို့အတူ ခရိုင်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့်တရားမအမှုပေါင်း ၄၁၇၆ မှုအနက် ၉၄၄ မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များက ပြင်ဆင်တည့်မတ်ပေးခဲ့ရပြီး မြို့နယ်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့် တရားမ အမှုပေါင်း ၅၄၃၅ မှုအနက် ၁၅၉၀ မှုကို ခရိုင်တရားရုံးများက ပြင်ဆင်တည့်မတ်ပေးခဲ့ရပါကြောင်း၊ ထို့အပြင် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသူများသည် အဂတိတရားကင်းရှင်းရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းလိုက်နာရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ရန်၊ လုပ်ရည်ကိုင်ရည်ဆိုင်ရာ အရည်အသွေးမြင့်မားရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားရေးဦးစီးမှူးများ တက်ရောက်ကြသည်။ ယင်းအစည်းအဝေးကို ဩဂုတ် ၇ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

လစ်ဗျားတွင် တိုက်ပွဲများပြင်းထန်နေ၍ တရုတ်အလုပ်သမား ၉၀၀ နီးပါး ပြန်လည်ခေါ်ယူ

ထရီပိုလီ ဩဂုတ် ၇

လစ်ဗျားနိုင်ငံ၌ တိုက်ပွဲများဖြစ်ပွားနေ၍ တရုတ်အစိုးရက ၎င်းတို့၏အလုပ်သမား ၉၀၀ နီးပါးကို လစ်ဗျားနိုင်ငံမှ ပြန်လည်ခေါ်ယူလိုက်ကြောင်း တရုတ်တာဝန်ရှိသူတစ်ဦးက ဘီဘီစီသို့ ပြောကြားသည်။

တရုတ်နိုင်ငံသားများ လစ်ဗျားနိုင်ငံမှ ယခုနောက်ဆုံး ထွက်ခွာမှုသည် အများဆုံးဖြစ်ကြောင်း၊ အမေရိကန်၊ ဗြိတိသျှ၊ ဖိလစ်ပိုင်နှင့် ပါကစ္စတန် နိုင်ငံသားများလည်း လစ်ဗျားမှ ထွက်ခွာနေကြကြောင်း ၎င်းတာဝန်ရှိသူက ပြောသည်။

လစ်ဗျားနိုင်ငံသည် ဗိုလ်မှူးကြီးကဒါဖီကိုဖြုတ်ချလိုက်ပြီးနောက် စစ်သွေးကြွများက အကြမ်းဖက်မှုများ ဆက်တိုက်ပြုလုပ်နေမှုကြောင့် အခြေအနေမှာ ပိုမိုဆိုးရွားလျက်ရှိသည်။ အဆိုပါ အကြမ်းဖက်မှုများအတွင်း ရာပေါင်းများစွာသော ပြည်သူများ သေဆုံးခဲ့ရသည်။ လွန်ခဲ့သည့်လက ပြိုင်ဘက် ပြည်သူ့စစ်များအကြား တိုက်ပွဲများပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုများသည် လစ်ဗျားမြို့တော် ထရီပိုလီနှင့် အရှေ့ပိုင်းမြို့တော် ဘင်ဂါဇီမြို့များအထိ ပြင်းထန်စွာ ဖြစ်ပွားလာသည်။

တရုတ် အလုပ်သမားများ လစ်ဗျားမှ ရွှေ့ပြောင်းခေါ်ယူမှုသည် ပထမဆုံးအကြိမ် မဟုတ်ကြောင်း သတင်းထောက်များက ပြောသည်။ တရုတ်အစိုးရက ၎င်းနိုင်ငံသား ၃၅၈၆၀ လစ်ဗျားမှ ပြောင်းရွှေ့ခဲ့ပြီး ဖြစ်သည်။

လွန်ခဲ့သောသီတင်းပတ်က တရုတ်နိုင်ငံသား ၈၀ လစ်ဗျားမှ ရွှေ့ပြောင်းပေးမှုကို ကူညီခဲ့သည့်အတွက် တရုတ်အစိုးရက ဂရိနိုင်ငံကို ကျေးဇူးတင်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။ **(ဘီဘီစီ)**

လိုက်ဘေးရီးယားတွင် ကြောက်မက်ဖွယ်ရာ အီဘိုလာရောဂါဖြစ်ပွား သမ္မတက ရက် ၉၀ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာ

ဂျီနီဗာ ဩဂုတ် ၇

လိုက်ဘေးရီးယား သမ္မတ အယ်လ်လင် ဂျွန်ဆင်ဆာလိဖ်က ကြောက်မက်ဖွယ်ရာ အီဘိုလာရောဂါ ဖြစ်ပွားနေ၍ နိုင်ငံအရေးပေါ် အခြေအနေတစ်ရပ် ကြေညာလိုက်သည်။

ပြည်သူများ၏ လွတ်လပ်စွာ သွားလာမှုအချို့ကို ရပ်ဆိုင်းသွားရဖွယ်ရှိကြောင်း ၎င်းကရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားလိုက်သည်။

အီဘိုလာရောဂါဗိုင်းရပ်စ်သည် ဂီနီ၊ ဆီယာရာလီယွန်နှင့်နိုင်ဂျီးရီးယား နိုင်ငံတို့၌ ဖြစ်ပွားမှုကြောင့် လူပေါင်း ၉၃၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။

အဆိုပါ ရောဂါဖြစ်ပွားမှုအပေါ် တုံ့ပြန်ရန် ဆွေးနွေးပွဲတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကျွမ်းကျင်ပညာရှင်များ တွေ့ဆုံဆွေးနွေးနေကြပြီဖြစ်သည်။ နှစ်ရက်ကြာ ပြုလုပ်သည့် အဆိုပါအစည်းအဝေးတွင် အီဘိုလာရောဂါနှင့် ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အရေးပေါ်အခြေအနေ ကြေညာသင့်၊ မကြေညာသင့်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမှတ်ကြလိမ့်မည်ဖြစ်သည်။

အဆိုပါ ရောဂါကြောင့် အနောက်အာဖရိက၌ ယခုအထိ သေဆုံးသူ ၉၃၂ ဦးအထိရှိကြောင်း ဗုဒ္ဓဟူးနေ့က WHO ကြေညာချက်တွင် ဖော်ပြသည်။ လိုက်ဘေးရီးယားတွင် အခြေအနေဆိုးရွားနေပြီး နောက်ဆုံး သေဆုံးမှုအနည်းဆုံး ၂၈၂ ဦးရှိသည်ဟု ဆိုသည်။ ယင်းနိုင်ငံ၌ ရက် ၉၀ အရေးပေါ် အခြေအနေ ကြေညာလိုက်သည်။ အစိုးရနှင့် ပြည်သူများအနေဖြင့် အီဘိုလာရောဂါမှ ကင်းဝေးအောင် အထူးအစီအမံများ ပြုလုပ်သွားရန် လိုအပ်ကြောင်း သမ္မတ ဆာလိဖ်၏ ကြေညာချက်တွင် ဖော်ပြသည်။ ဆင်းရဲနွမ်းပါးမှုနှင့် အသိဉာဏ်နည်းပါးမှုများကြောင့် ရောဂါပျံ့နှံ့မှုကို ပိုမိုဖြစ်ပွားစေကြောင်း ၎င်းက ပြောသည်။ **(ဘီဘီစီ)**

မိုလ်ဆူးလေကြောင်းတိုက်ခိုက်မှု ၆၀ ထက်မနည်း သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၇

အီရတ်မြောက်ပိုင်း မြို့တော် မိုလ်ဆူးမြို့ ဆွန်နီစစ်သွေးကြွများ ထိန်းချုပ်မှုအောက်ရှိ အဆောက်အအုံတစ်လုံးကို အီရတ်တို့က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ၆၀ ထက်မနည်း သေဆုံးခဲ့ကြောင်း အရာရှိများက ပြောခဲ့သည်။ အဆိုပါမြို့ကို ပြီးခဲ့သည့် ဇွန်လက ဂျီဟတ်အုပ်စုများက သိမ်းပိုက်ခဲ့သည်။ ဆေးဘက်ဆိုင်ရာသီတင်းများအရ အစ္စလာမ္မစ်လက်အောက် အကျဉ်းထောင်တစ်ခုကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သို့သော် ဝန်ကြီးချုပ်၏ပြောရေးဆိုခွင့်ရှိသူက ဂျီဟတ်တို့ ဖွဲ့စည်းထားသည့် အစ္စလာမ္မစ်တရားရုံးကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

အလားတူ ဘဂ္ဂဒက်မြို့ ရှီးယိုက်ခရိုင် လူစည်ကားရာဈေးအတွင်း၌ အဆက်မပြတ်ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ၄၇ ဦးထက်မနည်း သေဆုံးခဲ့သည်။ ဗုဒ္ဓဟူးနေ့ညက ဆာဒါမြို့၌ ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ၃၀ ထက်မနည်းနှင့် ယူအာမြို့တိုက်ခိုက်မှု၌ ရှစ်ဦးထက်မနည်း သေဆုံးခဲ့သည်။ ၎င်းတိုက်ခိုက်မှုများသည် ဘဂ္ဂဒက်အရှေ့ပိုင်းနှင့် တောင်ပိုင်းခရိုင်တို့၌ အများဆုံးဖြစ်ပွားလျက်ရှိသည်။

ဂျီဟတ်တို့က အီရတ်မြောက်ပိုင်းဒေသ အများအပြားကို သိမ်းပိုက်ပြီး ဘဂ္ဂဒက်မြို့ကို တိုက်ခိုက်ရန်ခြိမ်းခြောက်မှုများ ပြုလုပ်ပြီးကတည်းက ယခုရက်သတ္တပတ်များအတွင်း မြို့တော်၌ အခြေအနေ ပိုမိုတင်းမာလာခဲ့ကြောင်း ဘီဘီစီသတင်းထောက်က ပြောခဲ့သည်။

(ဘီဘီစီ)

ဆော်ဒီအာရေဗျ၌ အီဘိုလာ သံသယရှိသူသေဆုံး

ဆော်ဒီအာရေဗျ ဩဂုတ် ၇

ဆော်ဒီအာရေဗျ နိုင်ငံသားတစ်ဦး အီဘိုလာနှင့်ဆင်တူသော ရောဂါလက္ခဏာများဖြင့် ဆေးရုံတစ်ခု၌ ဆေးကုသမှုခံယူနေစဉ်သေဆုံးခဲ့ကြောင်း၊ ၎င်းသာအမှန်ဖြစ်ခဲ့လျှင် ယခုနှစ်အတွင်း လူပေါင်း ၉၀၀ ကျော် သေဆုံးမှုဖြစ်ပွားခဲ့သော အီဘိုလာနှင့်ဆက်နွယ်သော သေဆုံးမှုသည် အာဖရိကအပြင်ဘက်မှ ပထမဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါသေဆုံးသူသည် မကြာသေးမီက ရောဂါဖြစ်ပွားလျက်ရှိသည့် လေးနိုင်ငံအနက် တစ်နိုင်ငံဖြစ်သည့် ဆီယာရာလီယွန်သို့ အလည်သွားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များသည် ဂျီနီဗာ၌ ၎င်းရောဂါကို ထိန်းချုပ်နိုင်ရေးအစီအမံများ ပြုလုပ်ရန်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ဘီဘီစီ)**

အပစ်ရပ်ရန်အစ္စရေးကမ်းလှမ်းမှုအပေါ် ဟားမားစ်မလှုပ်

တဲလ်အဗစ် ဩဂုတ် ၇

အစ္စရေးက တစ်လနီးပါးကြာတိုက်ပွဲဖြစ်ပွားပြီး အင်္ဂါနေ့မှစတင်ကာ ဂါဇာ၌ သုံးရက်ကြာ အပစ်အခတ်ရပ်စဲမှု တိုးချဲ့ရန် ကမ်းလှမ်းလိုက်ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောသည်။

သို့သော်လည်း ဂါဇာကိုထိန်းချုပ်ထားသော စစ်သွေးကြွဟားမားစ်လှုပ်ရှားမှုအဖွဲ့က ယခုအထိ သဘောတူညီချက်မရသေးဟုဆိုသည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ တိုက်ရိုက်ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

နှစ်ဖက်ခေါင်းဆောင်များအနေဖြင့် အပစ်အခတ်ရပ်စဲရေးကို ပိုမိုပြုလုပ်သွားရန်လိုအပ်ကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက ပြောကြားလိုက်သည်။ အကြမ်းဖက်ကာလအတွင်း နှစ်ဖက်ယုံကြည်မှု ပျက်ပြားခဲ့ခြင်းကိုလည်း ယုံကြည်မှုပြန်လည်တည်ဆောက်သွားရန်လိုကြောင်းဖြင့်လည်း ၎င်းကပြောကြားလိုက်သည်။ အစ္စရေးတို့၏အဆိုပါ ကမ်းလှမ်းချက်သည် ၇၂ နာရီကြာ အပစ်အခတ်ရပ်စဲပြီးနောက် ပေါ်လာခြင်းဖြစ်သည်။ အဆိုပါစစ်ပွဲအတွင်း ပါလက်စတိုင်း ၁၈၀၀ ကျော်နှင့် အစ္စရေး ၆၇ ဦးသေဆုံးခဲ့ပြီဖြစ်သည်။

(ဘီဘီစီ)

စစ်သွေးကြွများ ကင်မရွန်းမြောက်ပိုင်းရှိကျေးရွာကို တိုက်ခိုက်ပြီး ရွာသူကြီးသားကို ပြန်ပေးဆွဲ

ကင်မရွန်း ဩဂုတ် ၇

နိုင်ဂျီးရီးယား အစ္စလာမ္မစ်အဖွဲ့ ဘိုကိုဟာရမ်နှင့် ဆက်နွယ်သော စစ်သွေးကြွများက ကင်မရွန်းမြောက်ပိုင်း ထိန်းချုပ်ကျေးရွာတစ်ရွာကို စီးနင်းတိုက်ခိုက်ခဲ့ရာ လူ ၁၀ ဦး သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ကင်မရွန်း ဇီဂါဂူးအရပ်၌ လက်နက်ကိုင်စစ်သွေးကြွများနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့ရာ ဘတ်စ်ကားခရီးသည် ကိုးဦးနှင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ကြောင်း ၎င်းရဲတပ်ဖွဲ့ကထပ်လောင်း ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း ရွာသူကြီး၏သားကို စစ်သွေးကြွများက ပြန်ပေးဆွဲသွားခဲ့သည်ဟု ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြသည်။ နိုင်ဂျီးရီးယား မြောက်ပိုင်း အခြေစိုက်သော ဘိုကိုဟာရမ် အဖွဲ့သည် မကြာသေးမီ သီတင်းပတ်များက ကင်မရွန်းနိုင်ငံအတွင်း နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများ ပြုလုပ်လာသည်။

အဆိုပါ ကျူးကျော်တိုက်ခိုက်မှုများကို ဟန့်တားရန်အတွက် ကင်မရွန်းအစိုးရက နိုင်ဂျီးရီးယား နယ်စပ်တစ်လျှောက် တပ်ဖွဲ့ဝင် ၁၀၀၀ကျော် ဖြန့်ကြက်ချထားပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စစ်သွေးကြွများနှင့် ကင်မရွန်း တပ်ဖွဲ့ဝင်များ ထိပ်တိုက်ရင်ဆိုင် ဆုံတွေ့ပြီးနောက် အဆိုပါ ကျေးရွာသားများ အသတ်ခံလိုက်ရကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။ **(ဘီဘီစီ)**

ဘူးသီးတောင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၇

ဇူလိုင် ၉ ရက်တွင် အမှတ်(၄၇) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်ဆိပ်ကမ်းတွင် စစ်တွေမှ ဘူးသီးတောင်သို့ ထွက်ခွာလာသည့် ဧညဝတီ(၃) ပြည်တွင်းရေကြောင်း သင်္ဘောဖြင့် သယ်ဆောင်လာသော လူသုံးကုန်ပစ္စည်း အထုပ်ကိုးထုပ်နှင့် ရောနှောသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက် စုံစမ်းဖော်ထုတ်ရာ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားပါ ကုန်ပစ္စည်းအထုပ်များကို ဇူလိုင် ၇ ရက်က စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက် ပြည်တွင်းရေကြောင်း သင်္ဘောဆိပ်ကုန်လက်ခံဌာနသို့ ဆိုက်ကားနင်းသူ သန်းရွှေဆိုသူက လာရောက်အပ်နှံသော ပစ္စည်းများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဇူလိုင် ၉ ရက်က သန်းရွှေကို စစ်တွေမြို့ ပြည်တော်သာရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည်။

သန်းရွှေ၏ အစစ်ခံထွက်ဆိုချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများကို စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက် မင်းဘာကြီးလမ်းနေ အောင်မင်းစိန်ဆိုသူမှ ငွေကျပ် ငါးသောင်းပေး၍ ပြည်တွင်းရေကြောင်း သင်္ဘောဆိပ်ကုန်လက်ခံဌာနတွင် အပ်နှံခိုင်းခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၇ ရက်တွင် သန်းရွှေက ပြည်တွင်းရေကြောင်း သင်္ဘောဆိပ်ရှိ လက်ဖက်ရည်ဆိုင်၌ စောင့်ဆိုင်းနေစဉ် အဆိုပါပစ္စည်းများကို အောင်မင်းစိန်၏ စေခိုင်းချက်အရ စံဝင်းဆိုသူက လာရောက်ပို့ဆောင်သဖြင့် ကုန်လက်ခံဌာနတွင် အပ်နှံခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ် သိရှိရသည်။

တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များသည် နယ်မြေအလိုက် ချိတ်ဆက်သတင်းဖလှယ် ဆောင်ရွက်ခဲ့ရာ အောင်မင်းစိန်ဆိုသူအား ဇူလိုင် ၉ ရက်တွင် အမ်း(ပဲပဒို) စစ်ဆေးရေးဂိတ်၌ စစ်တွေမှ ရန်ကုန်ဘက်သို့ ၎င်း၏ကိုယ်ပိုင်ယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်စဉ် ဖမ်းဆီးရမိခဲ့သည်။

အောင်မင်းစိန်အား ဆက်လက် ဖော်ထုတ် စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပန်ညု ကျေးရွာနေ ဦးမောင်စိုင်းဆိုသူနှင့် ပဲခူးမြို့တွင် တွေ့ဆုံရင်းနှီးခဲ့ပြီး ၎င်း၏ဆက်သွယ်ပေးမှုဖြင့် ဦးမောင်စိုင်း၏ဇနီး မအေးသိန်းနှင့် တစ်ရွာတည်းနေ နန်းအေးဖောင်ဆိုသူတို့မှ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နေ နိုင်နိုင်ဆိုသူထံ ပေးပို့ခဲ့ကြောင်း၊ နိုင်နိုင်မှ ပေါက်တောမြို့နေ မချေဆိုသူအား စေခိုင်း၍ အောင်မင်းစိန်ထံ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည့်အပြင် နန်းအေးဖောင်နှင့် မအေးသိန်းတို့နှစ်ဦးသည် စိတ်ကြွရူးသွပ်ဆေးပြားဖိုး ငွေစာရင်းရှင်းရန် ဇူလိုင် ၇ ရက်တွင် စစ်တွေမြို့ရှိ အောင်မင်းစိန်၏ နေအိမ်သို့ ရောက်ရှိတည်းခိုခဲ့ကြောင်း သိရှိရသဖြင့် ဇူလိုင် ၁၂ ရက်တွင် အောင်မင်းစိန်၏ နေအိမ်ကို ရှာဖွေရာ ၎င်း၏သမီးဖြစ်သူ မထူးမြတ်အေးကိုင်ဆောင်သော လက်ကိုင်ဖုန်းအတွင်း နန်းအေးဖောင်နှင့် မအေးသိန်းတို့နှစ်ဦးက အောင်မင်းစိန်တို့ မိသားစုနှင့်အတူ ရိုက်ကူးထားသော မှတ်တမ်းဓာတ်ပုံများကို ဖော်ထုတ်တွေ့ရှိရပြီး မြန်မာ့လေကြောင်းဖြင့် ဇူလိုင် ၉ ရက်တွင် ရန်ကုန်သို့ ထွက်ခွာသွားကြောင်း သိရှိရသည်။

တားဆီးနှိမ်နင်းရေး အဖွဲ့များ အနေဖြင့် ကွင်းဆက်တရားခံများဖြစ်သည့် ရန်ကုန်မြို့နေ နိုင်နိုင်ဆိုသူ၏ နေအိမ်ကို ဇူလိုင် ၁၅ ရက်တွင် လည်းကောင်း၊ သီပေါမြို့နယ် ပန်ညု ကျေးရွာနေ ဦးမောင်စိုင်း၊ မအေးသိန်းနှင့် နန်းအေးဖောင်တို့၏ နေအိမ်များကို ဇူလိုင် ၂၂ ရက်တွင် လည်းကောင်း စီးနင်းရှာဖွေခဲ့ရာ ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိခဲ့ခြင်းမရှိဘဲ နေအိမ်အသီးသီးမှ တိမ်းရှောင်သွားကြကြောင်း သိရှိရသည်။

ဆက်လက်ပြီး ဖမ်းဆီးရမိ တရားခံများ၏ ဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ် ဆေးပြားများကို မောင်တောမြို့နေ ဟာရုံဆိုသူထံသို့ ပေးပို့ရန်ဖြစ်ကြောင်း၊ မောင်တောမြို့သို့ ပို့ဆောင်ရာတွင် ပြည်တွင်းရေကြောင်းသင်္ဘောဖြင့် တင်ဆောင်ပြီး စစ်တွေမှ ဘူးသီးတောင်သို့ ရေလမ်းခရီးဖြင့်လည်းကောင်း၊ ဘူးသီးတောင်မှ မောင်တောသို့ မော်တော်ယာဉ်ဖြင့်လည်းကောင်း ပို့ဆောင်မည်ဖြစ်ပြီး မောင်တောသို့ ရောက်ရှိက မနန်းညိုဆိုသူမှ လက်ခံကာ ကျော်မြင့်ဆိုသူမှတစ်ဆင့် ဟာရုံဆိုသူထံ ဆက်လက်ပေးပို့မည် ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

တားဆီးနှိမ်နင်းရေး အဖွဲ့များသည် နယ်မြေအလိုက် ပူးပေါင်းဆောင်ရွက်ချက်အရ ကွင်းဆက်တရားခံ ဟာရုံဆိုသူအား ဇူလိုင် ၁၇ ရက်တွင် မော်တောမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။ ဟာရုံအား ဆက်လက်ဖော်ထုတ် စစ်ဆေးရာ စိတ်ကြွရူးသွပ် ဆေးပြားများကို တစ်မြို့တည်းနေ ကာဆိမ်းဆိုသူထံ ပေးပို့ရမည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဇူလိုင် ၃၁ ရက်တွင် မောင်တောမြို့ မြို့မတောင်ရပ်ကွက်နေ ကာဆိမ်းအား ဖမ်းဆီးရမိခဲ့သည်။

စိတ်ကြွရူးသွပ် ဆေးပြားများကို ဖမ်းဆီးရမိမှုဖြစ်စဉ်နှင့် ပတ်သက်ဆက်စပ်နေသည့် သန်းရွှေ(ခ) အဘူစတာ (၅၂ နှစ်)၊ အောင်မင်းစိန် (၅၀ နှစ်)၊ ဟာရုံ (၅၂ နှစ်)၊ ကာဆိမ်း(၄၇ နှစ်)နှင့် ထွက်ပြေးတရားခံများဖြစ်သော စံဝင်း၊ ဦးမောင်စိုင်း(ခ)ဦးမောင်ခိုင် (၅၅ နှစ်) အေးသိန်း (၅၄ နှစ်)၊ နန်းအေးဖောင် (၃၇ နှစ်)၊ နိုင်နိုင်(ခ)ထွန်းနိုင်စော (၃၇ နှစ်) မချေ(ခ)လှဝင်းကြည် (၄၁ နှစ်)၊ နန်းညို (၄၅ နှစ်)၊ ကျော်မြင့် (၅၃ နှစ်) စုစုပေါင်း ၁၂ ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဆက်စပ်နယ်မြေအလိုက် ပူးပေါင်း ဆောင်ရွက်ခဲ့သဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မောင်တောဒေသသို့ သုံးကြိမ်မြောက် မူးယစ်ဆေးဝါး သယ်ဆောင်သည့်အုပ်စုအား ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများအနေဖြင့် ပိုင်ရှင်ကိုယ်တိုင်လိုက်ပါလာခြင်းမရှိသည့် ကုန်ပစ္စည်းများ လက်ခံသယ်ယူပို့ဆောင်ရာတွင် သတိတရားနှင့်ဆင်ခြင်၍ ဆောင်ရွက်သင့်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းပိုင်ရှင် အောင်မင်းစိန်။

မူးယစ်အကြမ်းဖက် အကျင့်ပျက် အမှန်တရားဖြင့် တိုက်ဖျက်

" Think health not drugs"
"ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးကို ရှောင်ကြစို့"

တရားမဝင်စိတ်ကြွရူးသွပ်ဆေးပြားများ တောင်ငူမြို့တွင် ဖမ်းဆီးရမိ

တောင်ငူ ဩဂုတ် ၇

တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က စဉ်ဆက်မပြတ်ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က တောင်ငူမြို့ အမှတ်(၇)ရပ်ကွက်တွင် တရားမဝင် စိတ်ကြွရူးသွပ်ဆေးပြားများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တောင်ငူမြို့ပေါ်တွင် တရားမဝင် မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ တောင်ငူမူးယစ်လုပ်ရှားအဖွဲ့မှ ဒုရဲအုပ် အောင်ဇေမျိုးဦးနှင့်အဖွဲ့၊ တောင်ငူခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ် စိုးညွန့်နိုင်ဦးစီးတပ်ဖွဲ့ဝင်များ၊ တောင်ငူမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝင်းကိုကိုဦးစီးတပ်ဖွဲ့ဝင်များသည်သက်သေများနှင့်အတူ တောင်ငူမြို့ ခေမာလမ်းတွင် သတင်းအရစောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသည့် ဝင်းမင်းထွန်း(၃၆နှစ်) အမှတ်(၇) ရပ်ကွက် ဦးပန်းဖြူလမ်းနေသူကို မသင်္ကာ၍ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းဝတ်ဆင်လာသည့် ဂျင်းဘောင်းဘီရှည်၏ နောက်ဝဲဘက် အိတ်ကပ်အတွင်းရှိ Yofer တံဆိပ်ပါ အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၈၆ ပြား၊ အလေးချိန် ၃၉ ဂရမ်၊ အစိမ်းရောင် ဆေးပြားလေးပြား စုစုပေါင်း ၃၉၀ ပြား ကာလတန်ဖိုးငွေကျပ် ၁၉ သိန်း ငါးသောင်းတွေ့ရှိ ဖမ်းဆီးရမိခဲ့၍ တောင်ငူမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိပြီး စစ်ဆေးရာမှ အခြားခိုးမှုများနှင့် လုယက်မှုများ ထပ်မံပေါ်ပေါက်

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုုရုံး အကူတပ်ဖွဲ့ခွဲ အုပ်ချုပ်မှုတပ်ခွဲ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း (ပ)၃၃၅/၂၀၁၄ ပြစ်မှုပုဒ်မ-၃၉၂ အမှုမှ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ အငယ်ကောင်(ခ)ထွန်းထွန်း(၂၈နှစ်) ကို ဖမ်းဆီးရမိ စစ်ဆေးရာမှ အဆိုပါ အမှုကို သူရထွန်း(ခ)သန်းလင်းထွန်း၊ အမည်မသိ အမျိုးသားနှစ်ဦးနှင့်အတူ ပူးပေါင်းကျူးလွန်ခဲ့ကြောင်း၊ ၎င်းတစ်ဦးတည်းခိုးမှုသုံးမှုနှင့် ဘိန်းမုန့်(ခ)ကျော်သူရ (တောင်ဥက္ကလာပမြို့မရဲစခန်း၌ ခိုးမှုမသင်္ကာဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိသူ)နှင့်အတူ ခိုးမှုတစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည့်အပြင် ကျော်ကြီး(ခ)အောင်သူ၊ တရုတ်ကလေး(ခ)သူရအောင်၊ သူရထွန်း(ခ)သန်းလင်းထွန်း၊ ဖိုးတုတ်၊ အမည်မသိ အမျိုးသားနှစ်ဦးတို့နှင့်အတူ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း (ပ)၃၃၈/၂၀၁၄ ပြစ်မှုပုဒ်မ- ၄၅၆/ ၃၂၆/၃၂၅/၁၁၄ အမှုကို ကျူးလွန်ခဲ့ကြောင်း ထပ်မံဖော်ထုတ်ရရှိ၍ အမှုအသီးသီးဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး ကျန်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ကျော်ကြီး(ခ) အောင်သူရ၊ တရုတ်ကလေး(ခ) သူရအောင်တို့ကိုလည်း ဖမ်းဆီးရမိပြီးဖြစ်သည်။

၎င်းတို့အား အသေးစိတ်ထပ်မံစစ်ဆေးရာ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အောင်ဆုပန်ရပ်ကွက် အား/ကာဝန်ထမ်းအိမ်ရာအတွင်းရှိ နေအိမ်တစ်အိမ်အတွင်း ဝင်ရောက်ပြီးခိုးယူခဲ့မှု၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းသို့ ဝင်ရောက်ခိုးယူခဲ့မှု၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီး နတ်စင်ထိပ်မှတ်တိုင်အနီး၌ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ခြိမ်းခြောက်ကာ Felling-110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ခြိမ်းခြောက်ကာ ANBO အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီး လုယူခဲ့မှု၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၇)ရပ်ကွက် ဘုန်းကြီးကျောင်းကွေ့ရှိ ဆိုင်ကယ်ကယ်ရီဂိတ်မှ ဆိုင်ကယ်တစ်စီးကို ငှားစီးလာပြီး ကယ်ရီသမားအား တုတ်ဖြင့်ရိုက်ကာ JLM အမျိုးအစား နက်/ပြာရောင်ဆိုင်ကယ်ကို လုယူခဲ့မှု၊ ကျောက်တန်းမြို့ရှိ ဆိုင်ကယ်ကယ်ရီတစ်စီးကို ပီလခတ်ကျေးရွာဘက်သို့ ငှားစီးခဲ့ပြီး ပီလခတ်ဘုရားကျောင်းအနီးတွင် ဆိုင်ကယ်ကယ်ရီသမားကို ထိုးကြိတ်ပြီး Dream-110 အနက်ရောင်ဆိုင်ကယ် လုယူခဲ့မှုတို့ ပေါ်ပေါက်သဖြင့် ၎င်းတို့အား ထပ်မံအရေးယူ ဆောင်ရွက်ခဲ့ပါကြောင်းနှင့် အမှုအသီးသီးမှ သက်သေခံပစ္စည်းအချို့ကို သိမ်းဆည်းခဲ့ပြီး ကျန်ရှိသည့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောင်းပါး

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိသော သမဝါယမလုပ်ငန်းများ

ကျော်ကျော်လွင်(ဟိုတယ်/ခရီး)

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများအကြားတွင် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်းကို "မီးခိုးမထွက်သောလုပ်ငန်း" Smokeless Industry ဟု တင်စားခေါ်ဝေါ်ကြပြီး အခြားသော စီးပွားရေးလုပ်ငန်းများနှင့်မတူသော ဝိသေသလက္ခဏာတစ်ခုမှာ ခရီးသွားလုပ်ငန်းသည် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းမပြုဘဲနှင့် ၎င်းမှရရှိသောဝင်ငွေသည် နိုင်ငံရှိလူတန်းစားအသီးသီးထံသို့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖြန့်ခွဲစီးဆင်းသွားသည့်အတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို များစွာအထောက်အကူပြုသော လုပ်ငန်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍအခြေအနေကို ကြည့်မည်ဆိုပါလျှင် ယခုနိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူသည့် ၂၀၁၀ ခုနှစ်မှစ၍ နိုင်ငံခြားသားခရီးသည်ရောက်ရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာမြင့်မားလာသည်ကို တွေ့မြင်နိုင်သည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် စာရင်းများအရ မြန်မာနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည် အရေအတွက်မှာ ၂၀၁၀ ပြည့်နှစ်တွင် ၇၉၁၅၀၅ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၈၁၆၃၆၉ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၁၀၅၈၉၉၅ ဦးနှင့် ၂၀၁၃ ခုနှစ်တွင် ၂၀၄၄၀၃၇ ဦး လာရောက်ခဲ့ကြသည်။ ယခု ၂၀၁၄ ခုနှစ်တွင် နိုင်ငံခြားသားခရီးသည် သုံးသန်းရောက်ရှိနိုင်မည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။ ၂၀၁၀- ၂၀၁၃ ခုနှစ်များအတွင်း မြန်မာနိုင်ငံသို့အများဆုံးလာရောက်သည့် နိုင်ငံအလိုက် ခရီးသည်ရောက်ရှိမှု (ခရီးသွားလုပ်ငန်းဈေးကွက်)ကို လေ့လာကြည့်လျှင် အာရှနိုင်ငံများတွင် ထိုင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားနိုင်ငံတို့ဖြစ်ပြီး အနောက်ဥရောပနိုင်ငံများတွင် ပြင်သစ်၊ ယူကေ၊ ဂျာမနီ၊ အီတလီ၊ ဆွစ်ဇာလန်နှင့် စပိန်နိုင်ငံတို့က အများဆုံးလာရောက်ကြသည်ကို တွေ့ရပါသည်။ ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေမှာ ၂၀၁၀ ပြည့်နှစ်တွင် US$ ၂၅၄ သန်း ၊ ၂၀၁၁ ခုနှစ်တွင် US$ ၃၁၉ သန်း၊ ၂၀၁၂ ခုနှစ်တွင် US$ ၅၃၄ သန်းနှင့် ၂၀၁၃ ခုနှစ်တွင် US$ ၉၂၆ သန်းရရှိခဲ့သည်။ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည် ဝင်ရောက်မှုကြောင့် အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများ ဝင်ငွေရရှိမှုမှာ ၂၀၁၂ ခုနှစ်တွင် US$/ FEC ၁၉၂ ဒသမ ၈၈၃ သန်းနှင့် မြန်မာကျပ်ငွေ ၉၇၈၇၉ ဒသမ ၄၀ သန်း ရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် US$ / FEC ၂၃၇ ဒသမ ၂၂ သန်းနှင့် မြန်မာကျပ်ငွေ ၁၄၇၂၃၅ ဒသမ ၅၈၇ သန်းအထိ တိုးတက်ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖြစ်သည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ၊ ခရီးသွားလှည့်လည်ရေးလုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့်ဧည့်လမ်းညွှန်အရေအတွက်များမှာလည်း ခရီးသည်ရောက်ရှိမှု တိုးတက်လာသည်နှင့်အမျှ ပိုမိုတိုးတက်လာခဲ့သည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်အထိ လိုင်စင်ထုတ်ပေးထားသော စာရင်းများအရ တစ်နိုင်ငံလုံးရှိ လိုင်စင်ရ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ အလုံးပေါင်း ၉၇၁ လုံးနှင့် အခန်းပေါင်း ၃၇၀၂၄ ခန်း၊ လိုင်စင်ရ ခရီးလှည့်လည်ရေးကုမ္ပဏီ ၁၄၃၉ ခု၊ လိုင်စင်ရ ပို့ဆောင်ရေးလုပ်ငန်း ၁၆၉ ခုနှင့် လိုင်စင်ရ ဧည့်လမ်းညွှန် ၃၆၇၉ ဦးတို့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ယခုနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ခရီးသွားလုပ်ငန်းကို နိုင်ငံတော်၏အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ထည့်သွင်း၍ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်သူများ၊ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ မကြာသေးမီကာလက ကျင်းပခဲ့သော အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ၊ နိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းက **"ခရီးသွားလုပ်ငန်းသည် စီးပွားရေးအခွင့်အလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖြည့်ဆည်းပေးသောလုပ်ငန်း၊ ဒေသအသီးသီး၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုသော လုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်ကောင်းမွန်သော မောင်းနှင်အားတစ်ရပ်ဖြစ်ပြီး အလားအလာ အထူးကောင်းသောလုပ်ငန်းတစ်ခု"** ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယခုတင်ပြလိုသည့်အချက်မှာ နိုင်ငံတော်အစိုးရမှ ခရီးသွားလုပ်ငန်းကို နိုင်ငံ၏ ဦးစားပေးစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နေသည့်ကာလဖြစ်သည်နှင့်အညီ ခရီးသွားလုပ်ငန်းနှင့်တိုက်ရိုက်ဆက်နွှယ်မှုရှိသော အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်းများအပါအဝင် သမဝါယမဝန်ကြီးဌာနက အမျိုးသားခရီးသွားလုပ်ငန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရေးသားတင်ပြသွားမည်ဖြစ်သည်။

သမဝါယမဝန်ကြီးဌာနသည် မြန်မာနိုင်ငံအမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်၍ လုပ်ငန်း(၄)ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၎င်းလုပ်ငန်း (၄)ရပ်မှာ -(၁) Cash Memo အသုံးပြုခွင့်ရ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ (၂)သမဝါယမအသင်းများက ဆောင်ရွက်လျက်ရှိသော ဟိုတယ်၊ မိုတယ်များ၊ (၃)အမှတ်တရပစ္စည်းများအတွက် နည်းပညာပေးသင်တန်းများနှင့် (၄) Tourist Sites အဖြစ်ဆောင်ရွက်လျက်ရှိသော ပြတိုက်/ပြခန်းများဖြစ်ကြသည်။ ၎င်းလုပ်ငန်းများအပြင် အနာဂတ်တွင် သမဝါယမအသင်းများက ခရီးသွားလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း သိရသည်။ လုပ်ငန်း(၄)ရပ်ကို အောက်တွင်အသေးစိတ်ရှင်းလင်း တင်ပြသွားမည်ဖြစ်ပါသည်-

(၁)Cash Memo အသုံးပြုခွင့်ရအမှတ်တရပစ္စည်းအရောင်းဆိုင်များ

Cash Memo အကြောင်းကို ဦးစွာရှင်းလင်းတင်ပြလိုပါသည်။ Cash Memo သည် ပို့ကုန်ခွင့်ပြုချက် (Export Permit) နှင့် နိုင်ငံခြားသားများမှ မိမိနှင့်တစ်ပါတည်း သယ်ဆောင်နိုင်ရန်အတွက် ပြေစာတစ်စောင်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ထက်မပိုစေဘဲ ရှေးဟောင်းပစ္စည်းမဟုတ်ကြောင်း ထုတ်ဖော်ဝန်ခံကြေညာထားသည့် ဝန်ခံရောင်းကုန်ပြေစာစနစ်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များ အမှတ်တရပစ္စည်းဝယ်ယူရာတွင်လည်းကောင်း၊ အပြန်သယ်ယူသွားရာတွင်လည်းကောင်း၊ လွယ်ကူမှုရှိစေရန်နှင့် နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေရရှိရေးနှင့် ရှေးဟောင်းပစ္စည်းများကာကွယ်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ဆောင်ရွက်သည့်စနစ်ဖြစ်သည်။ Cash Memo စနစ်ဖြင့် ရောင်းရငွေ၏ တစ်ရာခိုင်နှုန်းကို State Income အဖြစ်သတ်မှတ်ပြီး သမဝါယမဦးစီးဌာနမှ နိုင်ငံတော်သို့ ပေးသွင်းကြောင်း သိရသည်။

သမဝါယမဦးစီးဌာနလက်အောက်တွင် Cash Memo အသုံးပြုခွင့်ရ အမှတ်တရပစ္စည်းအရောင်းဆိုင် စုစုပေါင်း ၃၆ ဆိုင်ရှိပြီး အသေးစိတ်အားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၄ ဆိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်ဆိုင်နှင့် ရှမ်းပြည်နယ်တွင် နှစ်ဆိုင်တို့ဖြစ်ကြသည်။ အမှတ်တရပစ္စည်းအရောင်းဆိုင်မှ ရောင်းချသည့်ပစ္စည်းများမှာ သစ်ဖြင့်ပြုလုပ်သော ပန်းပုပစ္စည်းများ၊ မြန်မာ့ရိုးရာယွန်းထည်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့အနုပညာလက်မှုပစ္စည်းများ၊ ကျောက်စိမ်းပန်းပုနှင့် ကြိမ်ထည်ပစ္စည်းများ၊ ကျောက်စီပန်းချီကားနှင့်ငွေထည်ပစ္စည်းများရောင်းချကြောင်း သိရသည်။ ဆက်လက်၍လည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရာဒေသများတွင် ဆိုင်အရေအတွက် ထပ်မံတိုးချဲ့တည်ထောင်သွားမည်ဖြစ်ပြီး ဆိုင်များ၏ အရည်အသွေးပိုင်းတွင် သန့်ရှင်းသပ်ရပ်သော အခင်းအကျင်း၊ အရည်အသွေးကောင်းသော ပစ္စည်းနှင့် ဝန်ဆောင်မှုအရည်အသွေးတို့ကို မြှင့်တင်သွားမည်ဖြစ်ကြောင်းကိုလည်း သိရသည်။ အဆိုပါ အမှတ်တရပစ္စည်းအရောင်းဆိုင်များအနက် ရန်ကုန်မြို့ရှိ ဆရာစံသမဝါယမစင်တာတွင် မြန်မာနိုင်ငံဒေသအသီးသီးမှ ထွက်ရှိသော အမှတ်တရပစ္စည်းမျိုးစုံ (ဥပမာ- ငွေထည်ပစ္စည်း၊ ယဉ်ကျေးမှုပစ္စည်း၊ အခြားလက်မှုပစ္စည်းစသည်)တို့ကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်မည့် One Stop Service ပုံစံမျိုးအဖြစ် ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အမှတ်တရပစ္စည်းများ အရောင်းဆိုင်များမှ နိုင်ငံတော်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၇၉၀ ရရှိပြီး လျာထားချက် အမေရိကန်ဒေါ်လာ ၂၀၀၀ ထက် ၁၃၅ ဒသမ ၉ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အမှတ်တရ ပစ္စည်းအရောင်းဆိုင်များသို့ လာရောက်လေ့လာဝယ်ယူကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ပန်းပုလက်ရာ (အသေး၊ အကြီး)များ၊ ပန်းချီကား (အသေး၊ အကြီး)များကို အထူးစိတ်ဝင်စားကြပြီး ပန်းပု၊ ပန်းချီကား(အကြီး)ကို နှစ်ခြိုက်သဘောကျဝယ်ယူလိုခြင်း၊ မြန်မာ့ရိုးရာလက်မှုအနုပညာများဖြင့် အလှဆင်ထားသော ဘောင်ဖြင့် ထည့်ထားသည့် ပန်းချီကား(အသေး)များကို နှစ်ခြိုက်သဘောကျ ဝယ်ယူလိုကြသော်လည်း သယ်ယူရမည့် အခက်အခဲများကြောင့် ပန်းချီကားများဆိုလျှင် ရေးဆွဲထားသော ပန်းချီကားချပ်များကို လိပ်၍ယူသွားကြကြောင်း၊ နိုင်ငံခြားသားများက ၎င်းတို့လိုချင်သည့်ပစ္စည်းကို ၎င်းတို့နိုင်ငံရောက်သည့်အချိန်တွင် အာမခံပေးစေလိုခြင်းနှင့်ပစ္စည်းကို မပျက်မစီးနှင့် လိုချင်သည့်နေရာရောက်အောင်စနစ်တကျထုပ်ပိုးပို့ဆောင်ပေးစေလိုခြင်းစသည့်အချက်များကို ဆောင်ရွက်ပေးစေလိုကြပါကြောင်းနှင့်အဆိုပါအချက်အများကို ပြေလည်စေရန် ဆောင်ရွက်ရာ၌ ပန်းပု၊ ပန်းချီ(အကြီး)များကို စနစ်တကျထုပ်ပိုး၍ ဧည့်သည်ပို့ပေးစေချင်သည့် နေရာကို မြန်မာနိုင်ငံမှ လေယာဉ်ဖြင့်ဖြစ်စေ၊ သင်္ဘောဖြင့်ဖြစ်စေပို့ပေးနိုင်သည့် စနစ် ဝန်ကြီးဌာနများမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိပါကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဧပြီ ၄ ရက်တွင် ပြုလုပ်သော အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးတွင် အကြံပြု တင်ပြဆွေးနွေးခဲ့သည်။

(၂) သမဝါယမအသင်းများက ဆောင်ရွက်လျက်ရှိသော ဟိုတယ်၊ မိုတယ်များ

သမဝါယမအသင်းများက ဆောင်ရွက်လျက်ရှိသော ဟိုတယ်၊ မိုတယ်များသည် နေပြည်တော်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်ရှိပြီး စုစုပေါင်း ခုနစ်လုံးနှင့် အခန်းပေါင်း ၃၂၃ ခန်းရှိကြောင်း သိရသည်။ အသေးစိတ်အနေဖြင့်-

(၁) သုခမြိုင်ဟိုတယ်၊ အခန်း ၅၄ ခန်း၊ ပျဉ်းမနားမြို့ (သမဝါယမမြို့နယ်အသင်းစုပိုင်)

(၂) စုမြတ်စံဟိုတယ်၊ အခန်း ၂၃ ခန်း၊ မြဝတီမြို့ (သမဝါယမမြို့နယ်အသင်းစုပိုင်)

(၃) မြစ်သာရွှေရည်ဟိုတယ်၊ အခန်း ၁၈ ခန်း၊ ကလေးမြို့ (မြစ်သာရွှေရည်စက်မှုကုန်ထုတ်အသင်းပိုင်)

(၄) ပတ္တမြားငမောက်ဟိုတယ်၊ အခန်း ၄၅ ခန်း၊ အောင်မြေသာစံမြို့နယ် (မန္တလေး) (သမဝါယမမိုးကုတ်မြို့နယ်အသင်းစုပိုင်)

(၅) ငြိမ်းချမ်းမြေဟိုတယ်၊ အခန်း ၂၆၊ ပြင်ဦးလွင်မြို့ (သမဝါယမအေးချမ်းသပြေ ထွေ/စီးပိုင်)

(၆) ပုဂံဟိုတယ်၊ အခန်း ၁၀၇ ခန်း၊ ညောင်ဦးမြို့(သမဝါယမမြို့နယ်အသင်းစုပိုင်)

(၇) မောရွှေလီဟိုတယ်၊ အခန်း ၅၀ ခန်း၊ လားရှိုးမြို့ (သမဝါယမမြို့နယ်အသင်းစုပိုင်) တို့ဖြစ်ကြသည်။

လက်ရှိအချိန်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ ပုဂံဟိုတယ်တစ်ခုသာ နိုင်ငံခြားသားဧည့်သည်တည်းခိုနိုင်သည့် အခြေအနေရှိသော်လည်း နောင်တွင် မန္တလေးမြို့ရှိ ပတ္တမြားငမောက်ဟိုတယ်ကိုလည်း နိုင်ငံခြားသားဧည့်သည်တည်းခိုနိုင်မည့်အနေအထားသို့ အဆင့်မြှင့်တင်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

(၃) အမှတ်တရပစ္စည်းများအတွက် နည်းပညာသင်တန်းများ

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အမှတ်တရပစ္စည်းထုတ်လုပ်ခြင်းနှင့် အခြားထုတ်လုပ်ရောင်းချသူများကိုလည်း နည်းပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ရှိ ယွန်းပညာကောလိပ်နှင့် အမရပူရမြို့ရှိ ဆောင်းဒါးရက်ကန်းကျောင်းအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် လေးခုနှင့်ပြည်နယ်ခုနစ်ခုရှိ ပုဂံ၊အမရပူရ၊ မိတ္ထီလာ၊မုံရွာ၊ရွှေတောင်၊ပခုက္ကူ၊ စစ်တွေ၊ မုဒုံ၊ တောင်ကြီး၊ ကျောက်မဲ၊ ဖလမ်း၊ မင်းတပ်၊မြစ်ကြီးနား၊ လွိုင်ကော်နှင့် ဘားအံမြို့တို့တွင် အထက်တန်းရက်ကန်းကျောင်းများ၊ အခြေခံရက်ကန်းကျောင်းများ ဖွင့်လှစ်၍ မြန်မာ့ရိုးရာ ပိုးထည်၊ချည်ထည်၊ ရွှေချည်ထိုး၊ ဝါး/သစ် လက်မှုထည်လုပ်ငန်းဆိုင်ရာ နည်းပညာများပို့ချသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ အနာဂတ်တွင် ဆောင်းဒါးရက်ကန်းကျောင်း "ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ" အဖြစ်လည်းကောင်း၊ အခြေခံ/အထက်တန်းရက်ကန်းကျောင်းများကို "ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း" အဖြစ်လည်းကောင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်ရှိကြောင်းလည်း သိရှိရသည်။

(၄) Tourist Sites အဖြစ် ဆောင်ရွက်လျက်ရှိသော ပြတိုက်/ပြခန်းများ

Tourist Sites အဖြစ် ပုဂံမြို့ ယွန်းပညာကောလိပ်တွင် ယွန်းပြတိုက်နှင့် ယွန်းလုပ်ငန်းစဉ်ခန်းမတွင် ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့်နှင့် ရွှေဇဝါယွန်းနှင့် သားရိုးပန်းကြွဒီဇိုင်းပြုလုပ်ပုံအဆင့်ဆင့်ကို နိုင်ငံခြားသားများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ပြသထားသည်။ ထို့အတူ အမရပူရမြို့ ဆောင်းဒါးရက်ကန်းကျောင်းတွင်လည်း မြန်မာ့ရိုးရာအဝတ်အထည်များ၊လက်မှုပစ္စည်းများ(ကနုကမာခြင်းတောင်းအမျိုးမျိုး)တို့ဖြင့် ခင်းကျင်းထားသည့် (Art Gallery)မြန်မာ့ရိုးရာနှင့် လက်မှုထည်ပစ္စည်းအရောင်းပြခန်းအပြင် သဘာဝဆိုးဆေးလက်ရက်ထည်များ ပြသထားသည့် (Demonstration Center) ကိုလည်း ဖွင့်လှစ်၍ နိုင်ငံခြားသားများလာရောက်လေ့လာကြည့်ရှုနိုင်သည့် Tourist Site များအဖြစ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံသည် နိုင်ငံရေး၊စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ကမ္ဘာ့နိုင်ငံများအလယ်တွင် စာမျက်နှာအသစ်ဖွင့်လှစ်နိုင်ခဲ့သည့် ယခုနိုင်ငံတော်အစိုးရလက်ထက်တွင် မြန်မာ့နိုင်ငံပြောင်းလဲမှုအရွေ့များကို နိုင်ငံတကာမှ အလေးထားစိတ်ဝင်စားလျက်ရှိသည်။ ထို့အတူ ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း မပျက်မယွင်းသော တောတောင်ရေမြေသဘာဝအလှများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အစဉ်အလာကြီးမားသော သမိုင်းကြောင်းများ၊ ဖော်ရွေပျူငှာလှသော မြန်မာတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့စရိုက်များနှင့်အတူ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရာ မြန်မာနိုင်ငံသည် နိုင်ငံခြားသား ခရီးသွားများအတွက် ကမ္ဘာ့နယ်မြေအသစ်တစ်ခုကို ရှာဖွေတွေ့ရှိကြသည့်အလားမှတ်ယူ၍ လာရောက်လေ့လာလည်ပတ်လိုကြသည်မှာ ယနေ့မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှု ကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။ ယခုကဲ့သို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ပိုင်ဆိုင်လျက်ရှိသော အချိန်ကာလတွင် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုရရှိအောင်ဆွဲဆောင်ရာတွင်လည်းကောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဈေးကွက်ယှဉ်ပြိုင်ရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံက ခိုင်မာသော ခရီးသွားလုပ်ငန်းဈေးကွက်တစ်ခုရရှိရန်မှာ "ပြိုင်တူတွန်းလျှင်ရွေ့နိုင်ပါသည်" ဟူသော ဆိုရိုးစကားနှင့် အညီ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုတို့ ဟန်ချက်ညီညီပူးပေါင်းပါဝင်၍ ဆောင်ရွက်ကြမည်ဆိုပါလျှင် ပိုမိုတိုးတက်အောင်မြင်မည်ဟု လက်ခံယုံကြည်မိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လာရောက်သော နိုင်ငံခြားသားခရီးသည်များ လုံခြုံစိတ်ချမှုရရှိရေးနှင့် ပြည့်စုံကောင်းမွန်သော ဝန်ဆောင်မှုအဆင့်အတန်း ရရှိရေးတို့အတွက် ကူညီပံ့ပိုးပေးလျက်ရှိကြသော ပြည်သူလူထု၊ အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအပါအဝင် သမဝါယမဝန်ကြီးဌာန၏ သမဝါယမလုပ်ငန်းများကို ရေးသားဂုဏ်ပြုအပ်ပါသည်။ ။

မြန်မာနိုင်ငံအနေဖြင့် ယခုနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ခရီးသွားလုပ်ငန်းကို နိုင်ငံတော်၏အဓိကစီးပွားရေးလုပ်ငန်းအဖြစ်ထည့်သွင်း၍ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်သူများ၊ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များ၊ နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေး တက်ရောက်မည့် ဧည့်သည်တော်များအား ကြိုဆိုညစာတည်ခင်း

နေပြည်တော် ဩဂုတ် ၇

(၄၇)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၁)၌ကျင်းပမည်ဖြစ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယင်းအစည်းအဝေးများသို့ တက်ရောက်မည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ယနေ့ညပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ ဂရမ်း အမရဟိုတယ်တွင် ကြိုဆိုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(အပေါ်ယာပုံ)**

(၄၇)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၅)ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၂၁)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၄)ကြိမ်မြောက်အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများကို နေပြည်တော်မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁)တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

၂၀၁၄ - ၁၅ ပညာသင်နှစ်

ကျောင်းကျန်းမာရေး သီတင်းပတ်

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်မှ ၁၆ ရက်အထိ

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများ ဆောင်ရွက်ရန် နှိုးဆော်

နေပြည်တော် ဩဂုတ် ၇

ပညာရေး ဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး အစီအစဉ်အရလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာ ကျောင်းအားလုံးတွင် ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲ သတ်မှတ်၍ အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၆ ရက်အထိ သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံး၌ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစသည့် ကျောင်းကျန်းမာရေးလုပ်ငန်း (၅)ရပ်ကို ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏ အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ ပြည့်မီရေးအတွက် မိဘများနှင့်ပူးပေါင်း ဖြည့်ဆည်း ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နား၊ နှာခေါင်း၊ လည်ချောင်းနှင့် လည်ပင်းကြီးရောဂါလူနာများအား အခမဲ့ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်အတူ နေပြည်တော်ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသော Parkway Hospitals Singapore တို့၏ စဉ်ဆက်မပြတ်ဆေးပညာဆွေးနွေး/ကုသညှိနှိုင်းခြင်း အစီအစဉ်အရ Mount Elizabeth Hospitals Singapore မှ နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Goh Yau Hong နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ခွဲစိတ်သမားတော်ကြီး ဒေါက်တာမျိုးထက်ကျော် ဦးဆောင်သည့် အထူးကုဆရာဝန်တို့က ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နား၊ နှာခေါင်း၊ လည်ချောင်း နှင့် လည်ပင်းကြီးရောဂါလူနာများအား အခမဲ့ကြည့်ရှုစစ်ဆေးပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေး စကားပြောကြားသည်။ **(ဓါပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် အထွေထွေ ပြင်ပလူနာ ဌာနတွင် Parkway Hospitals Singapore မှ နား၊ နှာခေါင်း၊ လည်ချောင်း ခွဲစိတ်အထူးကု ဆရာဝန်ကြီး Dr.Goh Yau Hong က လည်ပင်းကြီးရောဂါလူနာများနှင့် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာများအား ခွဲစိတ်ကုသနိုင်ရေး ပဏာမစစ်ဆေးစမ်းသပ်ပေးမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် လည်ပင်းကြီးရောဂါစမ်းသပ် စစ်ဆေးကုသမှုခံယူရန် ရောက်ရှိနေသော နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးပြည်ထဲရေးဝန်ကြီးဌာန၊ကာကွယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ လည်ပင်းကြီးရောဂါလူနာတို့အား အားပေးစကားပြောကြားခဲ့ကြောင်းနှင့် ဆက်လက်၍ ဩဂုတ် ၉ ရက်အထိ လည်ပင်းကြီးရောဂါလူနာများကို အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွားလမ်းသာ၍ လာလမ်းဖြောင့်လျက်ရှိသော မောတို့တိုင်းရဲ့ရှမ်းဌာနေ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်

ရှမ်းပြည်နယ် တစ်ခုလုံးသည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၆၀၁၅၅ ဒသမ ၂၂၇ မိုင် ကျယ်ဝန်းပြီး ခရိုင်ပေါင်း ၁၃ ခရိုင်၊ မြို့နယ်ပေါင်း ၅၅ မြို့နယ်၊ မြို့နယ်ခွဲပေါင်း ၂၉ မြို့နယ်၊ ရပ်ကွက်ပေါင်း ၄၉၁ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၁၅၆၇၊ ကျေးရွာပေါင်း ၁၄၅၈၄ ရွာ၊ ခန့်မှန်းလူဦးရေပေါင်း ၅၇ ဒသမ ၂၀၁၄၂ ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုရှိသည့်အနက် ကြီးမားကျယ်ပြန့်သော ပြည်နယ်ကြီးတစ်ခုဖြစ်သည်။

တိုင်းရင်းသားသွေးချင်းများ နေထိုင်ရာ ထိုရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း)တွင် ရေမြေတောတောင် ရာသီဥတုနှင့် ပတ်ဝန်းကျင်တို့သည် ညို့မှိုင်းမြင့်မားလှသည့် တောင်စွယ်တောင်တန်းများ၊ ထိုတောင်စွယ်တောင်တန်းများပေါ်၌ အမြဲဝေနေသည့် တောင်ခိုးများ၊ ပင်စည်ကြီးများ တုတ်ခိုင်လှသည့် သစ်ပင်ကြီးများ၊ ပိန်းပိတ်အောင် မည်းမှောင်နေသည့် သစ်တောများ၊ တဝေါဝေါမြည်အော်စီးဆင်းနေသည့် ရေတံခွန်များ၊ အရိုးခိုက်အောင် အေးမြလှသော ဆောင်းရာသီများရှိခြင်းနှင့် လမ်းပန်းခက်ခဲခြင်းတို့ကြောင့် ယခင်က အရောက်အပေါက်နည်းခဲ့ရသည်။

ယခုတော့ အရင်လိုမဟုတ်တော့ပြီဟုဆိုရပေမည်။ ရှမ်းပြည်နယ်တစ်ခုလုံး၏ လမ်းပန်းဆက်သွယ်ရေးအတွက် ပြည်နယ်တစ်ခုလုံး၌ ကတ္တရာလမ်းမိုင်ပေါင်း ၂၅၁၅ မိုင် လေးဖာလုံကျော်နှင့် ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်းလားလမ်းအပါအဝင် လမ်းမိုင်စုစုပေါင်း ၆၈၇၂ မိုင်နှင့် ခုနစ်ဖာလုံရှိနေပြီး ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၁၉ စင်းအထိ တည်ဆောက်ထားပြီး၍ လမ်းပန်းဆက်သွယ်ရေးက အဆင်ပြေလျက်ရှိနေသည်။

ထို့ကြောင့် သတင်းသမားကျွန်တော်သည် ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)သို့ သတင်းခရီးဆန့်ခဲ့စဉ်က ဝေ့ကာဝိုက်ကာဖြင့် တရွေ့ရွေ့သာ မောင်းနှင်လို့ရသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဂုတ်တွင်းကားလမ်းလိုနေရာမျိုးသည် ယခုအခါ အပြေးတက် အပြေးဆင်း၍ရသော ကားလမ်းကြီးတစ်လမ်းဖြစ်နေပေသည်။ ထို့အပြင် လောက်ကိုင်ဒေသကို ပထမအခေါက်သွားစဉ်က တစ်လမ်းတည်းသာရှိပြီး အမြဲမြေပြိုကျနေသည့် ဖြုန်းတောင်ကြီးကို ဖြတ်သန်း

သွားလာခဲ့ရသော်လည်း ယခု ဒုတိယလမ်းဖြစ်သည့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး- တာပါး- ကုန်းကြမ်းကပါ လောက်ကိုင်ကို သွားလို့ရအောင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းချဲ့ကတ္တရာခင်းခဲ့သဖြင့် သွားလမ်းသာ၍ လာလမ်းဖြောင့်လျက်ရှိနေပြီဖြစ်သည်။

ထို့အပြင် ယခင် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မိုင်းရှူးရတနာမြေသို့ သွားခဲ့စဉ်က တောင်ကြီးမှ လွိုင်လင်၊ နန့်စန်-ပင်လုံ-လဲချား-ကျေးသီး-မိုင်းနောင်-မိုင်းကိုင်-မိုင်းရှူးစသည်ဖြင့် အစဉ်အတိုင်းမဟုတ်ဘဲ ဟိုကျော်သည်ဖြတ်သွားရမှုကြောင့် ခရီးမတွင်ဖြစ်ခဲ့ရသော်လည်း ယခုသတ်သတ်မှတ်မှတ် လမ်းဖြစ်နေပြီဟု သိရပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီး မန္တလေး - မိတ္ထီလာ - တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်အပိုင်းသည် လည်း BOT စနစ်ဖြင့် ကုမ္ပဏီများကို ဆောင်ရွက်ခွင့် ပေးထားခဲ့သဖြင့် ကတ္တရာလမ်းဖွင့်ပွဲကို ၂၀၀၅ ခုနှစ်လောက်ကတည်းက ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။

ယခုအခါ ပြည်နယ်အတွင်းလမ်းမိုင်ပေါင်း ၆၈၇၂ မိုင် ခုနစ်ဖာလုံအထိရှိနေပြီး ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း)လမ်းပေါင်း ၆၁ လမ်းရှိ မိုင်ပေါင်း ၃၇၅၆ မိုင်ကို စီမံခန့်ခွဲလျက်ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်း လမ်းပေါင်း ၁၁၉ လမ်း၊ မိုင်ပေါင်း ၃၁၁၆ မိုင် ခုနစ်ဖာလုံကို စီမံခန့်ခွဲပြုပြင်ဆောင်ရွက်လျက်ရှိနေသည်ဟု သိရသည်။ ထို့ကြောင့် တောညို့မှိုင်းတဲ့ မောတို့တိုင်းရဲ့ ရှမ်းပြည်နယ်သည် ယခုအခါ သွားလမ်းသာ၍ လာလမ်းဖြောင့်လျက်ရှိနေပြီဖြစ်သည်။

ပြည်တွင်းသတင်း

လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ ရွေးကောက်ပွဲကျင်းပရေးနှင့် မဲစာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ယာပုံ)**

ကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် မည်သို့ကူညီဆောင်ရွက်ပေးရမည်ဆိုသည့် အချက်များကို သိရှိအောင် တက်ရောက်စေခြင်းဖြစ်ကြောင်း။

ရွေးကောက်ပွဲများသည် တိုင်းပြည်အတွက် အလွန်အရေးကြီးကြောင်း၊ လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်တွင် ရွေးကောက်ပွဲများကျင်းပမှုရှိခဲ့သလို လွတ်လပ်ရေးရပြီးနောက်ပိုင်း ရွေးကောက်ပွဲများကျင်းပခဲ့ပါကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် တစ်ပါတီစနစ်ဖြစ်သော်လည်း ရွေးကောက်ပွဲများကျင်းပခဲ့ကြောင်း၊ ၁၉၈၈ အရေးအခင်းပြီးနောက် ၁၉၉၀၊ ၂၀၁၀ ပြည့်နှစ်တို့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်သက်တမ်းကို (၅) နှစ်သတ်မှတ်ထားသည့်အတွက် ၂၀၁၅ တွင် ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် လစ်လပ်နေရာများအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရန်ရှိကြောင်း။

ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဆောင်ရွက်ရာတွင် အခက်အခဲများရှိက ဆွေးနွေးတင်ပြကြစေလိုကြောင်း၊ ဌာနဆိုင်ရာများကလည်း အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်း ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း။

မဲစာရင်းပြုစုခြင်းတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှိ အိမ်ထောင်စုစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရှိ ပုံစံ(၆၆)တို့နှင့် ဆောင်ရွက်ကြသဖြင့် စာရင်းများမှန်ကန်ရေး၊ ပြည့်စုံရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးရုံးများတွင် ပုံစံ(၆၆)များထားရှိရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

မဲရုံများသတ်မှတ်ဆောင်ရွက်ရာ၌ ယခင်ရွေးကောက်ပွဲများတွင် ကျောင်းများ၌ ဆောင်ရွက်ခဲ့သလို ယခုလည်းကျောင်းများ၌ ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဥပမိရှပ် ကောင်းမွန်ရေးအတွက်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများခန့်အပ်တာဝန်ပေးရာတွင်လည်း ရွေးကောက်ပွဲဥပဒေအရ ဝန်ထမ်းများအား တာဝန်ပေးခန့်အပ်ရမည်ဖြစ်၍ ယခင်ကလို ဆရာ/ ဆရာမများကို တာဝန်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

ရွေးကောက်ပွဲ ကာလအတွင်း လုံခြုံရေးသည်လည်း အရေးကြီးပါကြောင်း၊ ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လုံခြုံရေးစီမံချက်များဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိကြောင်း၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံအတွက် အင်မတန်အရေးကြီးသည့် အခန်းကဏ္ဍမှဆောင်ရွက်နေရပါကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးရမည် ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်ကို အုပ်ချုပ်မည့် အရည်အချင်းရှိသူများကို ရွေးချယ်တင်မြှောက်နိုင်မည်ဖြစ်ကြောင်း။

ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် အနေဖြင့်လည်း လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများ အောင်မြင်အောင် ကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပူးပေါင်းဆောင်ရွက်ရမည့် အခက်အခဲများကို တင်ပြစေလိုကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှလည်း ပြန်လည်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရွေးကောက်ပွဲလုပ်ငန်းများ ပြင်ဆင် ဆောင်ရွက်နေစဉ်တွင်လည်း ကော်မရှင်အဖွဲ့ခွဲ အဆင့်အဆင့်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဇော်ဝင်းက လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဥပဒေနှင့်အညီ ကျင်းပနိုင်ရေး လုံခြုံရေးစီမံချက်များ ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲလက်မှတ်များ ထိန်းသိမ်းထားစဉ် လုံခြုံရေးမဲရုံသို့ ဆန္ဒမဲလက်မှတ်များပို့ဆောင်စဉ် လုံခြုံရေး၊ ဆန္ဒမဲပေးနေစဉ်ကာလအတွင်း လုံခြုံရေး၊ ဆန္ဒမဲလက်မှတ်များရေတွက်နေစဉ် လုံခြုံရေး၊ မဲရရှိမှုစာရင်းများပေးပို့စဉ် လုံခြုံရေး၊ ပြည်တွင်း/ပြည်ပ သံတမန်များနှင့် နိုင်ငံတကာမှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏ လုံခြုံရေး၊ မဲရုံများ၏ လုံခြုံရေးစီမံချက်နှင့် မီးဘေးလုံခြုံရေးသာမက ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ လုံခြုံရေးတို့ကိုပါ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများက ရွေးကောက်ပွဲလုပ်ငန်း အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က မဲစာရင်းပြုစုခြင်း ရွှေ့ပြောင်းစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညွန့်တင်နှင့် ဦးဝင်းကိုတို့က လိုအပ်သည်များကို ပါဝင်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်အတွင်းရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အစ္စရေးသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအသစ်အဖြစ် မစ္စတာ ဒန်နီရဲ(လ်)ဇွန်ရှိုင်းအား ခန့်အပ်ရန် အစ္စရေးနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်ပါသည်။

မစ္စတာ ဒန်နီရဲ(လ်)ဇွန်ရှိုင်းသည် ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် အစ္စရေးနိုင်ငံ၌ မွေးဖွားခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် ဘားအီလန်တက္ကသိုလ်မှ အစ္စရေးနိုင်ငံဆိုင်ရာ လေ့လာရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိပြီး ၂၀၀၉ ခုနှစ်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် ဟိုက်ဖာတက္ကသိုလ်မှ လုံခြုံရေးနှင့် နိုင်ငံရေးသိပ္ပံဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ ၎င်းသည် အစ္စရေးနိုင်ငံ မိုဒီအင်(န်)မြို့တွင် နေထိုင်သည်။

မစ္စတာ ဒန်နီရဲ(လ်)ဇွန်ရှိုင်းသည် ၁၉၇၆ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ အစ္စရေးလေတပ်၌ စစ်မှုထမ်းခဲ့ပါသည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပါသည်။ ၎င်းသည် ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ရှိ အစ္စရေးသံရုံး၌ လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ယဉ်ကျေးမှုနှင့် သိပ္ပံဆိုင်ရာဌာနခွဲတွင် ဓာတ်ပုံအနုပညာဌာန အကြီးအကဲအဖြစ် လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ပါလက်စတိုင်းရေးရာဌာန၌ လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဘရာဇီးလ်နိုင်ငံ ဘရာဇီးလျားမြို့ရှိ အစ္စရေးသံရုံး၌ သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တောင်အမေရိကဌာန၌ ဒုတိယညွှန်ကြား ရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အစ္စရေးနိုင်ငံဆိုင်ရာကောင်စစ်ဝန်ချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်သူ့ရေးရာဌာန၌ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်း ဆောင်ခဲ့ပါသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိပါသည်။

မစ္စတာ ဒန်နီရဲ(လ်)ဇွန်ရှိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်မေထားက လွှတ်တော်အစည်းအဝေးများရပ်နားစဉ် လွှတ်တော်သို့ လာရောက်လေ့လာခွင့်ရသည့်အတွက် စီစဉ်ဆောင်ရွက်ပေးသူများအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မဟာဥပဒေဒုတိယနှစ်ကျောင်းသား မောင်အောင်သန်းတင့်က ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ကျောင်းသားကျောင်းသူများကိုယ်စား ပြည်ထောင်စုလွှတ်တော်၌ ဥပဒေများကို အတည်ပြုဆုံးဖြတ်ရာတွင် ကျင့်သုံးသည့် မဲပေးပုံစနစ်နှင့် လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရာတွင် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်မည့် ရွေးကောက်ပွဲစနစ်နှင့် စပ်လျဉ်း၍ မေးမြန်းသည်။

မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဥပဒေကျောင်းသား ကျောင်းသူများအနေဖြင့် လွှတ်တော်သို့ လာရောက်လေ့လာခြင်းသည် မိမိတို့အတွက်သာမက တိုင်းပြည်အတွက်ပါ အကျိုးရှိပါကြောင်း၊ လွှတ်တော်များ၌ ဥပဒေကိစ္စရပ်များကို မည်မျှအလေးထားဆောင်ရွက်နေသည်ကို သိရှိနိုင်အောင် ယနေ့တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်၌ ဖွဲ့စည်းထားသည့်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များကိုပါ တက်ရောက်စေခဲ့ပါကြောင်း၊ Supremacy of Lawသည် လူသားများအတွက် အလွန်ပင် အရေးကြီးပါကြောင်း၊ ဥပဒေကို နားလည်ရန်အတွက် ဥပဒေနှင့်ပတ်သက်၍ သင်ယူတတ်မြောက်ရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ဥပဒေပညာရပ်ကို အလေးထားပြီး လေ့လာကြကြောင်း၊ ဥပဒေပညာရပ်သည် နိုင်ငံသားအားလုံးလေ့လာဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ကြောင်း၊ သို့သော်နိုင်ငံသားတိုင်း ဥပဒေကိုမသိနိုင်၍ ရှေ့နေ၊ ရှေ့ရပ်များက နိုင်ငံသားများကိုယ်စား လိုက်ပါဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် လွှတ်တော်များပေါ်ပေါက်လာခဲ့ကြောင်း၊ လွှတ်တော်မရှိလျှင် ဒီမိုကရေစီမရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၌ လွှတ်တော်များရှိ၍ ဒီမိုကရေစီရှိကြောင်း၊ ယနေ့လွှတ်တော်များသည် လက်ညှိုးထောင်ခေါင်းညိတ်မည့်ကာမတ္တလွှတ်တော်များ မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်ရန် လွှတ်တော်များ မရှိမဖြစ်လိုအပ်ပါကြောင်း၊ လွှတ်တော်ဝန်ထမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေကို ပိုမိုနားလည်သိရှိရန် လိုအပ်ပါကြောင်း။

"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဟူသော လွှတ်တော်ဆောင်ပုဒ်ရှိကြောင်း၊ လွှတ်တော်၏ ဆောင်ပုဒ်သည် လွှတ်တော်၏ မူဝါဒပင်ဖြစ်ကြောင်း၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင်နိုင်ရန် လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်အတွင်း မေးခွန်းမေးမြန်းခြင်း၊ အဆိုဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့အုပ်ချုပ်ရေးစနစ်သည် ပြည်သူများကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များက အုပ်ချုပ်သည့် ပြည်သူ့ဗဟိုပြု အုပ်ချုပ်ရေးစနစ်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့်အညီ အုပ်ချုပ်ရာတွင် ဥပဒေနှင့်အညီ အုပ်ချုပ်ရန်လိုကြောင်း၊ တရားစီရင်ရေး ကဏ္ဍအနေဖြင့် ဥပဒေနှင့်မညီသည့် လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ တရားစွဲဆိုတင်ပြလာမှုများအပေါ် မှန် မမှန်ဆုံးဖြတ်ပေးရမည်ဖြစ်ကြောင်း၊ ဥပဒေမလိုက်နာသူများကို အရေးယူ အပြစ်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေလိုက်နာသူများကို အကာအကွယ်ပေးရမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းပြီး စတုတ္ထမဏ္ဍိုင်ဟုဆိုရမည့် မီဒီယာအပိုင်းက စောင့်ကြည့်ဝေဖန်သုံးသပ်ရမည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး လွှတ်တော်များ၌ ကော်မတီ၊ ကော်မရှင်များဖွဲ့စည်းဆောင်ရွက်မှု၊ ဥပဒေများပြင်ဆင်၊ ပယ်ဖျက်အသစ်ရေးဆွဲ ပြဋ္ဌာန်းမှု၊ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီစနစ်ကိုပိုမိုဖော်ဆောင်ပေးနိုင်မည့် ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ပြည်သူ့လွှတ်တော်စာတမ်းပါ အထိမ်းအမှတ်လက်ဆောင်၊ လွှတ်တော်အစည်းအဝေး မှတ်တမ်းစာအုပ်များနှင့် လွှတ်တော်ဂျာနယ်တို့ကို ပေးအပ်ရာ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်မေထား၊ တွဲဖက်ပါမောက္ခ ဒေါ်ခင်ချစ်ချစ်နှင့် ကထိက ဦးမြင့်ဆွေတို့က လက်ခံကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကတို့ထံ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်မေထားက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ သီချင်းဆိုပြိုင်ပွဲကျင်းပ

ပြည် ဩဂုတ် ၇

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပြည်တက္ကသိုလ် အနုပညာအသင်းမှ ကြီးမှူးကျင်းပသည့် ဘာသာရပ်ပေါင်းစုံ သီချင်းဆိုပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက်က သီတာဘွဲ့နှင်းခန်းမ၌ ကျင်းပရာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ သက်ထွန်းအောင်က အမှာစကား ပြောကြားသည်။ ယင်းနောက် အမျိုးသမီး မြန်မာ့သံစဉ်အဆိုပြိုင်ပွဲ၊ ခေတ်ပေါ်တေးဂီတ အမျိုးသားနှင့်အမျိုးသမီးအဆိုပြိုင်ပွဲများကိုယှဉ်ပြိုင်ကြသည်။ ထို့နောက် ဆုရရှိသူများနှင့် ဒိုင်များအား ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **(၁၀၅)**

ပြည်တွင်းသတင်း

အီဘိုလာရောဂါသည် ကုသရခက်ခဲသဖြင့် ကာကွယ်ရေးလုပ်ငန်းဦးစားပေးဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနှိုးဆော်

မြန်မာ့သတင်းစဉ်
သတင်းအဖွဲ့

အီဘိုလာရောဂါနှင့်ပတ်သက်၍ ပြည်သူများအားအသိပညာပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန ရောဂါနှိမ်နင်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ စိုးလွင်ငြိမ်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

မေး။ အီဘိုလာရောဂါဟာ ကပ်ရောဂါအသွင်နဲ့ လူသားတွေကို ခြိမ်းခြောက်နေပါတယ်။ အီဘိုလာရောဂါနဲ့ပတ်သက်ပြီးတော့ သိရှိနိုင်ဖို့ ရှင်းပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ဒီနေ့ကမ္ဘာမှာ ကူးစက်မြန်ရောဂါအသစ်တွေ ဆက်တိုက်ဖြစ်ပေါ်နေပါတယ်။ ကူးစက်မြန်ရောဂါတွေဖြစ်တဲ့ ဆားစ်အဆုတ်ရောင်ရောဂါ၊ H5N1 ကြက်ငှက်တုပ်ကွေးရောဂါ၊ ၂၀၀၉ ခုနှစ်မှာဖြစ်ခဲ့တဲ့ H5 N1 ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဖြစ်ပွားတဲ့ H7N9 ကြက်ငှက်တုပ်ကွေးရောဂါ၊ မားစ်ရောဂါ စတဲ့ရောဂါအသစ်တွေ ထပ်ထပ်ပြီး ဖြစ်ပေါ်လာပါတယ်။ ဖြစ်ပေါ်လာတဲ့ရောဂါတွေကို ကြည့်လိုက်လို့ရှိရင် တိရစ္ဆာန်တွေကနေ ကူးစက်တာများပါတယ်။ အသစ်ဖြစ်ပေါ်လာတဲ့ ကူးစက်မြန်ရောဂါတွေရဲ့ ၇၀ ရာခိုင်နှုန်းလောက်ဟာ တိရစ္ဆာန်တွေကနေစတင်ပြီး ကူးစက်ဖြစ်ပေါ်လာတာဖြစ်ပါတယ်။

အခု အာဖရိကအနောက်ပိုင်းနိုင်ငံတွေကနေပြီးတော့ စတင်ကူးစက်နေတဲ့ အီဘိုလာဗိုင်းရပ်စ် တစ်နည်းအားဖြင့် အီဘိုလာသွေးထွက်လွန်ရောဂါဟာ ကွန်ဂိုနိုင်ငံမှာ ၁၉၇၆ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ၁၉၇၉ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၁ ခုနှစ် စသည်ဖြင့် အာဖရိကနိုင်ငံတွေမှာပဲ ဆက်တိုက်ဖြစ်လာပါတယ်။ အဲဒီအချိန်ဖြစ်တုန်းကတော့ ကူးစက်မှုက ဒီလောက်ကြီးလည်းမမြန်ဘူး။ ရောဂါပြင်းထန်မှုလည်း သိပ်မရှိပါဘူး၊ ဒါပေမယ့်လည်း ပြောင်းလဲလာတဲ့ ရေမြေသဘာဝတွေ၊ ရာသီဥတုအခြေအနေတွေကြောင့် ဗိုင်းရပ်စ်တွေရဲ့သဘာဝတွေကလည်း ပြောင်းလာပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွေမှာ အာဖရိကအနောက်နိုင်ငံတွေဖြစ်တဲ့ နိုင်ဂျီးရီးယား၊ ဂီနီ၊ လိုက်ဘေးရီးယား၊ ဆီရာလီယွန် စတဲ့နိုင်ငံတွေမှာ အခုဖြစ်လာတဲ့ ရောဂါတွေရဲ့ ထူးခြားမှုက ကူးစက်မြန်ပြီးတော့ ရောဂါဖြစ်ပွားမှုက တအားပြင်းထန်ပါတယ်။ သေဆုံးမှုက ဘယ်လောက်တောင်ဖြစ်လာလဲဆိုတော့ ရောဂါဖြစ်တဲ့သူရဲ့ ၉၀ ရာခိုင်နှုန်းလောက်က သေဆုံးလာပါတယ်။ ရောဂါပိုးတွေရဲ့ ဇီဝသဘာဝပြောင်းလဲမှုတွေကြောင့် ရောဂါပိုးတွေက ပြင်းထန်လာပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အီဘိုလာဗိုင်းရပ်စ်ရောဂါဟာ ကူးစက်မှုလည်းမြန်တယ်၊ ထိန်းချုပ်ဖို့လည်း ခက်ခဲတဲ့အတွက်ကြောင့် ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ဒီရောဂါနဲ့ပတ်သက်ပြီး စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ နှိုးဆော်ထားတာရှိပါတယ်။ ဒီရောဂါဟာ အဓိကကတော့ တောနေသတ္တဝါတွေဖြစ်တဲ့ အသီးစားတဲ့ လင်းနို့တွေကနေတစ်ဆင့် တောရိုင်းတိရစ္ဆာန်တွေဖြစ်တဲ့ သမင်၊ ဒရယ်၊ မျောက်၊ မျောက်ဝံတို့ အဲဒီကနေတစ်ဆင့် ကူးစက်တတ်ပါတယ်။

မေး။ စတင်ဖြစ်ပွားလာပုံနဲ့ပတ်သက်ပြီးတော့လည်း သိရှိနိုင်အောင် ပြောပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ပထမဦးဆုံးကတော့ အာဖရိကတောတွင်းမှာ အမဲလိုက်တဲ့သူတွေ တိရစ္ဆာန်တွေကို သတ်ဖြတ်တဲ့အခါကနေ အမဲလိုက်တဲ့သူတွေမှာ စတင်ဖြစ်ပွားလာတာပါ။ ဆရာဝန်တွေရဲ့ ရောဂါရှာဖွေတွေ့ရှိချက်အရ ဒီရောဂါဟာ တိုက်ရိုက်ကူးစက်တတ်တဲ့သဘောပါ။ အဲဒီ အမဲလိုက်မုဆိုးတွေက ဒီတိရစ္ဆာန်တွေကို သတ်ဖြတ်တဲ့အခါမှာ သူတို့ရဲ့ အသွေးအသားတွေ၊ ခန္ဓာကိုယ်ကထွက်တဲ့အရည်တွေ၊ သူတို့စားသုံးတဲ့အခါမှာ သေချာချက်ပြုတ်မစားတဲ့အတွက်ကြောင့် အဲဒီကနေတစ်ဆင့် ဒီအမဲလိုက်မုဆိုးတွေမှာ စတင်ကူးစက်ပြီး အဲဒီကနေတစ်ဆင့် လူနာတွေကို ထိတွေ့ကိုင်တွယ်တဲ့သူတွေ၊ ပြုစုတဲ့သူတွေကို ကူးစက်တာပါ။ အဲဒီကနေ လူကနေ လူကိုကူးစက်တဲ့သဘာဝရှိလာတာပါ။

အခုနောက်ပိုင်းမှာ အီဘိုလာကူးစက်တဲ့ရောဂါဟာ ၂၀၁၄ ခုနှစ် မတ်လက ဂီနီနိုင်ငံမှာ စတင်ဖြစ်ပွားပြီးတော့ အဲဒီကနေတစ်ဆင့် လိုက်ဘေးရီးယား၊ နိုင်ဂျီးရီးယားနဲ့ ဆီရာလီယွန် စတဲ့နိုင်ငံတွေကို ကူးစက်ပြန့်ပွားခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့တဲ့ ကိန်းဂဏန်းအရဆိုရင် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့အထိ ၁၆၀၃ ယောက် ရောဂါဖြစ်ပွားပြီးတော့ သေဆုံးသူက ၈၈၇ ယောက်ရှိပါတယ်။ ကြည့်မယ်ဆိုရင် အရင်ဖြစ်ပွားခဲ့တဲ့ရောဂါတွေမှာဆိုရင် သေဆုံးနှုန်းက အလွန်များနေပါတယ်။ ဆားစ်ရောဂါတုန်းကဆိုရင် သေဆုံးနှုန်းက ၁၀ ရာခိုင်နှုန်းပဲရှိတယ်။ လူတစ်ရာဖြစ်လို့ရှိရင် ဆယ်ယောက်လောက်ပဲသေဆုံးတယ်။ နောက်တစ်ခါ H5N1 ကြက်ငှက်တုပ်ကွေးရောဂါဆိုရင် ၆၀ ရာခိုင်နှုန်းလောက်ပဲ သေပါတယ်။ အခု အီဘိုလာဗိုင်းရပ်စ်ကျတော့ ၉၀ ရာခိုင်နှုန်းလောက်ကို သေဆုံးမှုတွေရှိတော့ လူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် အသက်ဆုံးရှုံးမှုတွေက ပိုပြီးတော့မြင့်ပါတယ်။

မေး။ ကုသနိုင်တဲ့ ဆေးဝါးကိုရော ရှာဖွေတွေ့ရှိပါပြီလားဆရာ။

ဖြေ။ တိကျတဲ့ဆေးဝါးက မတွေ့ရှိသေးပါဘူး။ ဒါကြောင့် ဒီရောဂါကို ကြိုတင်ကာကွယ်တာက ပိုပြီးတော့ ထိရောက်ပါတယ်။ ဖြစ်လာလို့ရှိရင်လည်း အသက်ဆုံးရှုံးမှုတွေရှိပြီး သူနဲ့ဆက်စပ်ပြီးတော့ မိသားစုတစ်စုချင်းရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံတွေရဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေတွေကိုပါ ထိခိုက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီရောဂါကို မြန်မာနိုင်ငံအနေနဲ့လည်း လက်ရှိအခြေအနေမှာ ဒီအီဘိုလာဗိုင်းရပ်စ်က နိုင်ငံအတွင်းမှာမရှိသေးပေမယ့် နိုင်ငံတော်အစိုးရရဲ့လမ်းညွှန်မှုနဲ့ ကျန်းမာရေးဝန်ကြီးဌာနက အီဘိုလာကူးစက်မြန်ရောဂါကို မြန်မာနိုင်ငံအတွင်းကို ဝင်ရောက်မှုမရှိအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဦးစားပေးပြီးဆောင်ရွက်နေပါတယ်။ ဒီလိုမဆောင်ရွက်နိုင်ရင် ဒီဗိုင်းရပ်စ်က တိုင်းပြည်ထဲဝင်လာရင် သူကနေတစ်ဆင့်ကူးစက်ပြီး လူတွေရဲ့အသက်ဆုံးရှုံးမှုတွေ၊ စီးပွားရေး၊ လူမှုရေး စတဲ့ဆုံးရှုံးမှုတွေ ဖြစ်နိုင်ပါတယ်။

ဒီကူးစက်မှုတွေကိုကြည့်မယ်ဆိုလို့ရှိရင် အဓိကက ရောဂါရှိတဲ့တိရစ္ဆာန်တွေကို ကိုင်တွယ်သတ်ဖြတ်တဲ့လူတွေမှာ ဒီရောဂါပိုးကူးစက်ပါတယ်။ တိုက်ရိုက်ထိတွေ့ပြီးတော့ တိရစ္ဆာန်တွေရဲ့ ခန္ဓာကိုယ်ကထွက်တဲ့ သွေးတွေ၊ အရည်တွေ အဲဒါတွေကနေတစ်ဆင့် ကူးစက်ပါတယ်။ ဒီလိုပဲ ရောဂါရှိတဲ့လူတွေရဲ့ ခန္ဓာကိုယ်ရဲ့အရည်တွေဖြစ်တဲ့ တံတွေး၊ သလိပ်၊ သွေး စသည်ဖြင့် အဲဒီကနေတစ်ဆင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်တဲ့သူတွေ၊ မိသားစုဝင်တွေပဲဖြစ်ဖြစ်၊ အထူးသဖြင့် ဒီရောဂါကို အဓိကကာကွယ်နှိမ်နင်းကုသရေးလုပ်ငန်းကိုဆောင်ရွက်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေပေါ့။ အခုနောက်နိုင်ငံဖြစ်နေတဲ့ နိုင်ငံတွေမှာ ဆရာဝန်ကြီးတစ်ဦးလည်း သေဆုံးခဲ့တာရှိပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေလည်း ကူးစက်မှုတွေရှိပါတယ်။

မေး။ ကျန်းမာရေးဝန်ထမ်းတွေအတွက်လည်း အန္တရာယ်ရှိတာပေါ့၊ ဟုတ်ပါသလားဆရာ။

ဖြေ။ ဟုတ်ပါတယ်။ တိုက်ရိုက်ထိတွေ့ကုသမှုကို သေချာအကာအကွယ်မယူထားတဲ့ သူတွေမှန်သမျှ မတော်တဆ ဒီရောဂါပိုးကူးစက်ပြီးတော့ သေဆုံးနိုင်ပါတယ်။ ဒါကြောင့် လူနာတွေကို ထိတွေ့ကိုင်တွယ်ပြုစုတဲ့နေရာမှာ ပိုပြီးတော့သတိထားရပါမယ်။ လိုအပ်တဲ့ အကာအကွယ်ပစ္စည်းတွေနဲ့ ကိုင်တွယ်ဖို့လိုအပ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကူးစက်ရောဂါဆိုင်ရာပညာရှင်တွေရဲ့ လေ့လာချက်အရဆိုရင် အဓိကတိုက်ရိုက်ထိတွေ့ကူးစက်တဲ့ ရောဂါကူးစက်မှုအနေအထားရှိပေမယ့် လေကနေတစ်ဆင့် ကူးစက်လား၊ မကူးစက်ဘူးလားဆိုတာတော့ သေချာမသိသေးပါဘူး။ ဒါကြောင့်မို့လို့ လိုအပ်တဲ့ကာကွယ်မှုတွေကို အသင့်အနေအထားနဲ့ စီစဉ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အီဘိုလာ ဗိုင်းရပ်စ်ရောဂါပိုး ဝင်ပြီဆိုရင်တော့ နှစ်ရက်ကနေပြီးတော့ ၂၁ ရက်အတွင်းမှာ ရောဂါလက္ခဏာတွေဖြစ်တတ်ပါတယ်။ ဒါကို ရောဂါကာလအပိုင်းအခြားလို့ခေါ်ပါတယ်။

တခြားရောဂါတွေဖြစ်တဲ့ ဆားစ်အဆုတ်ရောင်ရောဂါတို့၊ ကြက်ငှက်တုတ်ကွေးရောဂါတို့ဆိုရင် ရောဂါကာလအပိုင်းအခြားအတွင်းမှာ ထိတွေ့ကိုင်တွယ်မိရင် ကူးနိုင်ပါတယ်။ ဒါပေမယ့် အခုလေ့လာ တွေ့ရှိချက်အရဆိုရင် အီဘိုလာရောဂါဟာ ကာလအပိုင်းအခြားအတွင်းမှာတော့ ဒီရောဂါကူးစက်နှုန်းဟာ သိပ်မရှိဘဲနဲ့ ရောဂါလက္ခဏာစပြီဆိုတာနဲ့ တခြားလူကို စပြီးကူးစက်နိုင်တဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖျားတာ စတင်ပြီဆိုတာနဲ့ တခြားသူကိုကူးစက်နိုင်တဲ့အနေအထားရှိတဲ့အတွက်ကြောင့် သံသယလူနာတွေရှာဖွေတဲ့အခါမှာ ရောဂါဖြစ်ပွားတဲ့နိုင်ငံတွေ၊ ရောဂါဖြစ်ပွားတဲ့လူတွေကို ကိုင်တွယ်တဲ့လူတွေ၊ သူတို့မိသားစုနဲ့ ထိတွေ့တဲ့ လူတွေမှာ ကနဦးလက္ခဏာဖြစ်တဲ့ ဖျားတယ်၊ ခေါင်းကိုက်တယ် သံသယလက္ခဏာရှိတာနဲ့ကို သံသယလူနာအဖြစ် သတ်မှတ်ပြီး ဆေးကုသမှုလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။

မေး။ အီဘိုလာဗိုင်းရပ်စ်ရဲ့ ထူးခြားတဲ့လက္ခဏာတွေကိုလည်း ပြောပြပေးပါဦးရှင့်။

ဖြေ။ အီဘိုလာဗိုင်းရပ်စ်ရဲ့ ထူးခြားတဲ့လက္ခဏာတွေကတော့ ဖျားမယ်၊ ခေါင်းကိုက်မယ်၊ လည်ချောင်းနာမယ်။ အဆိုးဆုံးကတော့ ရုတ်တရက်အားအင်ချည့်နဲ့သလို ဖြစ်သွားမယ်။ နောက်ပိုင်းမှာ အန်တာတို့၊ ဝမ်းသွားတာတို့ ဖြစ်လာမယ်။ အန်တဲ့အဆင့်၊ ဝမ်းသွားတဲ့အဆင့်ဖြစ်လာပြီဆိုရင်တော့ ဒါနည်းနည်းလေးနောက်ကျလာပါပြီ၊ ဒီဗိုင်းရပ်စ်ကလည်း လူရဲ့ခန္ဓာကိုယ်ထဲမှာ ကျောက်ကပ်တို့၊ အသည်းတို့ကို သူတို့က ဖျက်ဆီးတဲ့အတွက်ကြောင့် နောက်ပိုင်းမှာ ခန္ဓာကိုယ်အတွင်းနဲ့အပြင် သွေးယိုစီးမှုတွေဖြစ်လာတယ်။ ဒါကြောင့် အီဘိုလာသွေးထွက်လွန်ရောဂါလို့ခေါ်ပါတယ်။ ဒါနဲ့ပဲ လူတွေက နောက်ပိုင်းမှာ အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့ အနေအထားတွေဖြစ်လာပါတယ်။

မေး။ အီဘိုလာရောဂါနဲ့ပတ်သက်ပြီး နိုင်ငံတကာခရီးသွားလာတဲ့သူတွေကိုရော ပိတ်ပင်တားမြစ်ကန့်သတ်ချက်တွေလုပ်နေပြီလားဆိုတာ သိချင်ပါတယ်။

ဖြေ။ ဆားစ်တို့၊ အခြားဗိုင်းရပ်စ်တို့ဆိုရင် နိုင်ငံတကာခရီးသွားတွေအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လိုက်နာဆောင်ရွက်ရမယ့် ညွှန်ကြားချက်တွေ ထုတ်ထားပါတယ်။ ကျန်းမာရေးဌာနကလည်း ဒီလိုခရီးသွားတွေအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို အသေးစိတ် ညွှန်ကြားတာတွေရှိပါတယ်။ အခု အီဘိုလာကူးစက်မြန်ရောဂါနဲ့ ပတ်သက်ပြီးတော့ ခရီးသွားတာတွေကို တားမြစ်တာတော့မရှိပါဘူး။ ဒါပေမယ့် သတိပေးချက်တွေတော့ ရှိပါတယ်။ အထူးသဖြင့် ဒီလိုရောဂါဖြစ်ပွားတဲ့နိုင်ငံတွေကို ဖြစ်နိုင်ရင် မသွားဖို့၊ သွားလို့ရှိရင်လည်း ပြန်လာတယ်ဆိုလို့ရှိရင် သံသယလက္ခဏာတွေရှိရင် ကျန်းမာရေးဌာနတွေကို ချက်ချင်း သတင်းပို့ပြီး ဆေးကုသမှုခံယူဖို့လိုပါတယ်။ ဒါပေမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာလေကြောင်းလိုင်းတွေကို သီးခြားညွှန်ကြားချက်တွေ ထုတ်ပြန်ထားတာရှိပါတယ်။

ဆိုလိုတာက လေယာဉ်ပေါ်မှာ သံသယလူနာတွေ တကယ်လို့ပါခဲ့လို့ရှိရင် သက်ဆိုင်ရာ လေဆိပ်မှာရှိတဲ့ ကျန်းမာရေးဌာနတွေနဲ့ လေယာဉ်မဆင်းမီ ကြိုတင်ပြီးတော့ ဆက်သွယ်ပြီး သတင်းပို့ဖို့ဖြစ်ပါတယ်။ ဒီလို သတင်းပို့ထားခြင်းအားဖြင့် လေယာဉ်ဆိုက်ဆိုက်ချင်းမှာ ဒီလူနာကို ကျန်းမာရေးဝန်ထမ်းတွေက သက်ဆိုင်ရာအကာအကွယ်ပစ္စည်းတွေနဲ့ ဆေးရုံကို ပို့ဆောင်ပြီး လိုအပ်တဲ့စမ်းသပ်စစ်ဆေးကုသမှုတွေ ဆောင်ရွက်နိုင်သလို လေယာဉ်ပေါ်မှာ သူနဲ့အနီးကပ်နေထိုင်ခဲ့တဲ့ ခရီးသည်တွေရဲ့ စာရင်းကိုကြည့်ပြီးတော့ ဒီလူတွေကိုလည်း စောင့်ကြပ်ကြည့်ရှုပြီးတော့ သူတို့ကိုပါ သံသယလူနာတွေဖြစ်ရင် ဆက်လက်ကုသပေးဖို့ ဒါတွေကိုစီစဉ်တာပေါ့။

မေး။ မြန်မာနိုင်ငံရဲ့လေဆိပ်တွေမှာရော အလားတူကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားတာရှိပါသလား။

ဖြေ။ မြန်မာနိုင်ငံက လေဆိပ်တွေမှာလည်း ဒါတွေကို ကြိုတင်ပြင်ဆင်ထားပါတယ်။ သက်ဆိုင်ရာလေကြောင်းလိုင်းတွေနဲ့လည်း နိုင်ငံတကာကျန်းမာရေး ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်နေပါတယ်။ ဒီလိုလူနာတွေရှိတယ်ဆိုရင် သံသယလူနာကို လိုအပ်တဲ့ အကာအကွယ်ပစ္စည်းတွေနဲ့ သက်ဆိုင်ရာကို ပို့ပါမယ်။ ဆေးရုံအားလုံးကို ပြင်ဆင်ထားပါတယ်။ ဆေးရုံတွေအားလုံးကလည်း အတွေ့အကြုံတွေရှိပြီးသားပါ။ ဆားစ်ရောဂါ၊ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ၊ မားစ်ရောဂါ၊ H7N9 တို့ ပြင်ဆင်ထားတာတွေရှိတော့ အဆင်သင့်အနေအထားတော့ရှိပါတယ်။ ဒါပေမယ့် အီဘိုလာဗိုင်းရပ်စ်အတွက် ကူးစက်ပုံချင်းမတူတဲ့အတွက်ကြောင့် လိုအပ်တာတွေထပ်ပြီးတော့ ဖြည့်စွက်ပြီးဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

အခု လေဆိပ်မှာဆိုရင် ဝင်လာတဲ့ခရီးသည်တွေနဲ့ပတ်သက်ပြီးတော့ အပူချိန်တိုင်းတဲ့ စက်တွေနဲ့တိုင်းနေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေက လူနာတွေနဲ့ တိုက်ရိုက်ထိတွေ့လို့ရှိရင် ကူးစက်နိုင်တဲ့အတွက်ကြောင့် အပူချိန်တိုင်းတာတွေကို တိုက်ရိုက်ထိတွေ့တဲ့နည်းကိုမသုံးဘဲနဲ့ Infrared Camera နဲ့ပဲ ခရီးသည်တွေကို အပူချိန် အဖျားရှိ၊ မရှိ တိုင်းတာပါတယ်။ အဖျားရှိတယ်ဆိုရင် Infrared Screen မှာ အနီရောင်နဲ့ပြမှာဖြစ်ပါတယ်။ ဒီလို သံသယလူနာဖြစ်ရင် အဲဒီခရီးသည်ကို သီးခြားဆေးခန်းကိုခေါ်ပြီးတော့ တခြားလူကို မကူးစက်အောင် လူနာကိုလိုအပ်တဲ့ အကာအကွယ်ပစ္စည်းတွေဝတ်ပေးပါမယ်။ စမ်းသပ်မယ့် ဆရာတွေ၊ ဆရာမတွေကလည်း လိုအပ်တဲ့အကာအကွယ်ပစ္စည်းတွေကို ဝတ်ပြီးတော့ ခရီးသွားမှတ်တမ်းကိုယူပါမယ်။ ယူတဲ့အခါမှာ သက်ဆိုင်ရာရောဂါဖြစ်ပွားတဲ့ နိုင်ငံတွေကလာတယ်ဆိုရင် ဒီလူနာပိုပြီးတော့ ဖြစ်နိုင်တဲ့အခြေအနေမှာရှိပါတယ်။ အီဘိုလာဖြစ်ဖို့များမယ်ပေါ့။ နောက် သူ့ရဲ့ခံစားရတဲ့ ရောဂါလက္ခဏာတွေစစ်ဆေးပါမယ်။ ရောဂါဖြစ်ပွားတဲ့နိုင်ငံလည်း ရောက်ခဲ့တယ်။ ဖျားလည်းဖျားနေပြီဆိုရင် ဒါကို သံသယလူနာအဖြစ် သတ်မှတ်ပြီးတော့ သက်ဆိုင်ရာဆေးရုံတွေကို ပို့မှာဖြစ်ပါတယ်။

မေး။ ဒါနဲ့ပတ်သက်ပြီး သင်တန်းပေးတာတွေ၊ ဆွေးနွေးတာတွေ၊ အခြားလိုအပ်တဲ့ပစ္စည်းတွေ ဝယ်ယူဖြည့်တင်းတာတွေ လုပ်ထားပါသလား။

ဖြေ။ သင်တန်းတွေလည်းပေးနေပါတယ်။ ရောဂါစောင့်ကြပ်ကြည့်ရှုတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို သင်တန်းတွေပေးနေပါတယ်။ ဆေးရုံတွေမှာလည်း ဆရာဝန်၊ ဆရာမတွေကို ဒီရောဂါနဲ့ပတ်သက်ပြီးတော့ သင်တန်းတွေ ပေးနေပါတယ်။ အထူးသဖြင့် လူနာကနေတစ်ဆင့် ကျန်းမာရေးဝန်ထမ်းတွေ မကူးစက်အောင် လိုအပ်တဲ့သင်တန်းတွေ၊ ဒါနဲ့ပတ်သက်ပြီးတော့ လူနာဝတ်ရမယ့် အကာအကွယ် ပစ္စည်းတွေ၊ ကျန်းမာရေးဝန်ထမ်းတွေသုံးရမယ့် အကာအကွယ်ပစ္စည်းတွေ ဒါတွေကိုလည်း စနစ်တကျစုဆောင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ လေဆိပ်တွေအပြင် နိုင်ငံရဲ့ ဝင်ပေါက်ထွက်ပေါက်တွေ အထူးသဖြင့် နယ်စပ်ဒေသတွေမှာလည်း အီဘိုလာဗိုင်းရပ်စ်ရောဂါနဲ့ပတ်သက်ပြီးတော့ စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းတွေ အရှိန်အဟုန်မြှင့် ဆောင်ရွက်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ ပြည်သူလူထုရဲ့ ကျန်းမာရေးအသိပညာရှိဖို့လိုပါတယ်။ ပြည်သူလူထုကလည်း အီဘိုလာရောဂါနဲ့ပတ်သက်ပြီးတော့ ရောဂါပြင်းထန်ပုံတွေ၊ ကူးစက်တတ်ပုံတွေကို သေချာသိလာဖို့လိုပါတယ်။ သိထားဖို့ဆိုတာက အီဘိုလာရောဂါကြီး မြန်မာပြည်ထဲမှာဖြစ်နေတဲ့ပုံစံမျိုးထင်ပြီး တအားကြောက်လန့်နေဖို့မဟုတ်ပါဘူး။ ကြိုတင်သိထားရမှာပါ။ ဒါမှသာလျှင် ကြိုတင်ကာကွယ်လို့ရမှာဖြစ်ပါတယ်။

ပြည်သူလူထုအနေနဲ့ ဒီရောဂါကို တအားအကြောက်လွန်ပြီး မလိုအပ်ဘဲနဲ့ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုကို ဒီရောဂါနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေး အသိပညာပေးလုပ်ငန်းတွေ ပိုမိုပြီးတော့ ဆောင်ရွက်နေပါတယ်။ ကြိုတင်ကာကွယ်ဖို့ကို အဓိကလုပ်ရပါမယ်။ ကူးစက်မြန်ရောဂါအကုန်လုံးကလည်း ကြိုတင်ကာကွယ်တဲ့ဟာ အဓိက လက်ဆေးတဲ့အကျင့်ကိုလုပ်ရင် ကြိုတင်ကာကွယ်ပြီးသားဖြစ်ပါတယ်။ ကူးစက်ရောဂါတွေရဲ့ ၇၅ ရာခိုင်နှုန်း ကျော်ကျော်လောက်က လက်ဆေးလို့ရှိရင် ဒါ ကာကွယ်ပြီးသား ဖြစ်ပါတယ်။

ဒါကြောင့် ဒီလက်ဆေးတဲ့အကျင့်ကတော့ ဒီရောဂါတင်မဟုတ်ဘူး။ ကျန်းမာရေးအတွက်လည်း ကောင်းပါတယ်။ အမြဲတမ်းပစ္စည်းတစ်ခုခုကိုင်တွယ်ပြီးတာပဲဖြစ်ဖြစ်၊ ပုံမှန်ပဲဖြစ်ဖြစ် လက်ကိုဆပ်ပြာနဲ့ ဆေးတဲ့အကျင့်ကိုတော့ လုပ်ရပါမယ်။ နောက်တစ်ခုက အာဖရိကနိုင်ငံတွေသွားမယ်ဆိုရင် တတ်နိုင်ရင် ဒီအချိန်မှာ ခရီးမသွားသေးဘဲနဲ့နေပါ။ မဖြစ်မနေသွားရမယ်ဆိုလို့ရှိရင်လည်း အီဘိုလာကူးစက်မြန်ရောဂါနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ အသေအချာဆွေးနွေး မေးမြန်းပြီး သွားဖို့ လိုပါတယ်။ အဓိကကတော့ လူနာတွေနဲ့ မထိတွေ့၊ မကိုင်တွယ်ဖို့ရယ်၊ ရောဂါရှိတဲ့တိရစ္ဆာန်တွေကိုရောပေါ့။ တိရစ္ဆာန်တွေမှာ ရောဂါရှိ၊ မရှိ စမ်းသပ်ထားတာမရှိတဲ့အတွက် တတ်နိုင်ရင် တောရိုင်းတိရစ္ဆာန်တွေ ထိတွေ့ကိုင်တွယ်တာတို့၊ စားသောက်တာတို့မလုပ်ဖို့ ဒီဟာတွေရှောင်ကြဉ်ဖို့လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် သံသယရှိတယ်ဆိုရင် သက်ဆိုင်ရာကို ချက်ချင်းသတင်းပို့ဖို့ လိုပါတယ်။ သတင်းပို့တဲ့လူကိုယ်တိုင်လည်းပဲ ကျန်းမာရေးအတွက် စောစောစီးစီးကုသနိုင်ပါတယ်။ တခြားသူတွေကိုလည်း မကူးစက်အောင် ကာကွယ်ပြီးသားဖြစ်တာပေါ့။

မေး။ အခုလိုမျိုး အီဘိုလာနဲ့ပတ်သက်ပြီးတော့မှ ကြိုတင်ကာကွယ်မှု အပိုင်းတွေကို စနစ်တကျလုပ်ဆောင်ထားတယ်ဆိုပေမယ့် တကယ်တမ်း ရောဂါကူးစက်ခံရတယ်ဆိုရင် အဲဒီရောဂါကို ပျောက်ကင်းအောင်ကုသနိုင်ပါသလား။

ဖြေ။ ဖြစ်ခဲ့တဲ့လူနာ ၁၆၀၃ ယောက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆန်းစစ်တဲ့အခါမှာတော့ ဆေးကုသမှုလုပ်ငန်းက တော်တော်လေးခက်ခဲပါတယ်။ ဆားစ်တို့၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါတို့ဆိုရင် သူ့အတွက် ကုသရမယ့်ဆေးက သတ်သတ်မှတ်မှတ်ရှိပါတယ်။ အီဘိုလာဗိုင်းရပ်စ်ကျတော့ ဆေးတိတိကျကျမရှိပါဘူး။ ဆေးတိတိကျကျမရှိတဲ့အတွက်ကြောင့် သူ့ရဲ့လက္ခဏာအပေါ်မူတည်ပြီးတော့ပဲ ကုသပေးရတဲ့အနေအထားရှိတဲ့အတွက်ကြောင့် ကုသမှုအပိုင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်းပဲ ဒီရောဂါဟာ ကုသရတာအလွန်ခက်ခဲတယ်၊ ကုသရတာခက်ခဲတဲ့အတွက်ကြောင့် သေဆုံးနှုန်းကလည်း ပိုပြီးတော့မြင့်မားပါတယ်။ ဒါကြောင့် ကာကွယ်ရေးလုပ်ငန်းတွေကိုပဲ အဓိကဦးစားပေးဆောင်ရွက်ဖို့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှိုးဆော်ထားတာရှိပါတယ်။

(ဟုတ်ကဲ့။ အခုလို အီဘိုလာရောဂါအကြောင်းကို ပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့အတွက် ဆရာ့ကို ကျေးဇူးအများကြီးတင်ပါတယ်။)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၇

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်(၁)ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအဖြစ် ဦးစီးအရာရှိများ စွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းအပတ်စဉ်(၁)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ် အစည်းအဝေးခန်းမ ပုသိမ်ကြီးမြို့၌ ဩဂုတ် ၄ ရက်မှ ၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးစီးရုံးချုပ် အရာထမ်းများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဦးစီးအရာရှိ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့သည်။

ရည်ရွယ်ဖွင့်လှစ်

အဆိုပါသင်တန်းသို့ သင်တန်းသားအဖြစ် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးများရှိ ၅၄ မြို့နယ်မှ ပထမအကြိမ်အဖြစ် ဦးစီးအရာရှိ ၂၇ ဦး တက်ရောက်ခဲ့ပြီး အရာထမ်းများအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို သိရှိပြီး ခေတ်နှင့်လိုက်လျောညီထွေစိတ်ဓာတ်ပါ ပြောင်းလဲလိုက်ပါလုပ်ဆောင်ရေး၊ အရာထမ်းတစ်ဦးချင်းစီ၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များအပေါ် တာဝန်ယူတတ်မှု၊ တာဝန်သိတတ်မှု၊ တာဝန်ခံတတ်မှုများ ပိုမိုမြင့်မားလာစေရန်နှင့် မိမိတာဝန်ဝတ္တရားများကို ကြိုးစားလုပ်ကိုင်တတ်ရေး၊ လုပ်ငန်းများကို လျင်မြန်ထိရောက်စွာဖြင့် စွမ်းဆောင်ရည်ရှိစွာ လုပ်ကိုင်တတ်ရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူပိုင်းဒေသ
စိမ်းစိုဖို့
သစ်တောသစ်ပင်တွေ
ထိန်းသိမ်းစို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရေဘေးကြုံတွေ့နေရသူများအား ကူညီနေရာပြောင်းရွှေ့ချထားပေး

မော်လမြိုင် ဩဂုတ် ၇

မွန်ပြည်နယ်အတွင်း ဩဂုတ် ၅ရက်နှင့် ၆ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ စီးဆင်းလာသဖြင့် ကျိုက်ထိုမြို့နယ် ဘိုရားကြီးကျေးရွာ တောင်ပိုင်း အရှေ့ကွက်သစ်၊ အနောက်ကွက်သစ်၊ အရှေ့တာပေါင်၊ အနောက်တာပေါင်ရှိ နေအိမ်များသို့ ရေအမြင့်ပေ နှစ်ပေခန့် ဝင်ရောက်ခဲ့သဖြင့် ရေလွှမ်းမိုးခံရသည့် အဆိုပါရပ်ကွက်များရှိ အိမ်ခြေ ၂၀၀၊ အိမ်ထောင်စု ၂၁၃ ဦး လူဦးရေ အမျိုးသား ၂၅၀၊ အမျိုးသမီး ၃၀၀ တို့ကိုလည်းကောင်း၊ သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာရှိ မင်းတဲစုရပ်ကွက်၊ နှမ်းတောင်းစုရပ်ကွက်၊ ရွှေဟင်္သာရပ်ကွက်၊ ဘူတာလမ်းရပ်ကွက်တို့တွင် နေအိမ်များ ရေလွှမ်းမိုးခံရသည့်အတွက် ယင်းရပ်ကွက်မှ ရေလွှမ်းမိုးခံရသော အိမ်ခြေ ၁၅၀၊ အိမ်ထောင်စု ၁၅၀၊ လူဦးရေ အမျိုးသား ၁၉၀၊ အမျိုးသမီး ၂၁၀ တို့ကို သိမ်ဆိပ်ကျေးရွာ မူလတန်းကျောင်းနှင့် သိမ်ဆိပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း ရေလွတ်ရာသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ သထုံမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ ကျိုက်ထိုမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး အဖွဲ့ဝင်များ၊ လူမှုရေး

အသင်းအဖွဲ့များက ခေတ္တရွှေ့ပြောင်းနေရာချထားပေးကာ ရေဘေးကြုံတွေ့နေရသူများအား အရေးပေါ်ကျန်းမာရေးစစ်ဆေးကုသပေးပြီး အစားအစာ၊ ရေနှင့် အဝတ်အထည်များ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းလှိုင်(မော်လမြိုင်)

ရေဘေးရှောင်ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်ပေးမှုများ ဆောင်ရွက်လျက်ရှိ

မော်လမြိုင် ဩဂုတ် ၇

မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် အဖွဲ့သည် တောင်ကျရေများကြောင့် ဩဂုတ် ၅ ရက်က နစ်မြုပ်ခဲ့သော ကျိုက္ကော်ဈေးသို့ သွားရောက်ပြီး ရေကြီးခြင်းကြောင့် ဈေးအတွင်း တင်ကျန်ရစ်သောနုန်းများ၊ အမှိုက်များကို စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ ရှင်းလင်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ အမက (သာသနာ) သို့ ယာယီရွှေ့ပြောင်းနေထိုင်ကြသော ပြည်သူများနှင့် တွေ့ဆုံ အားပေးခဲ့သည်။ ရေဘေးရှောင်ပြည်သူများအတွက် လိုအပ်သောစားရေး၊ သောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်/ကျေးရွာကော်မတီဝင်များ၊ရပ်မိရပ်ဖများက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့်ပေါင်းစပ်၍ အိမ်ထောင်စု ၁၃၀ စာ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် ပေါင်မြို့နယ် ဇင်းကျိုက်မြို့၌ လမ်းရေကျော်မှုများကို လျော့နည်းသက်သာစေရန် စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ လမ်းဘေးရေမြောင်းများ၊ ရေဆွဲမြောင်းများ တူးဖော်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မြင့်သိန်း(မော်လမြိုင်ကိုယ်ပွား)

ညောင်လေးပင်၌ လယ်မြေဧရိယာပေါင်း ၁၈၆၉၆ ဧက ရေလွှမ်းနစ်မြုပ်

ညောင်လေးပင် ဩဂုတ် ၇

ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေလျှံတက်ကာ ညောင်လေးပင်မြို့အတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်း ခံခဲ့ရသည်။

ရာသီမိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေလျှံတက်ကာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၃၅ အုပ်စု၊ ကွင်းပေါင်း ၁၂၄ ကွင်း၊ တောင်သူပေါင်း ၂၈၆၆ ဦး၊ ဦးပိုင်ပေါင်း ၃၅၁၂၊ ဧရိယာပေါင်း ၁၈၆၉၆ ဧကရှိသော စိုက်ပျိုးပြီး လယ်ယာမြေများ ရေလွှမ်းမိုးခံခဲ့ရသဖြင့် တောင်သူများ အခက်အခဲနှင့် တွေ့ကြုံနေရသည်။ အဆိုပါ ကျေးရွာအုပ်စုများထဲတွင် မုက္ခမူကျေးရွာရှိ အမကကျောင်းနှင့် ရေဖြူကန်ကျေးရွာရှိ အမကမူလွန်ကျောင်းတို့ ရေကြီးခဲ့သဖြင့် ခေတ္တကျောင်းပိတ်ထားခဲ့ရပြီး မုက္ခမူကျေးရွာတွင် အိမ်ခြေ ၂၅ လုံး၊ အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၉၈ ဦး၊ ရေတွင်းကုန်းကျေးရွာတွင် အိမ်ခြေ ၄၅ လုံး၊ အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၂၂၄ ဦး၊ ရေဖြူကန်ကျေးရွာတွင် အိမ်ခြေ ၂၉ လုံး၊ အိမ်ထောင်စု ၂၉ စု၊ လူဦးရေ ၁၃၀ တို့အား နီးစပ်ရာဆွေမျိုးများထံသို့ ခေတ္တရွှေ့ပြောင်းခဲ့ရသည်။ အဆိုပါ ရေကြီးနစ်မြုပ်ခြင်းသို့ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သီဟနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုက္ခမူကျေးရွာအုပ်ချုပ်ရေးမှူး ဦးနန်းလွင်၊ ရေဖြူကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မိုးတို့သည် ရေကြီးခံခဲ့ရသော လယ်ယာမြေများသို့ ကွင်းဆင်းစစ်ဆေးကာ စာရင်းများကောက်ယူပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ချောင်းအတွင်းသို့ ရေဆင်းကူးရာမှ ကျောင်းသားနှစ်ဦးရေနစ်သေဆုံး

နေပြည်တော် ဩဂုတ် ၇

ဩဂုတ် ၆ ရက် ညနေ ၃ နာရီခွဲက ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ တောင်ပိုင်းရပ်ကွက်တွင် ကျောင်းသားနှစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်းသိရသဖြင့် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ပျဉ်ပုံအခြေခံပညာအထက်တန်း ကျောင်းသား မောင်မာန်ဖုန်းနိုင် (၁၅နှစ်)ပါ လေးဦးသည် ချောင်းမကြီးချောင်းအတွင်း ရေဆင်းကူးစဉ် မောင်မာန်ဖုန်းနိုင်နှင့် မောင်ဖြိုးသီဟဇော် (၁၅နှစ်)တို့နှစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ **ကိုရဲ**

သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော အမကကျောင်းဆောင်သစ်ဆောက်လုပ်

ခင်ဦး ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျွန်းလည်ကျေးရွာ အမကကျောင်းသည် မေလက လေပြင်းတိုက်ခတ်မှုကြောင့် ပင်မဆောင် ပျက်စီးသွားခဲ့သဖြင့် ပညာရေးဌာနမှ အလျားပေ ၁၀၀၊ အနံပေ ၃၀၊ ငါးခန်းနှစ်ခန်းကျောင်းဆောင် သစ်ဆောက်လုပ်ရန် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၆၀ ခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ပင်မကျောင်းဆောင် ပျက်စီးခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားနိုင်ရန် အောင်ဇမ္ဗူကျောင်းတိုက် ဓမ္မာရုံနှင့် ယာယီကျောင်းဆောင် ဆောက်လုပ်၍ ပညာသင်ကြားနေပြီး ၎င်းကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၃ ဦးရှိပြီး ဆရာ ဆရာမ ငါးဦးက သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် အမြန်ဆုံးဆောက်လုပ်ပြီးစီးနိုင်ရေးအတွက် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်သန်းတို့က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ကျေးရွာ ရပ်မိ/ရပ်ဖများနှင့် တွေ့ဆုံ၍ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ကြည်ဆန်းက စာကြည့်တိုက်များ အကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၆၆၅၂၊ Volvo 940GL S/L (4x2)L ယာဉ်လက်ဝယ်ရှိသူ ဇန္နလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၅ ရပ်ကွက်၊ ခရေ(၁)လမ်း၊ မြကန်သာအိမ်ရာ၊ တိုက်အမှတ် R-2 ၊ အခန်းအမှတ် ၅၀၁ ဟုခေါ်တွင်သော စတုတ္ထထပ်(အပေါ်ဆုံးထပ်)၊ တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်းပေ(၂၃×၃၀)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝါဝါမြင့် ၁၃/တကန(နိုင်)၁၁၁၅၇၁ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်တင်စုဝေ (စဉ်-၃၂၆၉၃) (LL.B,D.B.L,D.M.L)

ဦးဝင်းထိုက် (စဉ်-၃၆၇၃၇) (LL.B,D.B.L)

အထက်တန်းရှေ့နေများ

Myanmar United Land Co.,Ltd. အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် ဥပဒေအကြံပေး

အမှတ် ၆၆/၆၈ (မြေညီထပ်)၊ စံရိပ်ငြိမ် ၆ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၃၁၂၉၈၇၂၄၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂၁

ကုမ္ပဏီထုတ်လုပ်မှုလိုင်စင် ပျောက်ဆုံးကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ စက်မှုဇုန်၊ ဇုန်(၂)၊ မင်းကြီးမဟာမင်းခေါင်လမ်းပေါ်ရှိ Gallant Ocean အအေးခန်းစက်ရုံတွင် ယခင်က စက်ရုံမန်နေဂျာနှင့် ယခုလက်ရှိ စက်ရုံမန်နေဂျာတို့ အပြောင်းအရွှေ့တာဝန်ယူစဉ်ကာလအတွင်း Gallant Ocean Production Co.,Ltd. ၏ ထုတ်လုပ်မှုလိုင်စင်မှ ပျောက်ဆုံးသွားခဲ့ပါသည်။ သို့ပါ၍ ထုတ်လုပ်မှုလိုင်စင်အသစ်အား ပြန်လည်လျှောက်ထားခြင်းနှင့်အတူ ထုတ်လုပ်မှုလိုင်စင် ပျောက်ဆုံးမှုအား အများသိစေရန် ကြေညာအပ်ပါသည်။

Gallant Ocean Production Co.,Ltd.

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အထက (၃) တက္ကသိုလ်ဝင်တန်း(F)မှ မောင်အောင်ပြည့်၏ ဖခင်အမည်မှန်မှာ ဦးချစ်ခိုင်ဖြစ်ပါသည်။

ဦးချစ်ခိုင် ၁၄/ပတန(နိုင်)၁၃၇၉၇၇

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/ 2971၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၄၊ မြေကွက်အမှတ် ၁/ခ B-၈၄၊ မြေကွက်တည်နေရာအမှတ် ၈၈၆/ဂ၊ ကျောင်းလမ်း၊ ၁၀ မိုင်၊ အင်းစိန်မြို့နယ် ဦးမောင်မောင်လတ်-ဒေါ်တင်မျိုးဝေအမည်ပေါက် နှစ် ၆၀ အငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်မျိုးဝေ ကွယ်လွန်သဖြင့် ဦးမောင်မောင်လတ် ၁၂/ဒဂန(နိုင်)၀၁၈၂၅၀က ခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်အတွင်းရှိ ဟိုပန်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲနှင့် မန်ကန်မြို့နယ်ခွဲများမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ သဲ၊ သံချောင်းလုံး (ရွယ်စုံ)နှင့် သစ် စသည့်လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။	**အိတ်ဖွင့်တင်ဒါအမှတ်**	- အမှတ်(၂) (၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)
၃။	**တင်ဒါပိတ်မည့်ရက်/အချိန်**	- ၂၁-၈-၂၀၁၄ရက်၊ ၁၆း၀၀နာရီ
၄။	**တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၂၂-၈-၂၀၁၄ရက်၊ နံနက် ၉း၃၀နာရီ
၅။	**တင်ဒါ/တင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ**	- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့ ဖုန်း-၀၈၂-၇၄၁၄၇

၆။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲ၊ မန်ကန်မြို့နယ်ခွဲရုံးများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၄) ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၃၂/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ် လ ၇ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၄) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၄) ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၆-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၇/၂၀၁၂)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၈/၂၀၁၂) နှင့် ၁-၈-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၀/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၄)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

(၁)	ကြည်း ၄၉၆၅၃ ဗိုလ်ကြီး ခိုင်မျိုးဦး	**(အစား)**	ကြည်း ၃၂၅၇၂ ဗိုလ်ကြီး ငြိမ်းချမ်းဝင်း
(၂)	ကြည်း ၃၃၆၈၈ ဗိုလ်ကြီး မင်းဇော်	**(အစား)**	ကြည်း ၅၃၆၈၀ ဗိုလ်ကြီး ဇာနည်အောင်
(၃)	ကြည်း ၃၀၇၆၆ ဗိုလ်ကြီး ဝင်းနိုင်ထွန်း	**(အစား)**	ကြည်း ၃၃၉၀၀ ဗိုလ်ကြီး တင်ဝင်းနိုင်
(၄)	ကြည်း ၄၈၃၅၂ ဗိုလ်ကြီး ကျော်သူ	**(အစား)**	ကြည်း ၃၁၂၈၃ ဗိုလ်ကြီး လင်းသက်အောင်

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် ရေဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့

နေပြည်တော် ဩဂုတ် ၇

ဩဂုတ် ၆ ရက် နံနက် ၃ နာရီမှ ၉ နာရီအထိ ကချင်ပြည်နယ် မန်စီမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး နောင်းဟူချောင်းရေကြီးမှုကြောင့် မန်သာကျေးရွာမှ နေအိမ် ၅၀ နှင့် တုံပလွေကျေးရွာ ရေချောင်းအနီးရှိ နေအိမ် ၃၀ ခန့်တို့၏ အောက်ထပ်များသို့ ရေဝင်ခဲ့ပြီး တောင်သူ ၉၀ ၏ လယ်မြေဧက ၃၀၀ ခန့် ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ဝေါမြို့နယ်

အလားတူ ယင်းနေ့နံနက် ၄ နာရီမှစ၍ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကံမြင့်ကျေးရွာ၊ ကော့ဝင်းကျေးရွာ၊ မိုးနက်ကျေးရွာ၊ ကျုံသင်ကျေးရွာ၊ ညောင်သုံးခွကျေးရွာနှင့် ကဒွတ်ကျေးရွာတို့၌ ရေအမြင့် တစ်ပေမှ လေးပေခန့်အထိ ဝင်ရောက်လျက်ရှိသဖြင့် ယင်းကျေးရွာများရှိအိမ်ထောင်စု ၃၁၀ မှ လူဦးရေစုစုပေါင်း ၁၆၂၃ ဦးတို့မှာ ကျေးရွာအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ လည်းကောင်း၊ ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် သနပ်ပင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး စစ်တောင်းတူးမြောင်း ရေလျှံမှုကြောင့် မင်းရွာကျေးရွာအတွင်းသို့ ရေအမြင့် လေးပေခန့်ဝင်ရောက်နေသဖြင့် အိမ်ထောင်စု ၆၅ စုမှ လူဦးရေစုစုပေါင်း ၃၅၀ တို့မှာ ကျေးရွာရှိ ကမ္ဘာ့ဒွါန်းဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး မင်းရွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စိုးရိမ်ရေမှတ်ကျော်လွန်

ထို့အပြင် ပဲခူးမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး ပဲခူးမြို့ပေါ်ရပ်ကွက်များနှင့် လမ်းများအတွင်း ရေများဝင်ရောက်လျက်ရှိသဖြင့် ကျောက်ကြီးစု ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ကျွန်းသာယာရပ်ကွက်ရှိ အနောက်ရွှေနံ့သာ ဘုန်းကြီးကျောင်း၊ ကလျာဏီရပ်ကွက်ရှိ ကလျာဏီသိမ်တော်ကြီး၊ မဇင်းရပ်ကွက်ရှိ နောင်တော်ကြီးဘုရားဝင်းနှင့် ကြေးနီကန်ဘုန်းကြီးကျောင်း၊ ဖိုင်း/တောင်ရပ်ကွက်ရှိ ကျောင်းသစ်ဘုန်းကြီးကျောင်း၊ ဝက်ဘာဘုန်းကြီးကျောင်း၊ ပညာတံခွန်ဘုန်းကြီးကျောင်းနှင့် ရွှေဘုန်းပွင့်ဘုန်းကြီးကျောင်း၊ ဖိုင်း/မြောက်ရပ်ကွက်ရှိ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် ဥသာမြို့သစ် အမှတ်(၇)ရပ်ကွက်ရှိ ကျိုက်ပွန်မင်းကျောင်းတို့တွင် အိမ်ထောင်စု ၁၀၃၃ စုတို့မှ လူဦးရေ စုစုပေါင်း ၅၆၅၄ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

သံတွဲမြို့နယ်

ထို့အပြင် ယင်းနေ့နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်မှုကြောင့် အံတော်ကျေးရွာ ချောင်းအနီးရှိ အိမ်ထောင်စု ၂၀ စုမှ လူဦးရေ ၉၂ ဦးကို အံတော်ဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း၊ သမုတ်ချောင်းအနီးရှိ အိမ်ထောင်စု ၂၀ စုမှ လူဦးရေစုစုပေါင်း ၄၅ ဦးနှင့် သံတွဲချောင်းရေတိုးပြီး ရေကျော်လျက်ရှိသဖြင့် သံတွဲမြို့ အမှတ်(၁/၂/၄)ရပ်ကွက်များရှိ အိမ်ထောင်စု ၄၉ စုမှ လူဦးရေ စုစုပေါင်း ၂၂၁ ဦးတို့ကို ရွှေဆံတော်ဘုရား တောင်ခြေဓမ္မာရုံသို့လည်းကောင်း သံတွဲခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ရေယာဉ်နစ်မြုပ်

ထို့အပြင် ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး အလယ်ကျော်ကျေးရွာမှ ဝါးခယ်မမြို့နယ် ကျုံမငေးမြို့သို့ ကျုံမငေးမြို့နေ ဦးမောင်ကိုကြီး(၄၅ နှစ်) မောင်းနှင်လာသော သိန်းသန်းအောင် ခရီးသည်တင် ပဲ့ထောင်ရေယာဉ်သည် မြစ်ကြီးပိုကျေးရွာနှင့် ကဖောင်းကျေးရွာကြား ဇန်ကီရေကျော် အရောက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နစ်မြုပ်သွားခဲ့ပြီး ရေယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အခင်းဖြစ်နေရာသို့ လှိုင်းဘုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

မြဝတီ-ကော့ကရိတ်လမ်းပိုင်း ဒေသခေါ် ရေတံခွန်ကြီးနေရာတွင် မိုးသည်း ထန်စွာရွာသွန်းမှုကြောင့် လမ်းများပျက်စီးလျက်ရှိရာ ဩဂုတ် ၆ ရက် က ခြောက်ဘီးကုန်တင်ယာဉ်တစ်စီးမှာ နှစ်ထပ်လမ်းမှချော်ကျ တိမ်းမှောက်စဉ်။ မြတ်ကို(ဒေါနမြေ)

သတင်းထောက်မွမ်းမံသင်တန်း ပို့ချမည်

နေပြည်တော် ဩဂုတ် ၇

မြန်မာ့အလင်းနှင့်ကြေးမုံ သတင်းစာများတွင် သတင်းရေးသားပေးပို့နေကြသည့် သတင်းထောက်များ လုပ်ငန်းအဆင်ပြေစေရေးအတွက် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီးရှိ သတင်းထောက်များကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဖွင့်လှစ်သော သတင်းထောက်များ မွမ်းမံသင်တန်း (၂/၂၀၁၄)ကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ မြို့တော်ခန်းမ၌ ဩဂုတ် ၉ရက်မှ ၁၁ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူးချုပ်နှင့် ဥပဒေပညာရှင် ဦးဟန်ညွန့်(ဥပဒေ)တို့က ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သတင်းစာတိုက်များသို့ သတင်းရေးသားပေးပို့ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရေး နည်းလမ်းများကိုလည်း အပြန်အလှန်ညှိနှိုင်းဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းထောက်မွမ်းမံသင်တန်းသို့ တက်ရောက်လိုကြသည့် မြို့နယ်သတင်းထောက်များနှင့် သတင်းစာပညာစိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း-၀၆၇-၃၆၁၄၂၊ ၀၆၇-၃၆၁၄၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **ဇင်ဦး**

လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင်သတိပြု

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ မြေကွက်အမှတ် ၄ ၏ တစ်စိတ်တစ်ဒေသ၊ ဧရိယာ ၄ဒသမ ၅၇၆ဧကအနက်မှ ၀ဒသမ ၀၆၅ဧက၊ မြေကွက်တည်နေရာအမှတ် ၄/၂၈(က)၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် ဘီ၊ မြေပိုင်မြေ၊ အောင်ဓမ္မရိပ်သာဂရန်ပေးရေးစီမံချက်အတွင်း ပါဝင်သောမြေကွက်အား မူလနေထိုင်သူ ဦးမြင့်စိုး၊ ဒေါ်နုရီထံမှ ၁၄-၅-၂၀၀၄ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဗိုလ်မှူးချုပ်အုန်းသွင် ၁၂/လကန(နိုင်)၀၂၅၂၁၂၊ ဒေါ်စန်းစန်းနွယ် ၁၂/လကန(နိုင်)၀၂၅၁၃၀ တို့က အရောင်းအဝယ်အရပ်ကတိစာချုပ်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံ/ဆိပ်ကမ်းမြို့နယ်၊ (၁၅၁)ရပ်ကွက်၊ မြေကွက်အမှတ် ၁၂၁ဟုခေါ်တွင်သော (အလျားပေ ၄၀×အနံ ၆၀ပေ)ရှိ ဦးကျင်သိန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးအောင်မောင်း ၁၄/ဘကလ(နိုင်)၀၁၉၅၃၁ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးမင်း LL.B
အထက်တန်းရှေ့နေ
အမှတ် ၇၃၄၊ ဗိုလ်တေဇလမ်း၊ ၁၀မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၉၃၄၇၀

အောင်ဇမ္ဗူ
ဒဂုံအရှေ့
မြေကွက်များဝယ်လိုသည်
ဖုန်း-၀၉-၄၂၁၀၃၂၃၄၁၊
၀၉-၃၁၂၇၀၇၆၅

သစ်တောသစ်ပင်
တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၇

ဦးထွန်းဝင်း	နှင့်	၁။ ဦးအိုက်ပေါင်း ၂။ ဦးလှပြည့် ၃။ ဒေါ်မြငယ်
တရားလို		**တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၃၂×၃၃)လမ်းကြား၊ (၇၄×၇၅)လမ်းကြားနေ ဦးအိုက်ပေါင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၇၂)၊ ဦးပိုင်အမှတ်(၁-င)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၂ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်စိုးညွန့်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
အောင်မြေသာစံမြို့နယ်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သတင်းအချက်အလက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဩဂုတ် ၅ ရက်နံနက် ၁၀ နာရီခွဲက အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်ရှိ Radford University မှ Vice-Provost Dr.Bill Kennan နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်ရှိ Radford University နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)တို့အကြား သတင်းအချက်အလက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေး အတွက်လည်းကောင်း၊ ပညာရေး ကဏ္ဍမြှင့်တင်မှုအတွက် အကြံပြုချက်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၂၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀-၆၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၃၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၇၄
ဥရောပ	တစ်ယူရို	၁၂၉၄-၁၃၁၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၄
ထိုင်း	တစ်ဘတ်	၃၀.၉-၃၂.၁၃
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၈၀၀၀-၁၈၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၆၀၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၀၀-၁၈၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၇၅-၁၄၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၃၀၀-၆၀၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၅၀၀-၂၆၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၅၀၀
သကြား	တစ်ပိဿာ	၉၀၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

တတိယအဆင့် အရှိန်မြှင့်တင်မှု ဆွေးနွေး

သီပေါ ဩဂုတ် ၇

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု Third Wave လုပ်ငန်းစဉ်တွင် ပါဝင်သည့် ဆွေးနွေးပွဲနှင့် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာ ၄၁ ဌာနမှ ဌာနဆိုင်ရာ တာဝန်ယူရှိသူများနှင့် ဝန်ထမ်းပေါင်း ၃၅၂ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ သီပေါမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ကြီးငါးရပ်၊ နိုင်ငံတော်၏ မူဝါဒများအကြောင်းနှင့် သန့်ရှင်းသော အစိုးရဖြစ်ရေးတွင် ဝန်ထမ်းများတစ်ဦးချင်း အရည်အသွေး ပြည့်ဝရေး၊ ပြည်သူများနှင့်ဆက်ဆံရာတွင် ဆက်ဆံရေးကောင်းမွန်စေရေးနှင့် ဥပဒေဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရပ်/ကျေးဥပဒေများ အောက်ခြေအဆင့်အထိ သိရှိဖြန့်ဝေရေးတို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုတတိယအဆင့် (Third Wave) လုပ်ငန်းစဉ် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်ကနိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **စိုင်း(သီပေါ)**

လယ်ဝေးမြို့နယ်၌ လျှပ်စစ်အန္တရာယ် သတိပေးမြေစိုက်ပိုစတာများစိုက်ထူ

နေပြည်တော် ဩဂုတ် ၇

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အန္တရာယ် သတိပေးမြေစိုက်ပိုစတာများစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြေစိုက်ပိုစတာများအား လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက အများပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ဖတ်ရှုမြင်တွေ့နိုင်သည့် အထက်တန်းကျောင်းနှစ်ကျောင်း၊ လယ်ဝေးမြို့ သီရိရတနာမြို့မဈေးနှင့် ဘူတာရုံတို့တွင်လည်း အသီးသီးစိုက်ထူခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်-ဇမ္ဗူသီရိ**

သင်ထောက်ကူ ပစ္စည်းများနှင့် ဗဟုသုတစာအုပ်များ လှူဒါန်းပွဲကျင်းပ

ပန်းတောင်း ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ အာသောကာရာမ ရွှေပင်ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့မှ The Actiontime Foundation အဖွဲ့နှင့် မေတ္တာရောင်ခြည်ပရဟိတအဖွဲ့တို့မှ သင်ထောက်ကူပစ္စည်းများနှင့် အထွေထွေဗဟုသုတစာအုပ်များ လှူဒါန်းပွဲကျင်းပသည်။ အခမ်းအနားတွင် အာသောကာရာမ ရွှေပင်ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းနာယက ဆရာတော်က ဩဝါဒစကားပြောကြားပြီး The Actiontime Foundation အဖွဲ့မှ ကျောင်းစာကြည့်တိုက်အတွက် အထွေထွေဗဟုသုတစာအုပ်များနှင့် မေတ္တာရောင်ခြည်ပရဟိတအဖွဲ့မှ ကျောင်းသား ကျောင်းသူ ၁၇၇ ဦးတို့အတွက် သင်ထောက်ကူ ခဲတံ၊ စာအုပ်၊ ကွန်ပါဘူးများ တစ်စုံစီလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(၀၀၈)**

ရထားရဲတပ်ဖွဲ့ အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် ရထားရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ ခေတ်နှင့်လိုက်လျောညီထွေစွာ စိတ်ဓာတ်ပါပြောင်းလဲလိုက်ပါလုပ်ဆောင်ရေးလုပ်ငန်းများကို လျင်မြန်စွာဖြင့် စွမ်းဆောင်ရည်ရှိရှိလုပ်ကိုင်တတ်စေရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့ အရာထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၁၄)ကို ရထားရဲတပ်ဖွဲ့ အမှတ် (၆)တပ်ခွဲမြစ်ငယ် သင်တန်းကျောင်း၌ ဩဂုတ် ၄ ရက် နံနက် ၇ နာရီခွဲက ဖွင့်လှစ်ရာ ရထားရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးသူရစန်းလွင်က တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရထားရဲတပ်ဖွဲ့မှ အရာထမ်း ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၈ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ခ/၁၂၊ ပါရမီရပ်၊ စစ်ကိုင်းမြို့နေ ဖခင်ဗိုလ်ကြီးတင်ထွန်း(ငြိမ်း) ၅/စကန(နိုင်)၁၄၇၃၅၆နှင့် မိခင်ဒေါ်မာလာမောင် ၅/စကန(နိုင်)၀၃၀၃၀၃ တို့၏သမီး မစုစန္ဒာထွန်း ၅/စကန(နိုင်)၁၄၇၂၃၁ သည် မိသားစုကိုအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သူနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလည်း လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

မိဘများ ဗိုလ်ကြီးတင်ထွန်း(ငြိမ်း)-ဒေါ်မာလာမောင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အောင်မြေသာစံမြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၇

ဦးထွန်းဝင်း	နှင့်	၁။ဦးအိုက်ပေါင်း
		၂။ဦးလှပြည့်
		၃။ဒေါ်မြငယ်
တရားလို		**တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၃၂×၃၃)လမ်းကြား၊ (၈၁×၈၂)လမ်းကြားနေ ဦးလှပြည့်၊ ဒေါ်မြငယ်(အတူနေ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် (၇၂)၊ ဦးပိုင်အမှတ်(၁-င)မြေကွက်နှင့် ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၁ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်စိုးညွန့်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
အောင်မြေသာစံမြို့နယ်တရားရုံး

TRADEMARK CAUTION NOTICE

Telenor ASA, a company organized under the laws of the **Norway** carrying on business and having its principal office at Snarøyveien 30, 1360 Fornebu, Norway is the owner and sole proprietor of the following Trade mark :-

Myanmar Registration Number. 4/3048/2014

Used in respect of : - "Insurance; financial affairs; monetary affairs; real estate business; telecommunications services"

Any unauthorised use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

Tin Ohnmar Tun, Tin Thiri Aung & The Law Chambers
Ph: 0973150632
Email: law_chambers@seasiren.com.mm
(For. Telenor ASA)
Dated. 8th August, 2014.

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

လူအုပ်စုတစ်စုက လူနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး ရိုက်နှက်ညှဉ်းပန်းနှိပ်စက် တားဆီးကာကွယ်သောလုံခြုံရေးတပ်ဖွဲ့ဝင်များအားရန်ပြုသဖြင့် ပြန်လည်ခုခံပစ်ခတ်ရာမှတစ်ဦးသေဆုံး

နေပြည်တော် ဩဂုတ် ၇

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဩဂုတ် ၆ ရက်က လူအုပ်စုတစ်စုက လူနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခဲ့သည့်အပြင် သွားရောက်တားဆီးကယ်ဆယ်သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုသဖြင့် ပြန်လည်ခုခံပစ်ခတ်ရာမှ လူတစ်ဦးသေဆုံးသွားခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်တွေမြို့နယ်ရှိ အမှတ်(၃၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ ဩဂုတ် ၆ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က လူနှစ်ဦးရောက်ရှိလာပြီး ည ၇ နာရီခန့်က ဆွေတာဟာမက်(ခ)မောင်စိန်၏ သားများဖြစ်သော အလူလာလုံ (၂၀ နှစ်) နှင့် လာဘာဟူစွန်း (၁၃ နှစ်)တို့အား မှန်စီကယ်ဆယ်ရေးစခန်းရှိ ကွမ်းယာဆိုင်သို့ ကွမ်းယာသွားဝယ်စဉ် ကယ်ဆယ်ရေးစခန်းရှိ လူအုပ်စုတစ်စုက ပစ္စည်းခိုးဝှက်တတ်သူများဖြစ်ကြောင်း ပြောဆိုကာ ဖမ်းဆီး၍ ကြိုးနှင့်တုပ်ပြီး ရိုက်နှက်ညှဉ်းပန်းနေကြောင်း လာရောက်တိုင်တန်းခဲ့သည်။

သို့ဖြစ်၍ ယင်းလူအုပ်စုသည် ရဲအရေးပိုင်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၂ မတရားချုပ်နှောင်မှုကို ကျူးလွန်နေကြောင်း သိရှိရသဖြင့် လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မတရားချုပ်နှောင်ခံထားရသူများအား ကယ်ဆယ်ရန် သွားရောက်ခဲ့ကြောင်း၊ ယင်းနေရာသို့ ရောက်ရှိစဉ် မှန်စီကယ်ဆယ်ရေးစခန်းရှိ လူ ၇၀ ခန့်က တုတ်၊ ဓား၊ လေးခွများ ကိုင်ဆောင်လျက် ဆူပူအော်ဟစ်နေသည့်အတွက် လူစုခွဲရန် သတိပေးပြီး လူစုခွဲစေခဲ့ကြောင်း သိရသည်။

လူစုခွဲရန် သတိပေးသည့်အမိန့်ကို မနာခံဘဲ လူအုပ်စုက ကြိုးတုပ်ဖမ်းဆီးထားသူနှစ်ဦးအား လယ်ကွင်းပြင်ဘက်သို့ ဆွဲခေါ်သွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယင်းလုပ်ရပ်မှာ လူသတ်မှုကျူးလွန်ရန် အားထုတ်နေခြင်းဖြစ်သည့်အတွက် ထိုသူနှစ်ဦး၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်ရန် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ ကာကွယ်ခုခံပိုင်ခွင့်အရ သေနတ်ဖြင့် ငါးချက်သတိပေးပစ်ခတ်ခဲ့ကြောင်း၊ သို့ရာတွင် လူအုပ်စုက ကြိုးတုပ်ဖမ်းဆီးထားသူနှစ်ဦးအား လယ်ကွင်းဘက်သို့ ဆက်လက်ဆွဲခေါ်သွားသဖြင့် လုံခြုံရေးတပ်ဖွဲ့က အဓိကရုဏ်းနှိမ်နင်းရေး ၁၂ ဗို့သေနတ်ဖြင့် တစ်ချက် ထပ်မံပစ်ခတ်ခဲ့ကြောင်း။

ထို့နောက် လူအုပ်စုသည် နောက်ဆုတ်မသွားဘဲ ရှေ့တိုးလာကာ တပ်ဖွဲ့ဝင်များအား အော်ဟစ်ဆဲဆိုပြီး ခဲများဖြင့်ပစ်ပေါက်ရန်ပြုလာသောကြောင့် အဓိကရုဏ်းနှိမ်နင်းရေးသေနတ်ဖြင့် လေးချက်ထပ်မံ ပစ်ခတ်တားဆီးခဲ့သည့်အတွက် လူအုပ်စုမှာ အနည်းငယ်ရှင်းလင်းသွားသောကြောင့် ဖမ်းဆီးခံထားရသူနှစ်ဦးအား ဆွဲထုတ်ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဓားကိုင်ထားသည့် ရှောင်ရှုအာလောင်(၃၀ နှစ်)၊ အဒူကဖူ (၅၂ နှစ်)၊ အဇူမာလစ်(၄၇ နှစ်)တို့အား ဓားလွှတ်ချရန် ပြောဆိုပြီး ထိန်းသိမ်းရန် ကြိုးစားစဉ် ရှောင်ရှုအာလောင်က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဓားမဖြင့် အတင်းဝင်ရောက် ခုတ်ခဲ့သဖြင့် တပ်ဖွဲ့ဝင်တစ်ဦးက ခုခံကာကွယ်သည့်အနေဖြင့် သေနတ်ဖြင့်တစ်ချက်ပစ်ခတ်ခုခံရာ ၎င်းမှာသေနတ်ထိမှန်ပြီး နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ကျန်ဓားကိုင်ထားသည့် အဒူကဖူနှင့် အဇူမာလစ်တို့အပါအဝင် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူရန် စစ်တွေမြို့မရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်မှုများနှင့် ပတ်သက်၍ တရားဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပစ္စတို သေနတ်တစ်လက်နှင့် ခဲယမ်းများဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၇

ဩဂုတ် ၄ ရက် နံနက် ၂ နာရီက ရှမ်းပြည်နယ် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်တွင် အမှတ်(၂၄)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (လားရှိုး) တပ်ဖွဲ့ဝင်များ၊ နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ လားရှိုးမှ မန္တလေးဘက်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ ချန်ရှော(ခ) စောချန်ရှော (၅၀နှစ်) မောင်းနှင်လာသည့် 1F/------SURF ယာဉ်ကို ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ ရှာဖွေရာ ချန်ရှော(ခ) စောချန်ရှော၏ ခါးတွင်ပတ်ထားသော ခါးပတ်ကြိုး အိတ်အတွင်းမှ ၉ မမ ပါရာပစ္စတို သေနတ်အနက်ရောင် တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၉ မမကျည် ၃၄ တောင့်နှင့် အလေးချိန် ၆၂ ဂရမ်ခန့်ရှိ ကျောက်စိမ်းတုံးရှစ်တုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဖမ်းဆီးရမိ အေးခဲကြက်သားများအား မီးရှို့ဖျက်ဆီး

နေပြည်တော် ဩဂုတ် ၇

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ Mobile Team အဖွဲ့သည် မယ်ယန်း စစ်ဆေးရေးဂိတ်၌ တရားမဝင် ကုန်စည်သွားလာစီးဆင်းမှုများကို စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိစဉ် ဇူလိုင်လဆန်းပိုင်းက မော်တော်ယာဉ် လေးစီးပေါ်မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ဒသမ ၆၀၅ သိန်းတန်ဖိုးရှိ အေးခဲကြက်သား ၉၃၂ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ သိမ်းဆည်းရမိအေးခဲ ကြက်သားများကို ဇူလိုင် ၅ ရက် ညနေ ၃ နာရီက ဌာနဆိုင်ရာတာဝန်ရှိသူများရှေ့မှောက်၌ ထုံး၊ ဒီဇယ်ဆီ များရောနှော၍ မီးရှို့ပြီး ဘိလပ်မြေ မှုန့်ဖျော်လောင်း မြေမြှုပ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ မြေမြှုပ်ထားသောဝန်းကျင်တစ်ဝိုက် ပိုးသတ်ဆေးဖျန်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထော်လာဂျီယာဉ် ဆိုင်ကယ်ကိုကျော်တက်စဉ် တိမ်းမှောက်

ကန့်ဘလူ ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကာဘိုး-ဇီးကုန်းကားလမ်းတွင် ဩဂုတ် ၃ ရက် ည ၈နာရီခန့်က ထော်လာဂျီယာဉ်က မော်တော်ဆိုင်ကယ်ကို ကျော်တက်စဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အရာခံသန်းဦး ကာဘိုးရဲကင်းမှူးတာဝန်ဆောင်ရွက်နေစဉ် ကာဘိုး-ဇီးကုန်းကားလမ်းပေါ်တွင်ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မိုင်တိုင်အမှတ် ၃၄/၆-၇ အကြား အနောက်မှ အရှေ့သို့ ဦးတင်ရှိန်(၅၄နှစ်) မောင်းနှင်ပြီး စပါးများနှင့် လူများတင်ဆောင်လာသော ထော်လာဂျီယာဉ် ၉၅/. . . . က ဌေးအောင် (၄၂နှစ်)မောင်းနှင်လာသော နယူးအမ်ဘိုဆိုင်ကယ်ကိုကျော်တက်စဉ် ထော်လာဂျီယာဉ်မှာ လမ်းတောင်ဘက်ကို ထိုးကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း ယာဉ်ပေါ်ပါလာသူ သိန်းမြင့် (၄၆ နှစ်)၊ မချိုမာ (၄၃နှစ်)၊ မစိုးစိုး (၂၆နှစ်)၊ မချင်း(၃၈နှစ်)နှင့် ဆိုင်ကယ်စီးသူ ဌေးအောင် (၄၂နှစ်)၊ ခင်မောင်သိန်း(၄၉နှစ်) တို့ ဒဏ်ရာများရရှိခဲ့၍ ဇီးကုန်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ ၁၂ ဦးဒဏ်ရာရရှိ

မကွေး ဩဂုတ် ၇

မကွေးမြို့နယ် ဒေါင်းနေကျေးရွာ အရှေ့တောင်ဘက် မကွေး-ရေနံချောင်းကားလမ်းမိုင်တိုင် အမှတ် ၃၄၃/၁ အနီးတွင် ဩဂုတ် ၅ ရက် ညနေ ၃ နာရီက ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒေါင်းနေတံတားရဲကင်းမှူး ဒုရဲအုပ်ဇော်ဌေးလွင်နှင့် အဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ မကွေးမှရေနံချောင်းသို့ ယာဉ်မောင်း ထွန်းဝင်း (၃၀နှစ်) ချောက်မြို့နေသူမောင်းနှင်လာသည့် မြမြင့်မိုရ်ခရီးသည်တင်ယာဉ်သည် ရှေ့မှ ယာဉ်မောင်း ဦးညွန့်ဝင်း(၄၇နှစ်) ချောက်မြို့နေသူမောင်းနှင်သည့် လိုက်ထရပ်အဖြူရောင်ယာဉ်ကို နောက်မှကျော်တက်စဉ် လိုက်ထရပ်ယာဉ်၏ ဝဲဘက်ခြမ်းကို နောက်မှဝင်ရောက်တိုက်မိခဲ့သဖြင့် မြမြင့်မိုရ်ကားမှာ လမ်း၏ ဝဲဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့ပြီး အဆိုပါ ယာဉ်ပေါ်ပါခရီးသည် အမျိုးသား ငါးဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၂ ဦး ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ထွန်းဝင်းကို မကွေးမြို့ မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ**

ကန့်ဘလူမြို့နယ်၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

ကန့်ဘလူ ဩဂုတ် ၇

ဩဂုတ် ၃ ရက် ညနေ ၄ နာရီခွဲက ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းနိုင်ဝင်းနှင့်အဖွဲ့သည် ကန့်ဘလူမြို့မရဲစခန်းမှ ဒုရဲအုပ်ဇင်ဗိုလ်ဗိုလ်အဖွဲ့နှင့်အတူ သတင်းအရ ကန့်ဘလူ-ထန်းကုန်းကားလမ်း မိုင်တိုင်အမှတ် ၅/၄ အနီးရပ်တန့်ထားသော နစ်ဆန်းဒီဇယ်ဖြူပြာကျား ယာဉ်အမှတ် ၂ခ/. . . . ကို တွေ့ရှိစစ်ဆေးရာ တမလန်းခွဲသားလုံး ၇ ဒသမ ၈၇၈၆ တန် သိမ်းဆည်းရမိ၍ကန့်ဘလူမြို့မရဲစခန်းက ပြည်သူပိုင်ကာကွယ်ရေး ဥပဒေပုဒ်မအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း**

ခေ့စပ်မင်္ဂလာကျေးဇူးတင်လွှာ

၂၀၁၄ခုနှစ် ဩဂုတ်လ ၃ရက် (တနင်္ဂနွေနေ့) Chatrium Hotel Grand ball တွင် ကျင်းပပြီးသော စေ့စပ်မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် မိတ်ဆွေမျိုးများလည်းကောင်း၊ စေ့စပ်မင်္ဂလာပွဲတွင် သတို့သားမောင်ထက်ပိုင်၏ မိဘများကိုယ်စား စေ့စပ်ကြောင်းလမ်းတောင်းခံပေးပါသော ပါမောက္ခဒေါက်တာဦးခင်ဇော်၊ သတို့သမီးမစန္ဒာလွင်၏ မိဘများကိုယ်စား စေ့စပ်ကြောင်းလမ်း လက်ခံပေးပါသော ပါမောက္ခဦးတင်ဝ၊ မင်္ဂလာဆုံးမဩဝါဒစကား ပြောကြားပေးပါသော ပါမောက္ခဒေါက်တာဦးပိုင်စိုးအားလည်းကောင်း၊ မင်္ဂလာစေ့စပ်လက်စွပ်များ ကိုင်ဆောင်ပေးပါသော မထက်အိန္ဒြေချိုနှင့် မစုသီရိခေတ်၊ မင်္ဂလာပန်းများ သယ်ယူဖြန့်ကြဲပေးပါသော မတော်ဝင်လင်းနှင့် မသုန္ဒြီချိုသာတို့အားလည်းကောင်း၊ ကိုဖိုးသား-မဇာဇာ(Zar and Diamond)နှင့် တန်ဖိုးရှိလှသောမိမိတို့၏ ကိုယ်ပိုင်အချိန်ပေးကြွရောက်ကာ မင်္ဂလာဆုတောင်းချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီစီစဉ်ပေးပါသော ကျေးဇူးတင်ထိုက်သူ ဆွေမျိုးများနှင့် မိတ်ဆွေများကို မောင်ထက်ပိုင်နှင့် မစန္ဒာလွင်၊ နှစ်ဖက်မိဘများကိုယ်စား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မောင်ထက်ပိုင်-မစန္ဒာလွင်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/8046 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ပြည်တွင်း၌ အလုံပိတ်ကုန်တွဲများတည်ဆောက်၍ မြန်မာ့မီးရထားသို့ ရောင်းချရန် စိတ်ဝင်စားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ [illegible] Open Tender [illegible]

၂။ [illegible] Open Tender [illegible]

၃။ Open Tender [illegible]

၄။ [illegible]

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ မြန်မာ့မီးရထား

ပြည်တွင်းနှင့် နိုင်ငံတကာအားကစား

ရာသီအဖွင့်ပွဲစဉ်မှာ ယှဉ်ပြိုင်မှုပြင်းထန်မယ့် ချန်ပီယံရှစ်

(မိုးမြင့်လင်းလက်)

၂၀၁၄-၂၀၁၅ ဘောလုံးရာသီရဲ့ အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်တွေကို ဩဂုတ် ၉ ရက်နဲ့ ၁၀ ရက်တွေမှာ စတင်ယှဉ်ပြိုင်ကစားကြပါတော့မယ်။ ချန်ပီယံရှစ်ပွဲစဉ်တွေဟာ လာမယ့်ဘောလုံးရာသီမှာ ရလဒ်တွေကောင်းမွန်စေဖို့အတွက် တာအထွက်ကတည်းက နိုင်ပွဲတွေကိုယ်စီရဖို့ ကြိုးစားတော့မှာဖြစ်ပါတယ်။

ဘလက်ဘန်းနှင့် ကာဒစ်ဖ်

ပရီမီယာလိဂ်က တန်းဆင်းလာတဲ့ ကာဒစ်ဖ်အသင်းဟာ ဘလက်ဘန်းကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရပါလိမ့်မယ်။ အိမ်ကွင်းခြေမာတဲ့ ဘလက်ဘန်းတို့ကလည်း ကာဒစ်ဖ်ကို ရှုံးပွဲတွေအလီလီ ကြုံတွေ့ခဲ့ဖူးတာမို့ အသာစီးရဖို့တော့ မလွယ်ပါဘူး။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၂၀၀၂ ခုနှစ် ချန်ပီယံရှစ်ပွဲမှာတော့ ဘလက်ဘန်းတို့ အိမ်ကွင်းမှာ တစ်ဂိုး-လေးဂိုးနဲ့ ရှုံးထားခဲ့တာမို့ သရေကျသွားနိုင်တဲ့ပွဲပါ။

ဘရန်ဖို့ဒ်နှင့် ချာလ်တန်

ချာလ်တန်တို့အတွက် စွမ်းဆောင်မှုကောင်းမှသာ တစ်မှတ်ရနိုင်မယ့်ပွဲပါပဲ။ လိဂ်(၁)က တန်းတက်လာတဲ့ ဘရန်ဖို့ဒ်တို့က အရှိန်ကောင်းနေတာမို့ ပွဲစဉ်မှာ အိမ်ကွင်းရလဒ်ကောင်းအောင် ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်း စုစုပေါင်း (၁၀) ကြိမ်တွေ့ဆုံခဲ့တဲ့ ပွဲရလဒ်တွေကိုကြည့်ရင် ဘရန်ဖို့ဒ်က ခုနစ်ပွဲနိုင်ပြီး ချာလ်တန်က ရှစ်ပွဲနိုင်ကာ သရေနှစ်ပွဲ ဖြစ်ထားပါတယ်။ အိမ်ရှင်တို့ အားသာချက်ရှိနေပါတယ်။

ဘရိုက်တန်နှင့် ရှက်ဖီးလ်

အိမ်ကွင်းမှာ ခြေစွမ်း ကောင်းမွန်တာကတော့ ဘရိုက်တန်ပါပဲ။ ဘရိုက်တန်ကွင်းမှာ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့နေရာမှာ ရှက်ဖီးလ်တို့ နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဘရိုက်တန်တို့ သုံးမှတ်ရသွားနိုင်ပါတယ်။

မစ်ဒယ်ဘရော့နှင့် ဘာမင်ဂမ်

ဒီနှစ်သင်းရဲ့ခြေစွမ်းက မကွာခြားပါဘူး။ ဒါပေမယ့် မစ်ဒယ်ဘရော့ကွင်းမှာ ကစားတိုင်း ဘာမင်ဂမ်တို့ နိုင်ပွဲရတာနည်းပြီး ကြိုးစားရှုန်းကန်ခဲ့ရတာချည်းပါပဲ။ ဒီနှစ်သင်း တွေ့ဆုံခဲ့တဲ့သမိုင်းကိုကြည့်ရင် မစ်ဒယ်ဘရော့က ၂၈ ပွဲနိုင်ပြီး ဘာမင်ဂမ်က ၂၉ ပွဲနိုင်ကာ သရေပွဲ ၁၉ ပွဲ ဖြစ်ထားပါတယ်။ ဒါကြောင့် လက်ရှိမှာတော့ အိမ်ရှင်ဘက်က အားပေးရင် မမှားပါဘူး။

ဝီဂန်နှင့် ရက်ဒင်း

ဝီဂန်တို့က ရက်ဒင်းနဲ့ဆုံတိုင်း အနိုင်ရတာများပါတယ်။ ရက်ဒင်းရဲ့ ကစားသမားတွေရဲ့ တိုက်ပွဲဝင်စိတ် နည်းပါးနေတာဟာလည်း ဒီနှစ်အစမှာ ပြုပြင်လာပြီလား ကြည့်ရမှာပါ။ ဒီနှစ်သင်းရဲ့ ဆုံတွေ့မှု (၂၂) ကြိမ်မှာ ဝီဂန်ဟာ ၁၀ ပွဲနိုင်ထားပြီး ရက်ဒင်းက ခုနစ်ပွဲ နိုင်ထားကာ သရေ ငါးပွဲဖြစ်ထားပါတယ်။ လက်ရှိ ခြေစွမ်းအရ ဝီဂန်ပရိသတ်အဖြစ် အားပေးရင် အကောင်းဆုံးပါပဲ။

အစ်ဆွစ်နှင့် ဖူလ်ဟမ်

အစ်ဆွစ်ကွင်းမှာ ဖူလ်ဟမ်တို့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ အစ်ဆွစ်ဟာ အိမ်ကွင်းမှာ ကစားအားကောင်းတာမို့ ဖူလ်ဟမ်တို့ အမှတ်ရဖို့ ခြေကုန်ထုတ်ရပါလိမ့်မယ်။ ။

လီဂူး၊ ချန်ပီယံရှစ်ပွဲစဉ် နှင့် ခြေစမ်းပွဲစဉ်များ (သီဟ)

ပြင်သစ်လီဂူး ပွဲစဉ်(၁)			**ဩဂုတ် ၉**
ရိမ်းစ်	-	ပီအက်စ်ဂျီ	နံနက် ၁း၀၀
အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၁)			**ဩဂုတ် ၉**
ဘလက်ဘန်း	-	ကာဒစ်ဖ်	နံနက် ၁း၁၅
နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ			**ဩဂုတ် ၈/၉**
လာဆီ	-	အက်စ်ကီဆက်ဟာစပေါ်	ည ၉း၃၀
ဟမ်းဘတ်	-	လာဇီယို	ည ၁၁း၁၅
ဆီဗီလာ	-	ကော်ဒိုဘာ	နံနက် ၁း၀၀
ချယ်လ်ဆီး	-	ဘက်ဆစ်တပ်	နံနက် ၂း၀၀

ကလပ်ခြေစမ်းပွဲ ဩဂုတ် ၆/၇ ဂိုးရလဒ်များ

ဝါဒါဘရီမင်	၀-၂	ဟန်နိုဗာ
ဆလက်ဝရိုခလော	၀-၃	ဒေါ့မွန်
ဘိုလော့ဂ်နာ	၀-၁	ဆက်ဆူအိုလို
ကော်ဒိုဘာ	၂-၀	ကာဆာဘလန်ကာ
စတုတ်စီးတီး	၂-၀	ဘက်တစ်
အဲဗာတန်	၁-၃	ဆယ်လ်တာဗီဂို
အောစတား	၂-၁	ဘိုင်ယန်မြူးနစ်
ဂတ်ဒါလာဂျာရာ	၀-၃	အေစီမီလန်
အူဒီးနိစ်	၆-၀	ဂျော်ဂျီဝမ်း
ဘာစီလိုနာ	၀-၁	နာပိုလီ
အိုဆာဆူနာ	၃-၁	ဘီလ်ဘာအို
ဂါလာတာစာရေး	၀-၀	အက်သလက်တီကို

မန်ဂါလာကို ပေါင် ၃၂ သန်းပေး ခေါ်ယူမည်

မန်စီးတီးအသင်းက ပေါ်တို နောက်တန်းကစားသမား အီလီယာကွီန်းမန်ဂါလာအား ပေါင် ၃၂ သန်းဖြင့် ခေါ်ယူစာချုပ်ရန် ယုံကြည်မှုရှိနေဆဲဖြစ်သည်။

အသက် ၂၃ နှစ်ရှိ ပြင်သစ်နောက်တန်း ကစားသမား မန်ဂါလာသည် ဇန်နဝါရီလက မန်စီးတီးသို့ လာရောက်ခဲ့ပြီးနောက် လီဗာပူးက ခေါ်ယူရန် အပြင်းအထန်ကြိုးစားလျက်ရှိသည်။ သူသည် ပေါ်တိုအသင်းကို ဖလားနှစ်လုံးရအောင် ကစားပေးထားသူဖြစ်သည်။

ဂျူဗင်တပ်စ် နောက်တန်းလူ ကျူပီအာရောက်

ပရီမီယာလိဂ်တန်းတက် ကျူပီအာက ဂျူဗင်တပ်စ်နောက်ခံလူ မော်ရစ်စီယိုအစ္စလာအား တစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ အသက် ၂၆ နှစ်ရှိ ချီလီနောက်တန်းကစားသမား အနောက်လန်ဒန်ကလပ်သို့ ရောက်ရှိလာပြီး စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။"သူဟာ ထိပ်တန်းကစားသမားတစ်ယောက်ပါ၊ ဒီမှာ သူအောင်မြင်တဲ့ ကစားသမားဖြစ်လာမှာပါ" ဟု နည်းပြရက်နက်က ဆိုသည်။ အစ္စလာသည် ကမ္ဘာ့ဖလားတွင် ချီလီအသင်းနှင့်အတူ လေးပွဲပါဝင်ကစားခဲ့သူ ဖြစ်သည်။

အက်သလက်တီကိုနောက်တန်းလူ လီဗာပူးခေါ်ယူ

လီဗာပူးက လာလီဂါချန်ပီယံ အက်သလက်တီကို မက်ဒရစ်မှ ဝဲနောက်တန်းကစားသမား ဂျာဗီယာမန်ကွီလိုအား နှစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ အသက် ၂၀ အရွယ်ရှိ စပိန်ကစားသမား မန်ကွီလိုသည် လီဗာပူးမှ နွေရာသီတွင် ခေါ်ယူခဲ့သည့် ခုနစ်ဦးမြောက် ကစားသမားဖြစ်လာသည်။

ရစ်ကီးလမ်းဘတ်၊ အဒမ်လယ် လန်နာ၊ အမ်မရီးဘမ်၊ မာကိုဗစ်၊ လော်ဗရင်နှင့် အိုရီဂီတို့ကိုလည်း လီဗာပူးက ခေါ်ယူထားသည်။

ကောင်းမြတ်သူ-စုစည်းသည်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၅၁၅၀၄၊ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဦး ၉/ပဘန(နိုင်)၁၄၅၄၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

ပျောက်ဆုံး

ကျွန်တော် သက်လွင်ဦး ၈/ဂဂန(နိုင်)၀၉၃၅၅၀၏ CDCနံပါတ် ၉၆၃၆၆၏ B.S.T 4 tickets လက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၀၁၆၇၃၅

သင့်သွေးဖြင့် အသက်ကယ်ပါ

အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၊ မြေကွက်အမှတ် ၁/မ၊ မြေပိုင်မြေ လ/န(၃-ခ)ရပြီး၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧ၊ ဒေါ်ခင်ညွန့်အမည်ပေါက် သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၉၀ဟုခေါ်တွင်သော တစ်ထပ်တိုက်အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၊ ဦးပိုင်အမှတ် ၁၉၇၊ အမှတ် ၅၂-ဘီ၊ နှင်းဆီကုန်းလမ်းနှင့် သဇင်ပန်းလမ်းထောင့်၊(က)ရပ်ကွက်၊အကျယ်အဝန်း(၂၅×၅၂)ပေပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်ဦးတင်အောင် ၁၂/သဃက(နိုင်)၁၃၈၇၆၆သည် အထက်ဖော်ပြပါမြေနှင့်အိမ်ပါသောခြံကွက်နှစ်ကွက်ကို ရောင်းချသူ ဦးချစ်လှိုင် S/DGNMTT-၀၀၀၃၇၆ထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ၁၀-၆-၂၀၁၄ ရက်တွင် ဦးချစ်လှိုင်အား အသိသက်သေများရှေ့မှောက်၌ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအပြင် ၂၆-၆-၂၀၁၄ ရက်တွင်လည်း မြန်မာ့အလင်းသတင်းစာ၌ ကန့်ကွက်နိုင်ပါသည်ဟု ကြေညာထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခြားတစ်ဦးဦးမှ ၎င်းအိမ်ခြံများအား ဝယ်ယူခြင်းပြုလုပ်ပါက ရောင်းချသူနှင့် ဝယ်ယူသူတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးတင်အောင် ၁၂/သဃက(နိုင်)၁၃၈၇၆၆
ဖုန်း-၀၉-၅၁၀၄၆၁၁

ဒေါ်မီမီခင်နှင့် အများသိစေရန်ကြေညာခြင်း

ဦးထိန်လင်း ၁၂/စခန(နိုင်)၀၁၇၉၅၀၊ ဦးမောင်မောင်ဦး ၁၂/ကတတ(နိုင်)၀၁၀၂၆၈၊ ဦးကျော်လင်း၁၂/ကတတ(နိုင်) ၀၁၀၂၇၀၊ ဦးချိုဝင်း(ခ) ဦးထွန်းအောင် ၁၂/ကတတ(နိုင်)၀၁၀၂၆၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၆ ရပ်ကွက်၊ ၃၈ လမ်း၊ တိုက်အမှတ် ၉၇၏ မြေညီထပ်(ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အထက်ဖော်ပြပါ လွှဲအပ်ညွှန်ကြားသူ(၄)ဦးနှင့် ဒေါ်ခင်မကြီးတို့သည် နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ၂၁-၂-၂၀၁၄ရက်စွဲပါစာချုပ်ကို ဒေါ်ခင်မကြီး၏ ရှေ့နေရှေ့မှောက်တွင် ချုပ်ဆိုဆောင်ရွက်ခဲ့ကြပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ လွှဲအပ်ညွှန်ကြားသူ (၄)ဦးမှ ပိုင်ဆိုင်အကျိုးခံစားခွင့် ရရှိခဲ့ပြီးဖြစ်သည့်အတွက် အထက်ပါ(၄)ဦး၏ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများမပြုလုပ်ကြရန် သတင်းစာတွင် အကြိမ်ကြိမ်ကြော်ငြာခဲ့ပြီးဖြစ်သော်လည်း **ယခုအခါ အထက်ဖော်ပြပါအခန်းတွင် ဒေါ်မီမီခင်မှ ဝင်ရောက်နေထိုင်လျက်ရှိသောကြောင့် ဤသတင်းစာပါသည့်နေ့မှ ၁၄ ရက်အတွင်း အခန်းပေါ်မှ ဖယ်ရှားထွက်ခွာပေးရန် အသိပေးကြေညာအပ်ပါသည်။** ဖယ်ရှားခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားစွဲဆိုရပါက တိုက်ခန်းပေါ်တွင် ဝင်ရောက်နေထိုင်သူ ဒေါ်မီမီခင်၏ တာဝန်သာဖြစ်ကြောင်း ဒေါ်မီမီခင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးထိန်လင်း၊ ဦးမောင်မောင်ဦး၊ ဦးကျော်လင်း၊ ဦးချိုဝင်း(ခ)ဦးထွန်းအောင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးထင်လင်းနိုင် LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂)
ရုံး-တိုက် (၉/၁၁)၊ အခန်းအမှတ် (005-B)၊၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၇

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ၏ နံနက်ပိုင်းပွဲစဉ်များတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးအားကစားကွင်း အမှတ်(၃)၌ အုပ်စု(က)မှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအသင်းအား နှစ်ဂိုး-ဂိုးမရှိနှင့် ကွင်းအမှတ်(၄)၌ အုပ်စု(ခ) ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သတ္တုတွင်းဝန်ကြီးဌာနအသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြသည်။

ညနေပိုင်းပွဲစဉ်များတွင် ကွင်းအမှတ်(၃)၌ အုပ်စု(ခ)မှ ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းအား သုံးဂိုး-နှစ်ဂိုးနှင့် ကွင်းအမှတ်(၄)၌ အုပ်စု(ဂ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဩဂုတ် ၈ ရက်ပွဲစဉ်များအဖြစ် နံနက်ပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(ဂ)မှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု(ဃ)မှ အားကစားဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်း၊ ညနေပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(ဃ)မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု(င)မှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❋ ကျောဖုံးမှ

အာရှပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် အထဲမှတစ်ခုဖြစ်သည်။ မြန်မာယူ-၁၉ အသင်းမှာ ဧပြီလကတည်းက လေ့ကျင့်မှုများ စတင်ပြုလုပ်နေခြင်းဖြစ်ပြီး ဇူလိုင် ၁ ရက်မှ ၂၅ ရက်အထိ ဂျာမနီနိုင်ငံနှင့် ဆလိုဗက်ကီးယားနိုင်ငံများသို့ သွားရောက်၍ လေ့ကျင့်မှုများပြုလုပ်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာယူ-၁၉အသင်းမှာ ယခု ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအပြီးတွင် အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာယူ-၁၉အသင်းမှာ ဘရူနိုင်း ဘုရင့်ဖလားပြိုင်ပွဲကို ကစားသမား ၂၀ ဖြင့် ယှဉ်ပြိုင်နေပြီး အောင်မြင်မှုရရှိရန် ကြိုးပမ်းနေပါကြောင်း။

❖ ရှေ့ဖုံးမှ

ရန်ကုန်မြို့တွင် မော်တော်ယာဉ်များနှင့်ကားပါကင်များ မလုံလောက်မှုဖြစ်ပေါ်နေရာ အထပ်မြင့်လူနေအိမ်များ တည်ဆောက်မှုတိုးပွားလာ သော်လည်း ယင်းအထပ်မြင့် အဆောက်အအုံတွင် နေထိုင်သောမိသားစုများအတွက်ပင် ကားပါကင်လုံလောက်မှုမရှိသည့် အခြေအနေတွင် ရှိနေဆဲဖြစ်ရာ မြို့နယ်တိုင်းတွင် ကားပါကင်နေရာများလိုအပ်လျက်ရှိနေဆဲဖြစ်သည်။ **(မြန်မာ့အလင်း)**

အသိပေးကြော်ငြာခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ၁-၈-၂၀၁၄ရက်တွင် ကြော်ငြာခဲ့သော Trollergy နှင့် Drilling Machine များ ဝယ်ယူမည့်တင်ဒါကြော်ငြာအား ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကြံစိုက်တောင်သူများ တွက်ခြေကိုက်၍ ယမန်နှစ်ကထက် နှစ်ဆကျော်တိုး၍ စိုက်ပျိုးကြ

ဖြူး ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ဖြစ်သည့် ကျောက်တံခါး၊ ကျောက်ကြီး၊ ဖြူးနှင့် အုတ်တွင်းမြို့နယ်တို့မှ ကြံစိုက်တောင်သူများ၏ ၂၀၁၃-၂၀၁၄ ခုနှစ်ကြံစိုက်ရာသီတွင် စိုက်ပျိုးခဲ့ကြသော ကြံစိုက်ခင်းများမှာ ယခုအချိန်တွင် အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။

ယခင် ၂၀၁၂-၂၀၁၃ ခုနှစ်ရာသီက ကြံစိုက်တောင်သူများ စိုက်ပျိုးခဲ့ကြသော ကြံစိုက်ဧက ၄၀၀၀ ကျော်မှ ကုန်ကြမ်းကြံသီးနှံများကို ဖြူးမြို့နယ် ဇေယျဝတီမြို့ ဆင်ဖြူတော် အဆင့်မြင့် သကြားစက်မှ ကြံစိုက်ခင်းများ အရောက်ကားထိုး၍ ကြံတစ်တန် ငွေကျပ်လေးသောင်းနှုန်း ပေးချေဝယ်ယူခဲ့သဖြင့် ကြံစိုက်တောင်သူများ တွက်ခြေကိုက်ကြကာ ယခု ၂၀၁၃-၂၀၁၄ခုနှစ် ကြံစိုက်ရာသီတွင် ယခင်နှစ်ကထက် ကြံစိုက်ဧက ထက်ဝက်ကျော်တိုးချဲ့စိုက်ပျိုးခဲ့သည်။

ယင်းသို့တိုးချဲ့စိုက်ပျိုးခဲ့ကြသော ကြံစိုက်ဧကများမှာ ကျောက်ကြီးမြို့နယ်တွင် ၄၆၂၃ ဧက၊ ကျောက်တံခါးမြို့နယ်တွင် ၉၉၂ ဧက၊ ဖြူးမြို့နယ်တွင် ၃၂၆၅ ဧက၊ အုတ်တွင်းမြို့နယ်တွင် ၉၄၅ ဧက စုစုပေါင်း ၉၈၂၅ ဧကအထိ တိုးချဲ့စိုက်ပျိုးခဲ့ကြသည်။

"ဒီနှစ်ကြံစိုက် တောင်သူများ တွက်ခြေကိုက် ဝင်ငွေကောင်းကြမှာပါ။ စပါးစိုက်ပျိုးသူတွေ မိုးခေါင်လို့ မိုးစပါးစိုက်ရန် မိုးမျှော်သောကရောက်နေကြရချိန်မှာ ကြံစိုက်ပျိုးထားသူတွေကတော့ ကြံစိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်လို့ စိတ်အေးကြရပါတယ်။ အခုနှစ်ရာသီဥတုဖောက်ပြန်ပြီး မိုးနောက်ကျပေမယ့် ကြံစိုက်ခင်းများကတော့ မြင်နေရတဲ့အတိုင်း အထူးအောင်မြင်ဖြစ်ထွန်းတယ်။ ကြံစိုက်တစ်ဧက အနည်းဆုံး ၂၅ တန်ကနေ တန် ၃၀ ဝန်းကျင်ထွက်ကြမှာမို့ ကြံတောင်သူတွေ ဝင်ငွေကောင်းကြဦးမှာပါ"ဟု ကြံစိုက်တောင်သူတစ်ဦးက ပြောပြသည်။

ဖြူး-မြင့်ဦး

ရွှေဘိုမြို့နယ်တွင် မီးထောင်ချောက်ထွန်းညှိခြင်းလုပ်ငန်းဆောင်ရွက်

ရွှေဘို ဩဂုတ် ၇

တောင်သူ လယ်သမားများအတွက် ယနေ့ရင်ဆိုင်နေရသော အဓိကပြဿနာကြီးမှာ စပါးတွင်ကျရောက်သော ဆစ်ပိုးဖြစ်သည်။ အဆိုပါဆစ်ပိုးသည် စပါးပင်များ၏ အရွက်များပေါ်တွင် ဥဥပြီး အကောင်ပေါက်လာသောအခါ စပါးရွက်များမှတစ်ဆင့် ပင်စည်အဆစ်များအတွင်းသို့ ဝင်ရောက်သွားပြီး ပင်စည်အူတိုင်ကို စားသုံးကြသဖြင့် စပါးပင်များမှာ ရှင်သန်နိုင်ခြင်းမရှိတော့ဘဲ သေဆုံးသွားပြီး စပါးထွက်နှုန်းကျစေခြင်းဖြစ်သည်။ လုံလောက်သော ကာကွယ်မှုများ အချိန်မီမလုပ်ဆောင်နိုင်ပါက စိုက်ပျိုးမြေတစ်ဧကတွင် စပါးထွက်နှုန်းမှာ ထိတ်လန့်ဖွယ်ကောင်းလောက်အောင် ကျဆုံးခြင်းနှင့် ရင်ဆိုင်ရသည်။ နည်းမှန်စနစ်မှန်ဖြင့် စိုက်ပျိုးသောလယ်တစ်ဧကသည်ပုံမှန်အားဖြင့် အနည်းဆုံးစပါးတင်းပေါင်း ၁၀၀ ထက် မလျော့နည်းနိုင်သော်လည်း ဆစ်ပိုးကျရောက်ပြီဆိုပါက စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀ တင်းထွက်ရှိရန် အလွန်ခဲယဉ်းပြီး ပိုမိုဆုံးရှုံးနိုင်ကြောင်း သိရသည်။

အချိန်မီသိရှိခြင်းမရှိပါက ယင်းဆစ်ပိုးများသည် စပါးပင်၏ ပင်စည်အတွင်းသို့ ရောက်ရှိသွားပြီဖြစ်သဖြင့် ပိုးသတ်ဆေးသုံးခြင်းသည် ဆစ်ပိုးများ၏အန္တရာယ်ကို ကာကွယ်နိုင်ခြင်းမရှိတော့ချေ။ ယင်းကို အချိန်မီတားဆီးကာကွယ်နိုင်ရန် နည်းလမ်းများစွာထဲမှတစ်ခုမှာ မီးထောင်ချောက်ထွန်းညှိခြင်းပင်ဖြစ်သည်။ ယင်းသည်လည်း ပြည့်စုံလုံလောက်သော ကာကွယ်မှုတစ်ခုတော့မဟုတ်ပါ။ သို့သော် အတိုင်းအတာ တစ်ခုအထိ အကျိုးရှိစေပါသည်။ မီးထောင်ချောက်ထွန်းညှိခြင်းသည် စပါးရွက်များပေါ်၌ ဥဥပြီး အကောင်ပေါက်လာသော ဖလံများကို မီးထောင်ချောက်အတွင်းသို့ သဘာဝအတိုင်း သွားရောက်စေခြင်းဖြင့် အကောင်များ မီးစွဲကာ ရေထဲသို့ ပြုတ်ကျသေဆုံးစေသောနည်းဖြစ်သည်။ ဤနည်းဖြင့် စပါးဆစ်ပိုးများသည် စပါးအူတိုင်အတွင်းသို့ မကျရောက်နိုင်တော့သဖြင့် အကျိုးရှိစေမည်ဖြစ်သည်။

ထို့ကြောင့် အထက်ပါ ဆစ်ပိုးများနှိမ်နင်းနိုင်ရန်အတွက် ရွှေဘိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာမင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိုးထွန်းအောင်နှင့် ဆည်မြောင်းဦးစီးအရာရှိ ဦးသူရဇော်တို့၏ ဦးဆောင်ကူညီပံ့ပိုးမှုဖြင့် မြို့နယ်လုံးကျွတ် စုပေါင်းမီးထောင်ချောက်ထွန်းခြင်းလုပ်ငန်းကို ဩဂုတ် ၂ ရက် ည ၇ နာရီမှ ၁၀ နာရီထိကျေးရွာအုပ်စု ၄၁ စုတို့တွင် မီးတိုင်ပေါင်း ၅၃၁၃ တိုင်တို့ဖြင့် တစ်ပြိုင်တည်းစုပေါင်းထွန်းညှိခဲ့ကြကြောင်း သိရသည်။

(ဝ၅ဝ)

စိမ်းလန်းမြေ(ငါးယှန်ကျေးရွာ)မှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ချောင်းဦး ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ငါးယှန်ကျေးရွာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ စိမ်းလန်းမြေအဖွဲ့မှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ငါးယှန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဆိုင်ရာ စိမ်းလန်းမြေအဖွဲ့သားများနှင့် အင်္ဂါလူမှုကူညီရေးအသင်းနှင့် ကျေးရွာသူ ကျေးရွာသား ၁၂၀ သည် ငါးယှန်ကျေးရွာ သောက်သုံးရေကန်၏ ကန်ပေါင်အပြင်ဘက်တွင် ယူကလစ်ပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

အိအိစိုး(ချောင်းဦး)

ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဂန့်ဂေါသစ်တောဦးစီးဌာနတွင်ဖွင့်

ဂန့်ဂေါ ဩဂုတ် ၇

ဂန့်ဂေါခရိုင် သစ်တောဦးစီးဌာနကကြီးမှူး၍ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၅ ရက် နံနက်က ဂန့်ဂေါမြို့နယ်သစ်တောဦးစီးဌာန၌ကျင်းပရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ၊ ကွန်ပျူတာပညာ Viber နှင့် GPS အသုံးပြုနည်း၊ ဝန်ထမ်းရေးရာနှင့် လုပ်ပိုင်ခွင့်ခွဲခြားခြင်း၊ သစ်တောလုပ်ငန်းများနှင့် ဥပဒေ၊ နည်းဥပဒေများ၊ လူထုပညာပေးဟောပြောနည်းစသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိပြီး ဂန့်ဂေါခရိုင်ရုံးနှင့် ဂန့်ဂေါမြို့နယ်အတွင်းရှိ တောအုပ်၊ တောင်ခေါင်း ၃၉ ဦးတို့တက်ရောက်ကြကာ သင်တန်းကာလမှာ ဩဂုတ် ၇ ရက်အထိဖြစ်ကြောင်း သိရသည်။

(၁၀၁)

အရာထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၂) နေပြည်တော် ကောင်စီနယ်မြေကျွန်းတော်ဝင်ခန်းမ၌ အရာထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ၂/၂၀၁၄-၂၀၁၅ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ စီမံကိန်းနှင့်စာရင်းအင်းဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းနိုင်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ ကျန်ရှိသောသက်တမ်းကာလအတွင်း ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်မာစွာ တည်ဆောက်ရန်နှင့် ပြည်သူများ၏ လိုအပ်ချက်များကို အထိရောက်ဆုံးဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave)ကို အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး အဆိုပါသင်တန်းသို့ မြန်မာ့သစ်လုပ်ငန်းမှ အရာထမ်း ၄၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၄ ရက်မှ ၆ ရက် အထိ သုံးရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထွန်းဇော်(မြန်မာ့သစ်လုပ်ငန်း)

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂)အထက၊ တက္ကသိုလ်ဝင်တန်း(G) မှ မဇင်ပွင့်ဖြူ ကျောင်းဝင်အမှတ် A . ၃၈၁၈၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး ၉/ကပတ(နိုင်)၁၅၁၁၀၈ ဖြစ်ပါကြောင်း။ **ဦးခင်မောင်စိုး**

ဖခင်အမည်မှန်
လားရှိုးမြို့၊ အထက(၆) သတ္တမတန်းမှ မလှလှမြင့်နှင့် စတုတ္ထတန်းမှ မဇင်မာဝေတို့၏ ဖခင်အမည်မှန်မှာ ဦးရင်မေဂူး ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၂၁ယ/၄၇၈၅၀ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ထက်ဟိန်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မြဝတီမြို့)

ဖခင်အမည်မှန်
လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ထူးသာ၏ ဖခင်အမည်မှန်မှာ ဦးဆီလူရှီ ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း
ကျွန်မ မြင့်မြင့်လေး ၁၃/ကလန(နိုင်)၀၀၀၀၀၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
မမြင့်မြင့်လေး ဖုန်း-၀၉-၃၃၇၅၅၀၉၂

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အမှတ်(၂)အထက၊ နဝမတန်း(I)မှ မသန္တာလှိုင်၊ ကျောင်းဝင်အမှတ်(၃၄၈)၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်မောင် ၉/ကပတ(နိုင်)၁၀၁၁၄၉ ဖြစ်ပါကြောင်း။ **ဦးကျော်မြင့်မောင်**

ဖခင်အမည်မှန်
လားရှိုးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ နန်းစံငင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်အွမ်(ခ)ဦးအိုက်ဆံ ၁၃/လရန(နိုင်)၀၃၅၉၈၅ ဖြစ်ပါကြောင်း။
နန်းစံငင်း

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1D/7242 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း
ယာဉ်အမှတ် 1F/5287 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

မိခင်အမည်မှန်
လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မအယ်လိဇဘက်၏ မိခင်အမည်မှန်မှာ ဒေါ်မာဘွတ် L.S.O-၁၆၇၇၉၃ ဖြစ်ပါကြောင်း။
ဒေါ်မာဘွတ် L.S.O-၁၆၇၇၉၃

ပျောက်ဆုံးကြောင်း
ကျွန်မ မရည်မွန်သက် ၁၃/ကလန(နိုင်)၀၆၃၆၄၆ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၁၉၉၅၉

ဖခင်အမည်မှန်
ငါန်းဇွန်မြို့နယ်၊ အထက၊ တက္ကသိုလ်ဝင်တန်း(B) မှ မောင်ကျော်မျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းနိုင် ၅/ငဇန(နိုင်)၀၄၇၅၁၃ ဖြစ်ပါကြောင်း။
ဦးကျော်ဝင်းနိုင်

မိခင်အမည်မှန်
လားရှိုးမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(ဃ)မှ မဇူလိုင်ထွေး၏ မိခင်အမည်မှန်မှာ ဒေါ်ယဉ်ယဉ်ခိုင်(ခ)ဒေါ်ရိုကီးယား ၁၃/လရန(နိုင်)၀၈၈၇၆၀ ဖြစ်ပါကြောင်း။
မဇူလိုင်ထွေး

အမည်ပြောင်း
ဦးမြအေး၏သား ကျိုင်းတုံမြို့၊ ရပ်ကွက်(၅)နေ စိုင်းမိုးမင်းထက်အောင်အေး ၁၃/ကခန(နိုင်)၀၅၂၂၄၃အား မောင်မိုးမင်းထက်အောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
မောင်မိုးမင်းထက်အောင်

ဖခင်အမည်မှန်
တောင်ကြီးမြို့၊ အထက(၁၀)၊ သတ္တမတန်း(က)မှ မနှင်းယုဝေ၏ ဖခင်အမည်မှန်မှာ ဦးဟောရှင်းဝမ် ဖြစ်ပါကြောင်း။
ဦးဟောရှင်းဝမ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဈေးကွက်သစ်ရပ်ကွက်၊ ရေစင်လမ်းနေ မောင်ကျော်မင်းလှိုင် ၉/ကပတ(နိုင်)၁၆၉၃၂၁ သည် မိဘများဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပြီး ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
ဦးစိုးသိန်း-ဒေါ်နှင်းရီ
ကျောက်ပန်းတောင်းမြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ ဇေယျာလမ်း၊ အိမ်အမှတ်(၃/၅၈)နေ ဦးတင်ဖေ၏သား ဦးမောင်မြင့် ၅/ကလထ(နိုင်)၀၀၁၈၂၆သည် ဖခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ယနေ့အထိ ဖခင်ကို ဒုက္ခပေးနေဆဲဖြစ်ပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝသည် မိမိနှင့်မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဖခင်-ဦးတင်ဖေ
၅/ကလထ(နိုင်)၀၀၁၆၈၃

အမည်ပြောင်း
ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြိုင်ကျေးရွာ အထက၊ ဆဋ္ဌမတန်းမှ ဦးကိုသော်၏သား မောင်ဌေးသူရဖြိုးအား ယနေ့မှစ၍ မောင်ထက်နိုင်လင်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ထက်နိုင်လင်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၄C/၃၃၁၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အဝမလွန်စေရန် လေအေးအေးကိုခံ

ဒေါက်တာ-ဘီကျော်

အဝလွန်ပါက နှလုံး၊သွေးတိုး၊လေဖြတ်၊ဆီးချိုစသော လူကိုသေစေနိုင်သည့် ရောဂါများစွဲကပ်လာနိုင်ပေရာ လူတို့သည် အဝမလွန်အောင် နည်းလမ်းများကို ရှာကြံနေလာခဲ့သည်မှာ နှစ်ပရိစ္ဆေဒအတော်ပင်ကြာညောင်းခဲ့ပေပြီ။

အဝမလွန်အောင်ပြုလုပ်သော နည်းလမ်းများထဲတွင် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၊ အဆီလျှော့စားခြင်းနှင့် ကယ်လိုရီများသော ကစီ(ဆန်၊ဂျုံစသည်) လျှော့စားခြင်းတို့သည် ထိပ်ဆုံးမှပြေးပါသည်။

ယခုလေအေးအေးကိုခံခြင်းဖြင့် ကိုယ်အလေးချိန်တိုးမလာအောင် ပြုလုပ်သော နည်းလမ်းတစ်ခုအကြောင်း တင်ပြပါမည်။

အိမ်တွင်ဖြစ်စေ၊ ရုံးတွင်ဖြစ်စေ အခန်းတွင်းအပူချိန်ကို လျှော့ချခြင်း(ဥပမာ ပန်ကာဖွင့်၍ဖြစ်စေ၊ လေအေးစက်တပ်ဆင်၍ဖြစ်စေ)သည် အဝမလွန်အောင်ကာကွယ်နိုင်ကြောင်း လေ့လာမှုအသစ်တစ်ခုကဆိုပါသည်။ သိပ်မပြင်းထန်သော အအေးဓာတ်ကို မှန်မှန်ရရှိခြင်းသည် ကိုယ်အလေးချိန်လျှော့ချရာ၌ ကျန်းမာရေးနှင့် ညီညွတ်ပြီး ကျသွားသည့် ကိုယ်အလေးချိန်ကို ကြာရှည်ထိန်းထားနိုင်သော နည်းလမ်းတစ်ခုဖြစ်သည်ဟု နယ်သာလန်နိုင်ငံ Maastricht University ဆေးပညာဌာနမှ သုတေသီများက ပြောသည်။

တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏ပူအိုက်နွေးထွေးသောအိမ်များနှင့် ရုံးခန်းများသည် ကျွန်ုပ်တို့၏ ခါးများတုတ်ရခြင်းအတွက် တစ်စိတ်တစ်ပိုင်းသက်ဆိုင်နေပါသည်။ ကျွန်ုပ်တို့အများစုသည် အချိန်အားလုံး၏ ရာခိုင်နှုန်း ၉၀ ကို အိမ်ထဲရုံးထဲတွင် ကုန်လွန်နေရသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်လေထုကို ကျန်းမာရေးနှင့်ညီညွတ်စေခြင်းသည် တန်ဖိုးရှိလှပေသည်။

သုတေသီများသည် သိပ်မပြင်းထန်သော ညင်သာသည့်အအေးဓာတ်၏ အကျိုးသက်ရောက်မှုများကိုလေ့လာနေခဲ့သည်မှာ လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက ဖြစ်သည်။ လူအများ၏စိတ်ဝင်စားမှုနည်းပါးသဖြင့် ဤမျှကြာမြင့်ခဲ့ခြင်းဖြစ်သည်။

ဂျပန်သုတေသီများ၏ ယခင်ကလေ့လာမှုမှပြသသည်မှာ အခန်းတွင်းအပူချိန် ၁၇ ဒီဂရီစင်တီဂရိတ်၊ ယင်းမှာ ၆၂ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်တွင် တစ်နေ့ နှစ်နာရီဖြင့် ရက်သတ္တခြောက်ပတ်နေသူများတွင် ခန္ဓာကိုယ်မှ အဆီများလျော့ကျသွားကြောင်းပင် ဖြစ်သည်။

ယခုလေ့လာမှုအသစ်တွင်လည်း အလားတူရလဒ်ကိုရပြီး လူတို့သည် အအေးဓာတ်ကို ကျင့်သားရရှိကြကြောင်းပြပါသည်။ လေအေးအေးထဲတွင် တစ်နေ့ခြောက်နာရီဖြင့် ၁၀ ရက်ကြာနေသူများတွင် အပူထုတ်လွှတ်မှုများကာ ခန္ဓာကိုယ်ထဲမှ အဆီများ ပိုမိုလောင်ကျွမ်းကြောင်းပြပါသည်။ အခန်းတွင်းလေအေးအေး ၁၅ ဒီဂရီစင်တီဂရိတ်(ယင်းမှာ ၅၉ ဒီဂရီဖာရင်ဟိုက်)တွင် လူတို့သည် ပို၍သက်သောင့်သက်သာရှိကာ ချမ်းတုန်မှုနည်းပါးကြောင်း လေ့လာမှုအသစ်၌တွေ့ရှိရပါသည်။

အနည်းဆုံးငယ်ရွယ်သူများနှင့် သက်လတ်ပိုင်းများတွင် မချမ်းတုန်အောင် အပူထုတ်လွှင့်မှုများသည် ခန္ဓာကိုယ်၌ စုဆောင်းထားသော စုစုပေါင်းအပူပမာဏ၏ ၃၀ ရာခိုင်နှုန်းအထိရှိပါသည်။ ယင်းအဓိပ္ပာယ်မှာ နိမ့်သောအခန်းတွင်းအပူချိန်များသည် လူတစ်ဦးအလုံးစုံအသုံးပြုသော စွမ်းအင်ပမာဏအပေါ် သိသိသာသာ အကျိုးသက်ရောက်မှုရှိသည်ဟူ၍ ဖြစ်ပေသည်။

မန္တလေး-ပြင်ဦးလွင်လမ်း ၁၆ မိုင်တွင် မကြာခဏ ယာဉ်ပိတ်ဆို့မှုဖြစ်ပေါ်နေ

မန္တလေးမြို့သည် အထက်မြန်မာနိုင်ငံ၏ အဓိကအချက်အချာကျသော မြို့ကြီးတစ်မြို့ဖြစ်သည်နှင့်အားလျော်စွာ မန္တလေးမြို့သို့ မြန်မာပြည်အရပ်ရပ်မှ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရောင်းဝယ်ရေးယာဉ်ကြီး၊ ယာဉ်ငယ် အသွယ်သွယ်ကို နေ့စဉ်ဝင်ထွက် သွားလာလျက်ရှိနေသည်။ မန္တလေးမြို့နှင့် ဆက်သွယ်ထားသော လမ်းများစွာထဲတွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

ထိုလမ်းမကြီးသည် ပြည်တွင်းကုန်စည်များသာမက ပြည်ပကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသည်ပို့ဆောင်ရေး ယာဉ်များပြားစွာနေ့စဉ် သွားလာလှုပ်ရှားလျက်ရှိနေသည်။ နံနက်ပိုင်း ကျောက်မဲ၊ လားရှိုး၊ မူဆယ်ခရီးသည်တင်ကားကြီးများသည် မန္တလေးမြို့သို့ ရောက်ရှိလာပြီး ညပိုင်းတွင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာကြသည်။ ထို့အတူ ကုန်တင်ယာဉ်ကြီးများသည်လည်း အပူသက်သာရာ ညပိုင်းတွင် ပိုမိုသွားလာဝင်ထွက်ကြသည်ကို တွေ့ရသည်။

ယာဉ်အများစုသွားလာချိန်ဖြစ်သော ညဦးပိုင်းတွင် မန္တလေး-မူဆယ်လမ်းပိုင်း၏ တောင်တက်ခရီးစတင်သည့် ပြင်ဦးလွင်မြို့နယ်အစ ၁၆ မိုင်တွင် ယာဉ်များ မကြာခဏပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိနေသည်ကို တွေ့ရှိရသည်။ ယာဉ်စတင်ပိတ်ဆို့မှု၏ အကြောင်းရင်းတစ်ရပ်မှာ ပြင်ဦးလွင် အတက်လမ်းတောင်ပေါ်စတက်သည့် လမ်းဘေးတစ်နေရာတွင် ကားရေဖြည့်ရေလဲသည့် စခန်းတစ်ခုရှိနေသည်။ ထိုစခန်းကို အတက်ကားများ ကြိုတင်တွေ့မြင်ရခြင်းမရှိဘဲ လမ်းထောင့်ချိုးနေရာတွင် တည်ရှိနေသည်။

အတက်ကားအများစုမှာ တောင်ပေါ်ခရီးစတင်ချိန်တွင် မိမိတို့ကားကို ရေဖြည့်ရေလဲ ပြုလုပ်ကြသောအခါ အဆိုပါစခန်းတွင် ယာဉ်များလာသည်နှင့်အမျှ မကြာမီအချိန်အတောအတွင်းမှာပင် ပိတ်ဆို့စပြုလာသည်။ အတက်လမ်းပိတ်ဆို့သောအခါ အတက်ကားများသည် အဆင်းလမ်းမှတက်ရောက်မောင်းနှင်ကြတော့သည်။ ဤတွင် အဆင်းလမ်းသည်အလွန်ကျဉ်းသော နေရာများ၌ အတက်အဆင်းကားများဆုံမိ၍ ယာဉ်ပိတ်ဆို့မှု ထပ်မံဖြစ်ပွားရပြန်သည်။

ထိုသို့ယာဉ်ပိတ်ဆို့မှုဖြစ်ပေါ်နေချိန်တွင် အတက်လမ်း၊ အဆင်းလမ်းဟူ၍ ခွဲခြားခြင်းမရှိတော့ဘဲ ယာဉ်များသည် မိမိတို့ အလျဉ်းသင့်သလို အတက်လမ်းတွင် အဆင်းကားများ၊ အဆင်းလမ်းများတွင် အတက်ကားများဖြင့် ရောထွေးလျက် ယာဉ်ပိတ်ဆို့မှုကို ပိုမိုကြန့်ကြာမှုဖြစ်ပေါ်လာရလေသည်။ ထို့ကြောင့် ရေလဲစခန်းတွင် ယာဉ်ပိတ်ဆို့ခြင်းမှာ ခေတ္တခဏသာဖြစ်ပြီး သည်းခံစောင့်ဆိုင်း၍ အတက်လမ်း၊ အဆင်းလမ်း မိမိတို့ ယာဉ်ကြောအတိုင်း စည်းကမ်းရှိစွာမောင်းနှင်ကြမည်ဆိုပါက နေ့စဉ်နှင့်အမျှ အချိန်ကြာမြင့်စွာ ယာဉ်ပိတ်ဆို့မှုများ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း ဤလမ်းတွင် အမြဲသွားလာနေသော ကားသမားတစ်ဦး၏ပြောပြချက်အရ သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

သတင်းတို

တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ် မွန်ပြည်နယ်သစ်တောဦးစီးဌာနစည်းဝေး

သစ်တောဦးစီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂ ရက်က ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့်သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမော်ဦး၊ မွန်ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်သစ်တောဝန်ထမ်း ၃၄ ဦး တက်ရောက်ခဲ့သည်။

Third Wave လုပ်ငန်းစဉ်အနေဖြင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေးနှင့်လုပ်ထုံးလုပ်နည်းသင်တန်းကို သစ်တောဦးစီးဌာန မွန်ပြည်နယ်အတွင်းရှိ တောအုပ်ကြီးများ ဇူလိုင် ၁၈ ရက်မှ ဩဂုတ် ၂ ရက်အထိ သစ်တောဦးစီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ထို့ပြင် သစ်တောဦးစီးဌာန မွန်ပြည်နယ်အတွင်းရှိ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားရေးအတွက် ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးတိုးချဲ့ပညာပေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၂ ရက်အထိ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ သထုံမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့တွင် ဖွင့်လှစ်ပို့ချခဲ့ရာ တောအုပ်ကြီး လေးဦး၊ တောအုပ် ၅၀၊ တောခေါင်း ၇၂ ဦး၊ တောကြပ် လေးဦးနှင့်ဒေသခံပြည်သူ ၂၂ ဦး စုစုပေါင်း ၁၅၈ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

မိုးပွင့်စီမံချက်အဆင့် (၆) နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် မိုးပွင့်စီမံချက်အဆင့် (၆)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက ဒေါင့်အင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်းသိရသည်။ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တောင်ငူခရိုင်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်က နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းနှင့် တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရေတာရှည်မြို့နယ် ဦးစီးဌာနမှူး၊ ဦးစီးအရာရှိ ဦးအေးမင်းထွန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူများ လိုက်နာရမည့်အချက်များနှင့်လူကုန်ကူးမှုဆိုင်ရာများနှင့်ပတ်သက်၍ အခြေခံသိသင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ရေတာရှည်မြို့နယ် ဒေါင့်အင်းကုန်းကျေးရွာကို ကွင်းဆင်း၍ ဆောင်ရွက်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၃၄ ခုကို ၎င်းကျေးရွာတွင် ပေးအပ်ခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိ ၊ ရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အများသိစေရန်ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှဝင်း ၁၂/ဗတထ(နိုင်)၀၄၂၂၈၃၊ အမှတ် ၂၃၊ ၆၂လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှဝင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၇၇)ရပ်ကွက်၊ မြေကွက်အမှတ် ၁၇၅၊ (ပေ၄၀×ပေ ၆၀)အကျယ်မြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို မြေချပါမစ် မိသားစုဓာတ်ပုံ၌ ကိုယ်တိုင်အမည်ပါဝင်သူတစ်ဦးလည်းဖြစ်သည့် အပြင် အမည်ပေါက်ဖြစ်သူ ဦးတင်ဝင်းထံမှ တရားဝင်ဝယ်ယူထားသော ဦးဌေးဝင်း ၁၂/အစန(နိုင်)၂၂၉၂၄၁က ရောင်းချသည့်အပေါ် ငွေပေးချေဝယ်ယူလက်ရောက်ရရှိပြီး မြေကို ခြံဝင်းခတ်၊ အိမ်ဆောက်လုပ်နေထိုင်လျက်ရှိပါသည်။

ဦးလှဝင်းကို ရောင်းချစဉ်ကပင် မြေချပါမစ်မထွက်မီ ငွေသွင်းစာရွက်မိတ္တူများ၊ မြေချပါမစ်အတွက်ရိုက်ကူးထားသော ဓာတ်ပုံမူရင်းခွဲကိုပါ ပေးအပ်ရရှိခဲ့သဖြင့် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဆက်စပ်စာချုပ်များဖြင့် မြေဂရန်လျှောက်ထားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျော့ကျော့ဝေ(LL.B,D.B.L) စဉ်-၇၈၉၂ **ဒေါ်နှင်းပွင့်ဖြူ** စဉ်-၄၃၄၉၄ **ဒေါ်တင်ဇာကျော်** စဉ်-၄၄၁၁၆

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ် ၂၀၃(သုံးလွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မွေးသက္ကရာဇ်အမှန်

ဦးစောနန္ဒာ၏သမီး မိုင်းခတ်မြို့၊ အထက စတုတ္ထတန်းမှ နန်းမိုလှုံနိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁-၂၀၀၅ ဖြစ်ပါကြောင်း။



တစ်ဦးတည်းဖြစ်ပါကြောင်း

ဥတ္တရသီရိမြို့နယ်၊ သရက်တောရွာနေ ဦးဝင်းမြင့်၏သား ၂၀၁၄ခုနှစ် ခုံအမှတ် နတက-၂၉၂၁ ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော မောင်ဂျွန်သန့်ဇင် ၉/တကန(နိုင်)၁၉၂၅၆၇နှင့် မောင်ဂျွန်သန့်စင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်ဂျွန်သန့်စင်(ခ)မောင်ဂျွန်သန့်ဇင်**

ဖခင်/မိခင်အမည်မှန်

လှည်းကူးမြို့၊ အခြေခံပညာအထက်တန်းကျောင်း(မြို့မ) နဝမတန်း(C)မှာ ပညာသင်ကြားနေသော မောင်စောထီး၏ ဖခင်/မိခင်အမည်မှန်မှာ ဦးမောင်ခဲ-ဒေါ်နန်းခမ်း ဖြစ်ပါသည်။

ဖခင်-ဦးမောင်ခဲ၊ မိခင်-ဒေါ်နန်းခမ်း

မိခင်အမည်မှန်

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့ အထက တတိယတန်း၌ ပညာသင်ကြားနေသည့် မဖြူဖြူလွင်၊ မဆွေဆွေလွင်တို့၏မိခင်သည် ဒေါ်ရှောက်စန်း(ခ) ဒေါ်ရှောက်မီစန်းဖြစ်ပါကြောင်း။

ဒေါ်ရှောက်စန်း(ခ)ဒေါ်ရှောက်မီစန်း

အမည်ပြောင်း

ရန်ကုန်မြို့၊ မြို့မဂုဏ်ကိုယ်ပိုင်အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မမြတ်သိင်္ဂီကျော်အား မဆုစန္ဒီလင်းဟု ပြောင်းလဲခေါ်ပါရန်။

မဆုစန္ဒီလင်း

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀ မိုင်ကုန်း၊ မာဃလုလင်လမ်း၊ အမှတ်(၇၄၅)ဟုခေါ်တွင်သော အကျယ်အဝန်း(ပေ ၈၀×၄၄ ပေ)ခန့်ရှိ မြေနှင့် စည်ပင်ရေသုံးစွဲခွင့်၊လျှပ်စစ်မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းထိုက် ၁၀/ကထန(နိုင်)၀၀၁၅၃၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများ၊ တရားရုံးစီရင်ချက်၊ အမိန့်ဒီကရီများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမပေါ်ပေါက်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်မော် B.Sc.,H.G.P, R.L,D.B.L

(စဉ်-၂၀၅၈၈)

ဝယ်ယူသူ၏ရှေ့နေ

အမှတ်(၅၀)၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း (D-7/8)၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၂၄၀၉၅၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ ကံဘဲ့၊ မြေကွက်အမှတ် ၅/ခ၂၊ မြေကွက်တည်နေရာ ကံဘဲ့ဘူတာရုံလမ်း၊ (၁၁)ရပ်ကွက် သုခိတာရာမသီလရှင်စာသင်တိုက်၊ ရန်ကင်းမြို့နယ် ဒေါ်ဣန္ဒဝတီကွယ်လွန်သဖြင့် ဒေါ်သီတလထေရီ ၁၂/ရကန(သီ)၀၀၀၇၀၊ ဒေါ်စရိတထေရီ ၁၂/ရကန(သီ)၀၀၀၂၀တို့က သုံးပါးပိုင် (တိသန္တက)စာချုပ်၊ ဒေါ်ဣန္ဒဝတီ၏ သေဆုံးမှုလက်မှတ်၊ တိုင်းဒေသကြီး သာသနာရေးမှူးရုံးထောက်ခံချက်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ထောက်ခံချက်တို့တင်ပြ၍ ဒေါ်ဣန္ဒဝတီအမည်မှ သုခိတာရာမသီလရှင်စာသင်တိုက် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်အောင်မိုးဟိန်း ၁၂/သကတ(နိုင်)၁၇၇၉၁၃ သည် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

မိခင်-ဒေါ်သန်းသန်းနွယ်

၁၂/သကတ(နိုင်)၀၀၉၈၅၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၃၁၆၃ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်သန်း ၆/ရဖန(နိုင်)၀၅၈၅၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/သဘော်ကျင်း၊ မြေကွက်အမှတ်(၆၈)၊ မြေကွက်တည်နေရာအမှတ်(၆၈)၊ ရွာမလမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံ၊ ဒေါ်ချော ၁၂/ဒပန(နိုင်)၀၂၂၅၀၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ချော (မိခင်)နှင့် ဦးမာမက်(ဖခင်)တို့ကွယ်လွန်သဖြင့် သားများဖြစ်ကြသော ဦးအောင်နိုင် ၁၂/ဒပန(နိုင်)၀၂၃၀၄၁ နှင့် ဦးလှဝင်း ၁၄/ပသန(နိုင်) ၀၄၂၆၂၆ တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၂၆၄၄/၁၄ (၂၉-၅-၂၀၁၄)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၀၂၅/၁၃ (၁၇-၁၂-၂၀၁၃) ရရှိသူ ဒေါ်ကေသီခိုင် ၅/ကလထ(နိုင်) ၀၀၇၃၉၄ မှ ဂရန်ပျောက်ဆုံးကြောင်း ကျန်းကျိမ်လွှာ၊ ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ကတိဝန်ခံချက်များ တင်ပြ၍ အမည်ပြောင်းနှင့်ဂရန်မိတ္တူလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

စပါးနှင့် ကုန်ပစ္စည်းများ စက်ဘီးဖြင့် သယ်ပို့ခြင်းဖြင့် တောင်သူများ ဝင်ငွေရနေ

မြန်အောင် ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ မိုးတွင်းကာလဖြစ်သဖြင့် ကားသွားလာ၍မရသောဒေသများတွင် စပါးနှင့်ကုန်ပစ္စည်းများကို စက်ဘီးနှင့် သယ်ပို့ခြင်းဖြင့် တောင်သူများ ဝင်ငွေရရှိနေကြသည်။

"မြို့ကဆန်စက်တွေနဲ့ လေးငါးမိုင်လောက်ဝေးတဲ့ ရွာတွေကနေ မိုးတွင်းကာလလမ်းမကောင်းလို့ ကားတွေဝင်မရတော့ စပါးတွေကိုစက်ဘီးတွေနဲ့ ပို့နေရတာပါ" ဟု စပါးစက်ဘီးဆွဲသူတစ်ဦးက ပြောပြသည်။ ဆက်လက်ပြီး စပါးတစ်တင်းကို ငွေကျပ် ၁၄၀ ခန့်ရကြောင်း၊ စက်ဘီးတစ်စီးကို စပါးငါးတင်းတင်ပြီးစီးလျှင် တစ်နေ့ကို လေးခေါက်ရ၍ ကောက်စိုက်ပြီးချိန်မှာ အပိုဝင်ငွေရကြောင်း ပြောပြသည်။

ဆန်စက်လုပ်ငန်းရှင် တစ်ဦးကလည်း "မိုးတွင်းရောက်လာရင်သူတို့တွေနဲ့ပဲ စပါးကိုဆွဲရတယ်၊ သူတို့တွေနဲ့က အဆင်ပြေတယ်၊ အလုပ်သမားထပ်ငှားစရာမလိုတော့ဘူး၊ ပွင့်လင်းရာသီထက်တော့ စရိတ်ပိုသွားတာပေါ့" ဟု ပြောပြသည်။

"သူတို့တွေက မြို့ကိုစပါးသွားပို့တယ်၊ အပြန်ကျတော့ ကျွန်မကုန်စုံဆိုင်လေးအတွက် လိုအပ်တဲ့ပစ္စည်းလေးတွေကို သူတို့နဲ့ပဲ မှာလိုက်တော့ အပြန်ကို သူတို့ပြန်သယ်လာတယ်၊ သူတို့အတွက်လည်း အဆင်ပြေသလို ကျွန်မတို့အတွက်လည်း အဆင်ပြေပါတယ်" ဟု ရွာတွင် ကုန်မျိုးစုံရောင်းချသူဈေးသည်တစ်ဦးက ပြောပြသည်။

နေဝင်းဇော်(မြန်အောင်)

မိုးနောက်ကျ၍ ပေါင်းမြက်နှိမ်နင်းရေး တောင်သူများအားစိုက်နေရ

နတ်မောက် ဩဂုတ် ၇

မကွေးတိုင်းဒေသကြီး အတွင်း မိုးလယ်နှင့် မိုးနှောင်းကာလတွင် မိုးရွာသွန်းမှု ပိုမိုနိုင်မည်ဟု မိုးလေဝသနှင့် ဇလဗေဒပညာရှင်များက ခန့်မှန်းထားရာ နတ်မောက်မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီက ဒေသအတွင်း စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများ ကြိုတင်ရှောင်နိုင်ရန် စိုက်ပျိုးသင့်သည့် သီးနှံမျိုးများအပေါ် လိုက်နာကျင့်သုံးသင့်သည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို ပညာပေးရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရှေ့တန်းစခန်းနယ်မြေများအလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

နတ်မောက်မြို့နယ်တွင် ဩဂုတ်လအတွင်း ယခင်နှစ်များထက် မိုးရွာသွန်းမှုပိုမိုခဲ့ရာ ယာသီးနှံစိုက်ခင်းများ၌ ပေါင်းမြက်နှိမ်နင်းရေး အငှားလုပ်သားများ အလုအယက်ခေါ်ယူနေကြရကြောင်း၊ ပေါင်းထိုးမြက်ရှင်းတစ်ဦးလျှင် အချိန်လေးနာရီအတွက် ငွေကျပ် ၁၀၀၀ ပေးရပြီး တစ်နေ့ပုတ်ပြတ်လုပ်အားခငွေကျပ် ၃၀၀၀ မှ ၄၀၀၀ ဝန်းကျင်အထိ ငှားရမ်းသုံးစွဲနေရကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

နတ်မောက်မြို့နယ်ရှိ မိုးကောင်းသောက် စိုက်ဧရိယာများပြားပြီး မိုးရွာသွန်းမှုနှင့်အတူ မိုးစပါး မိုးနှမ်း၊ မိုးမြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ချည်မျှင်ရှည်ဝါသီးနှံများ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးလျက်ရှိကြောင်းနှင့် တောင်သူများအနေဖြင့်လည်း ရာသီဥတုပြောင်းလဲမှုကို အခြေအနေပေးနိုင်ပြီး ဈေးကွက်ဝင်အထွက်ကောင်းသည့် သက်တမ်းတို မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲမှု သိသာစွာတိုးတက်လာကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လှဝင်း(iprd)

စစ်တွေတက္ကသိုလ်တွင် WiFi သုံးစွဲနိုင်ပြီ

စစ်တွေ ဩဂုတ် ၇

ရခိုင်ပြည်နယ် စစ်တွေတက္ကသိုလ်နယ်မြေအတွင်း WiFi Internet သုံးစွဲနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ထောက်ပံ့ငွေဖြင့် ဩဂုတ် ၂ ရက်က WiFi စက်ပစ္စည်းတပ်ဆင်ပေးပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ 8 MB Internet လိုင်းချိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဒေဝက "ကျွန်တော်တို့ဌာနအနေနဲ့ စက်ပစ္စည်းတပ်ဆင်ခြင်း၊ 8 MB Internet လိုင်းချိတ်တာတို့ကို ဆောင်ရွက်ပေးရပါတယ်။ အဓိကကတော့ ပြည်နယ်အစိုးရအဖွဲ့က ဆရာဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ အွန်လိုင်းမှတစ်ဆင့် ပညာသင်ကြားနိုင်ဖို့၊ ဘာသာရပ်တွေလေ့လာနိုင်ဖို့နဲ့ ဗဟုသုတရှာမှီးနိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ပေးတာဖြစ်ပါတယ်" ဟုပြောပြသည်။

စစ်တွေတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ WiFi အသုံးပြုပြီး ပညာသင်ကြားခွင့်ရရှိပြီးဖြစ်သလို ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့တွင်လည်း WiFi Internet အသုံးပြုနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောသားစံ

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး

ရေစကြို ဩဂုတ် ၇

ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက ရေစကြိုမြို့နယ်ရွာသစ်ကျေးရွာဘုရားကြီးကျောင်းတိုက်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းယုမော်က စာဖတ်ခြင်းအကျိုးကျေးဇူးနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးဒေါက်တာမြင့်စိုးက အိမ်မွေးတိရစ္ဆာန်များ မွေးမြူကုသကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ စာရေးဆရာဆွေလှိုင်ဦးရေစကြိုက အနာဂတ်၏သားကောင်းများအား စာပေအသိဖြင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောခဲ့ကြပြီး ဗလငါးတန်စာကြည့်တိုက်အသင်းမှ ဂျာနယ်စာစောင်များကို လေ့လာဖတ်ရှုနိုင်ရန် တက်ရောက်လာသူများအား အခမဲ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး

ခင်ဦး ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုးနှင့်ဝန်ထမ်းများသည် မြို့ပေါ် လေးရပ်ကွက်အတွင်းရှိ နေအိမ်များတွင် တပ်ဆင်သုံးစွဲလျက်ရှိသည့် အိမ်သုံးမီတာများကို တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေးအတွက် ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေအိမ်တွင်တပ်ဆင်ထားသောအန္တရာယ်ဖြစ်နိုင်သည့် ဆားဗစ်ဝိုင်ယာကြိုးများ ဟောင်းနွမ်းပေါက်ပြဲနေပါက လဲလှယ်ပေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

ခင်ဦးစိုးဝေ

အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၂၇-၆-၂၀၁၄ရက်၊ ၂-၇-၂၀၁၄ရက်၊ ၇-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာထားသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်ပြုပြင်မွမ်းမံရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်းတွင် အိတ်ဖွင့်တင်ဒါပိတ်မည့် နေ့ရက်အချိန်အား ၃၁-၇-၂၀၁၄ရက် ၁၆း၀၀နာရီအစား ၂၀-၈-၂၀၁၄ရက် ၁၆း၀၀နာရီဟု ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါမြို့နယ် တိရစ္ဆာန်ဆေးပေးခန်းနှစ်လုံး ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) ဒက္ခိဏသီရိမြို့နယ် တိရစ္ဆာန်ဆေးပေးခန်းဆောက်လုပ်ခြင်း (ပေ၆၀×၄၂ပေ×၁၂ပေ) သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ RC တစ်ထပ်၊ ရေ၊ မီး၊ မိလ္လာအပါအဝင် (၁)လုံး

(ခ) ဇမ္ဗူသီရိမြို့နယ် တိရစ္ဆာန်ဆေးပေးခန်းဆောက်လုပ်ခြင်း (ပေ ၆၀×၄၂ပေ×၁၂ပေ) သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ RC တစ်ထပ်၊ ရေ၊ မီး၊ မိလ္လာအပါအဝင် (၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၁၁-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၂၅-၈-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး၊ နေပြည်တော်ကောင်စီရုံးဝင်းအတွင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ဖုန်း-၀၆၇-၅၅၀၂၂၄၊ ၀၉-၄၃၀၃၈၀၇၀၊ ၀၉-၈၃၀၀၂၈၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

နေပြည်တော်အဆင့် တင်ဒါလုပ်ငန်းကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်နှင့် မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအတွက် လိုအပ်သောဆေးဝါးများကို ဆေးဆိုင်၊ ဆေးကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၅-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၉-၂၀၁၄ ရက်၊ ညနေ ၄ နာရီ

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
စစ်ကိုင်းတိုင်းဒေသကြီး-မုံရွာမြို့
ဖုန်း-၀၇၁-၂၂၆၁၅၊ ၀၇၁-၂၂၇၁၅

မြွေများဝယ်ယူလိုသည်

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မြွေပွေး(၈၀၀)ကောင်နှင့် မြွေဟောက်(၂၀၀)ကောင်တို့ကို ငါးဆယ်ကျပ်သားအထက် တစ်ကောင်လျှင် (၃၀၀၀ိ/-)နှုန်း စက်ရုံအရောက်စနစ်ဖြင့် ဝယ်ယူလိုပါသည်။ ရောင်းချလိုသူများမှ အောက်ဖော်ပြပါလိပ်စာသို့ဆက်သွယ်၍ လာရောက်ပေးပို့ပါက လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမှတ်(၁)ဆေးဝါးစက်ရုံ (ရန်ကုန်)
ဆေးဝါးစက်ရုံလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၆၄၆၂၇၃၊ ၆၄၆၂၈၃

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) Mitsubishi အမျိုးအစား လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်း

(ခ) 33/11KV နှင့် 11/0.4 KV ဓာတ်အားခွဲရုံများပြုပြင်ထိန်းသိမ်းခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၂-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ် ၄၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၉-၂၀၁၄ ရက်၊ ၁၅း၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၉-၉-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ
ရုံးအမှတ် ၄၀၊ နေပြည်တော်၊
ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

ရုံးအမှတ် ၄၀၊ နေပြည်တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့် အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့
ဖုန်း-၀၆၇-၅၉၀၅၃၀၊ ၀၆၇-၅၉၀၅၀၆

ကျေးဇူးဆပ်ပါမည်

သီဟ ကိုရီးယားအမည်ရှိ Company စာရွက်စာတမ်းများပါဝင်သော ဖိုင် ၂၉ ရက်ည ၈နာရီခန့်တွင် ဗိုလ်တောက်ထိန်လမ်း၊ ရှမ်းကန်မြောက်ဘက်အနီး နေပြည်တော်မြို့နယ်တွင် ကျကျန်ခဲ့ပါသည်။ တွေ့ရှိပါက ယခု ဖုန်း-၀၉-၄၀၀၀၀၅၆၃၆၊ ၀၉-၄၅၀၀၆၄၅၃၇ ကိုခင်မောင်သန်းထံသို့ ဆက်သွယ်ပေးပါက ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ပြင်ဆင် ဖတ်ရှုပါရန်

၂၄-၆-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၂၂) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒဂုံတောင်မြို့နယ် ဒေါ်ဝင်းဝင်းအေး+၄ ၏ မြေပုံကူးတွင် ဒေါ်မိမိလေးအစား ဒေါ်မိမိလေး(ခ)မပုံ ၁၂/ဒဂတ(နိုင်)၀၁၂၂၅၂ ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရမည်းသင်း၌ အရန်သားဖွားသင်တန်းဖွင့်

ရမည်းသင်း ဩဂုတ် ၇

ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဒေသတွင်းမိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် အရန်သားဖွားသင်တန်းကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ဩဂုတ် ၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးမြင့်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှာက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန္ဒာအောင်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။ ဖွင့်ပွဲတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးမြင့်ဝင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဒေါက်တာ ဒေါ်မြင့်မြင့်မော်က သင်တန်းစည်းကမ်းချက်များကိုရှင်းလင်းပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌမှ သင်တန်းသူများအား ဝတ်စုံများထောက်ပံ့ပေးအပ်ခဲ့သည်။ သင်တန်းကာလမှာ ဩဂုတ် ၄ ရက်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်အထိ ခြောက်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဇော်ဝင်းအောင်(ရမည်းသင်း)

တောင်သူတစ်ဦးလျှင် ငွေကျပ်ငါးသိန်း ထုတ်ချေးရန် ညှိနှိုင်းစည်းဝေး

ရမည်းသင်း ဩဂုတ် ၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အခြေခံသမဝါယမအသင်းများမှ အသင်းဝင်တောင်သူများအား တစ်ဦးလျှင်ငွေကျပ် ငါးသိန်းနှုန်းထုတ်ချေးပေးရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၅ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးဇော်လင်းက အသင်းသားတစ်ဦးလျှင် ငွေကျပ်ငါးသိန်းထုတ်ချေးရာတွင် စံနှုန်းသတ်မှတ်၍ အဓိကရွေးချယ်ပေးရမည့် အချက် (၁၄) ချက်ကို အကျယ်တဝင့်ရှင်းလင်းပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ငွေက တောင်သူသုံးစက်ပစ္စည်းကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူအသုံးပြုနိုင်မှုနှင့် တောင်သူများနှစ်သက်သည့် ဓာတ်မြေဩဇာများကို ခြောက်လဆပ်စနစ်ဖြင့် ဝယ်ယူပေးမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ ဥက္ကဋ္ဌနှင့်အမှုဆောင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဇော်ဝင်းအောင်(ရမည်းသင်း)



ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုများ နေ့ချင်းပြီးဆောင်ရွက်ပေး၍ လုပ်ငန်းအဆင်ပြေ

ရန်ကုန် ဩဂုတ် ၇

ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ပို့ကုန်သွင်းကုန်လိုင်စင်များ လျှောက်ထားရာတွင် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အရင်က ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရာမှာ အနည်းဆုံး နှစ်ရက်သုံးရက်လောက်ကြာတယ်။ အခုတော့ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ပါပြီ။ ဒီလိုလျှောက်ထားရာမှာ အရင်က ခြောက်ဆင့်လောက်လုပ်ရတယ်။ အခုအဆင့်လေးဆင့်ပဲလုပ်စရာရှိပါတယ်။ ဒါ့အပြင် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားစရိတ် ကုန်ကျမှုမှာလည်း အရင်က အွန်လိုင်းကြေး ငွေကျပ် ၄၀၀၀ ကုန်ကျပါတယ်။ အခု ငွေကျပ် ၂၅၀၀ နဲ့ လုပ်ပေးနေပါပြီ" ဟု ၎င်းက ဆက်လက်ပြောသည်။ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် ယခင်က လိုအပ်ချက်ရှစ်မျိုးရှိပြီး ယခုအခါ ကုမ္ပဏီ Letter Head လျှောက်လွှာနှင့် Proforma Invoice နှစ်မျိုးသာ လိုအပ်တော့ကြောင်း သိရသည်။

ထို့အတူ သွင်းကုန်ပို့ကုန်လိုင်စင် လျှောက်ထားရာတွင်လည်း ယခင်က လိုအပ်ချက် ၁၀ မျိုးရှိပြီး ယခုအခါ ကုမ္ပဏီ Letter Head လျှောက်လွှာနှင့် Proforma Invoice သာ လိုအပ်ကြောင်း သိရသည်။ သို့သော်လည်း ထောက်ခံချက်လိုအပ်သော အချို့ပစ္စည်းများအတွက် ဌာနထောက်ခံချက်ပါ သုံးမျိုးသာလိုအပ်တော့သည်။

"ပို့ကုန်လိုင်စင် လျှောက်ထားရာမှာ ဖြစ်ဖြစ်၊ သွင်းကုန်လိုင်စင်လျှောက်ထားရာမှာဖြစ်ဖြစ် အရင်တုန်းက လိုအပ်ချက်တွေက ၁၀ မျိုးလောက်ဆိုတော့ အဲဒါတွေပြည့်စုံအောင်လုပ်ဖို့ အချိန်ယူနေရပါတယ်။ အခုလို ဖြေလျှော့မှုတွေလုပ်ပေးလိုက်တော့ အချိန်ကုန်သက်သာသလို ငွေကုန်လည်း သက်သာသွားပါတယ်" ဟု Family Co,Ltd. မှ ကိုအောင်သူရက ပြောသည်။

မြင့်မောင်စိုး

ကရသူရိမြို့နယ်ခွဲတွင် ရပ်ကွက်ချင်းဆက် ကိုယ့်အားကိုယ်ကိုးသစ်သားတံတားတည်ဆောက်

ကော့သောင်း ဩဂုတ် ၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရိမြို့နယ်ခွဲ အမှတ်(၁) ရပ်ကွက် ရေသေဆိပ်လမ်းနှင့် ရပ်ကွက်သစ်တို့ ဆက်သွယ်သည့်လမ်းပေါ်ရှိ သစ်သားချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၆ ရက်က တည်ဆောက်မှုပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

တံတားသစ်ကို မြို့နယ်ခွဲအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းလှူဒါန်းမှုဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အကျယ် ၆ ပေ၊ အမြင့် ၅ ပေနှင့် အရှည် ၂၆ ပေရှိ သစ်သားတံတားဖြစ်ကြောင်း သိရသည်။ ယခုအခါ တံတားသစ် တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ခွဲ ပြန်/ဆက်)

လေလံခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများမှ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ် ၂၈ စီးအား အောက်ဖော်ပြပါ မြို့နယ်အသီးသီးရှိ တရားရုံးများသို့ သွားရောက်ကြည့်ရှုပြီး အောက်ပါအစီအစဉ်အတိုင်း တတိယအကြိမ် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) မုံရွာမြို့နယ်တရားရုံး
ထော်လာဂျီ(သေး) (၂) စီး
(ခ) ရေဦးမြို့နယ်တရားရုံး
ထော်လာဂျီ (၁) စီး
(ဂ) ခင်ဦးမြို့နယ်တရားရုံး
အေရိုးလက် ၆ ဘီး (၁) စီး
(ဃ) ကသာမြို့နယ်တရားရုံး
တုန်ဖုန်း Truck (၃) စီး
(င) ကျွန်းလှမြို့နယ်တရားရုံး
ထော်လာဂျီ ၆ ဘီး (၁) စီး
GMC Truck (၁) စီး
(စ) ကန့်ဘလူမြို့နယ်တရားရုံး
အေရိုးလက် ၆ ဘီး (၁) စီး
အီစူးဇူး ၆ ဘီး (၁) စီး
ဒိုင်နာ (၁) စီး
ဒေါင်းဖန်း (၁) စီး
ဒေါင်းဖန်းတရုတ် ၆ ဘီး (၁) စီး
(ဆ) ဗန်းမောက်မြို့နယ်တရားရုံး
KOBELCO Back Hoe (၁) စီး
HITACHIZAXIS 210 LC Back Hoe (၁) စီး
(ဇ) ကလေးမြို့
ဟာရီယာအမျိုးအစား (၁) စီး
ဟွန်ဒါအမျိုးအစား ဆလွန်း (၁) စီး
တိုယိုတာဟိုင်းလတ် (၁) စီး
ဟွန်ဒါအမျိုးအစား (၂) စီး
နီဆန်းကောင်တာ ၆ ဘီး (၁) စီး
မစ်ဆူဘစ်ရှီအမျိုးအစား (၁) စီး
တိုယိုတာလိုက်ထရပ် (၁) စီး
နစ်ဆန်း (၁) စီး
ဟွန်ဒါဖစ် (၃) စီး

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
တင်ဒါလျှောက်လွှာရယူရမည့်ရက် - ၅-၈-၂၀၁၄ ရက်မှ ၅-၉-၂၀၁၄ ရက်အထိ
တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၈-၉-၂၀၁၄ ရက် ၁၆:၀၀နာရီ
တင်ဒါဖွင့်ရက် - ၉-၉-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၇၁-၂၄၃၁၅၊ ၂၂၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံစိစစ်ရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထန်းပိုင် ၅/ကလထ(နိုင်)၀၈၆၃၂၆ ၏ လိုလားဆန္ဒအရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ တင်သားအုပ်စု ကြံသာကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထန်းပိုင်၏ သားသမီးခုနစ်ဦးတို့အား ခင်ပွန်း ဦးဟာကီး(ကွယ်လွန်)နှင့် ကျွန်ုပ်မိတ်ဆွေပိုင် လယ်ယာမြေ၊ အိမ်ခြံပစ္စည်းတို့နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေအသက်ရှိစဉ် မည်သည့်သားသမီးကိုမျှ အမွေခွဲဝေပေးမည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေသေဆုံးပြီး ကျန်ရှိပစ္စည်းများအား ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ သားသမီးများခွဲဝေနိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
အိပ်ဂျီပီ ဦးမြင့်စိုး(စဉ်-၁၉၃၈၅)၊ အထက်တန်းရှေ့နေ
အိမ်အမှတ် ၁၀၂၊ တောင်ဇလပ်၊ နယ်မြေ(၁)၊ ကလေးမြို့

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၄၄/၁၁၄)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းမှ အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ ဈေးပြိုင်အိတ်ဖွင့်တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
၁။	Digital Oscilloscope	1-No	ကျပ်ငွေ
၂။	Metallic Cable Splicing Rig	1-No	ကျပ်ငွေ
၃။	Aerial Closure (96 Cores)	2-Nos	ကျပ်ငွေ
၄။	Automatic Voltage Regulator	2-Nos	ကျပ်ငွေ
၅။	Inject Colour Printer	1-No	ကျပ်ငွေ
၆။	Roll Around Marker Board	1-No	ကျပ်ငွေ
၇။	Smart Board	2-Nos	ကျပ်ငွေ

၂။ တင်ဒါပုံစံများနှင့် စံချိန်စံညွှန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ (Technical and Requirement Proposal)ကို ၂၁-၈-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်းတွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၁-၂၀၂၉၀၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။

တစ်ဦးတည်းဖြစ်ကြောင်း

ဆူးဂဏန်းကျေးရွာအုပ်စု၊ သရက်တောကျေးရွာနေ ဦးဝင်းဆန်း(ခ) ဦးဝင်းစန်း ၁၄/ကလန(နိုင်)၀၄၆၆၁၅ သည် တစ်ဦးတည်းဖြစ်ပါသည်။
ဦးဝင်းဆန်း(ခ)ဦးဝင်းစန်း

ကော့ကရိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျန်းမာရေး နှင့် ပညာရေး ကဏ္ဍများ၌ အသုံးပြုမည်

ကော့ကရိတ် ဩဂုတ် ၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်မှ ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၁၀၀၀ ကို လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ခွဲဝေလျာထားမှု နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ကော့ကရိတ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ဩဂုတ် ၅ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲ၌ ကော့ကရိတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ပြည်သူ့ငွေစာရင်းရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်မှ ကော့ကရိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၁၀၀၀ ကို ခွဲဝေလျာထားမှုနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာပြည်သူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသူရိန်ဇော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမင်းမျိုးတင့်လွင် (မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ)နှင့် ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ ကော့ကရိတ်မြို့နယ် အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

စိုးထက်အောင်(ပြန်/ဆက်)

ကွမ်းလုံမြို့နယ်၌ အရန်သားဖွားသင်တန်းဖွင့်

ကွမ်းလုံ ဩဂုတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အရန်သားဖွားသင်တန်း(၁/၂၀၁၄) ဖွင့်ပွဲကို ဩဂုတ် ၅ ရက်က ကွမ်းလုံပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကွမ်းလုံမြို့နယ်အတွက် ယခုနှစ်တွင် ကျန်းမာရေးကဏ္ဍ၌ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်ခွင့်ပြုခဲ့ကြောင်း၊ လိုအပ်သော ဆေးဝါးများကိုလည်း ပြည့်စုံစွာချထားပေးပြီးဖြစ်၍ အရေးပေါ်လူနာ၊ ပြင်ပလူနာနှင့် အတွင်းလူနာ ခုနစ်မျိုးတို့ကို သတ်မှတ်ချက်နှင့်အညီကုသပေးရန် မှာကြားလိုကြောင်း၊ ကွမ်းလုံမြို့နယ်တွင် ကျေးရွာအုပ်စု ၂၅ အုပ်စု၊ ကျေးရွာပေါင်း ၁၆၈ ရွာရှိသည့်အနက် ဝေးလံခက်ခဲသည့် တောင်ပေါ်ဒေသများသို့ ကျန်းမာရေးလွှမ်းခြုံမှုပေးနိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

သင်တန်းသို့ ကွမ်းလုံမြို့နယ်ရှိ ကျေးရွာ ၁၅ ရွာမှ ကချင်၊ မြောင်ဇီး၊ ကိုးကန့်၊ ဗမာ၊ ရှမ်းနှင့် ‘ဝ’တိုင်းရင်းသူ သင်တန်းသူ ၁၅ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၅ ရက်မှစ၍ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ကျောက်ပန်းတောင်း ဩဂုတ် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၄၆ ဦးကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ဩဂုတ် ၅ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မှတ်နှင့် ဝန်ထမ်းများက

ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အလှူရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အနေဖြင့် မိုးပွင့်အဆင့်(၆)စီမံချက်အရ နိုင်ငံသား စိစစ်ရေးကတ်ပြားများထုတ်ပေးခြင်းကို ဇူလိုင်လမှစတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၉ ရက်တွင် နတ်ကန်လည် ကျေးရွာအုပ်စုရှိ လူငယ် ၁၇၁ ဦးနှင့် နတ်ကန်လည် အထက(ခွဲ)မှ ကျောင်းသား ကျောင်းသူ ၂၂၄ ဦး စုစုပေါင်း ၃၉၅ ဦးတို့ကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ပြီး ယခုလတွင်လည်း အထက(၂)၊ မြို့ရှေ့အထက၊ တောင်ဦးနှင့် လက်ပံပျား အထကများတွင်အချိန်နှင့်တစ်ပြေးညီ ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ယဉ်ကျေးမှုသင်တန်းအောင်လက်မှတ်ပေးအပ်

ကလော ဩဂုတ် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အမှတ်(၆)ရပ်ကွက် မဟာဇောတိကာရုံကျောင်းတိုက်၌ ပထမအကြိမ်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း (Sunday School) ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တက်ရောက်ခဲ့သော သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲကို ဩဂုတ် ၃ ရက်က ကျင်းပရာ မဟာဇောတိကာရုံကျောင်းတိုက်မှ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဥက္ကဋ္ဌ ဆရာတော်အရှင်ဆန္ဒာသီရိနှင့် သင်တန်းမှူးဆရာတော်အရှင်ဥတ္တမတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားသင်တန်းသူ ၁၈၈ ဦးအား အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊မွေးမြူရန်ဆွေးနွေး

မြင်းခြံ ဩဂုတ် ၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံခန်းမတွင် ဝန်ထမ်းများသက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်နှင်းရည်က ခရိုင်အတွင်းရှိ ဝန်ထမ်းများအား ထောက်ပံ့နိုင်ရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ဆောင်ရန်အတွက် အစီအစဉ်များ၊ ရရှိလာမည့်အကျိုးစီးပွားများကို ဆွေးနွေးခဲ့သည်။ ထို့နောက် ဝန်ထမ်းသက်သာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်း၍ ယခု ဩဂုတ်လမှစတင်ကာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

မွေးနေ့ဆုတောင်း

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဘွဲ့လွန်သင်တန်းကျောင်းကို စတင်တည်ထောင်ခဲ့သူ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ၏ ဖခင်ကြီး ဆရာကြီး ပါမောက္ခဒေါက်တာဦးသာလှိုင်၏ နှစ်(၉၀)ပြည့်မွေးနေ့မှသည် ထာဝစဉ် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှင့်ပြည့်စုံပါစေ။

နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များအဖွဲ့ မြန်မာနိုင်ငံဆရာဝန်များအသင်း

မွေးနေ့မင်္ဂလာဆုတောင်း

၈-၈-၂၀၁၄ ရက်တွင် ကျရောက်သော အာကာကျော်(ခ)သားထွေးရဲ့ (၂၁)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မွေးနေ့ပေါင်းများစွာကို ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေ။

ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ မမနှင့်မိသားစုများ

နှစ်(၉၀)ပြည့် မွေးနေ့ဆုတောင်း

ရိုသေလေးစားလှစွာသော ဆရာကြီး ပါမောက္ခ နား-နှာခေါင်း-လည်ချောင်း အထူးကု ဒေါက်တာဦးသာလှိုင်၏ ၈-၈-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ ထာဝစဉ် ဘေးဘယာကင်းဝေးပြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းစသော မင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေ။

နား၊ နှာခေါင်း၊ လည်ချောင်းမိသားစုနှင့် တပည့်များ

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)
အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်
နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားလွှာ

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)မှ အထက်ဖော်ပြပါ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ၂၀၁၄ခုနှစ် ဩဂုတ် ၁၇ရက် ၊ တနင်္ဂနွေနေ့ နံနက် ၈း၀၀နာရီတွင် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် အသင်းမဝင်ရသေးသော တောင်ကုတ်နွယ်ဖွားများလည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အသက် (၈၀)အထက် အသင်းဝင်များ၏ မိဘများအမည်စာရင်းနှင့် ဂုဏ်ထူးရကျောင်းသူ ကျောင်းသားများ၏ အမည်စာရင်းများကို ၉-၈-၂၀၁၄ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းလိုသူများသည် ဦးစံတင် ဖုန်း-၀၉-၈၆၂၉၇၉၂၊ ဦးထွန်းသိန်း ဖုန်း-၀၁-၅၈၁၄၄၇၊ ဦးအောင်သာထွန်း ဖုန်း-၀၉-၄၉၅၈၅၀၄၄၊ ဦးသန်းရွှေ ဖုန်း-၀၉-၇၃၀၂၄၁၉၄၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၀၉၁၅၇တို့ထံသို့ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ပါသည်။

ကြွရောက်လာကြသော ပင့်သံဃာများနှင့် ကျောင်းရှိ သံဃာတော်များ၊ ဧည့်ပရိသတ်များအား စေတနာရှင်များမှစုပေါင်း၍ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းပါမည်။

အလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အရှေ့)၊ မြေကွက်အမှတ် ၁၀၄၆/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၄၆/ခ၊ ဈေးလမ်းမ၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်တင်လှိုင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်လှိုင်(မိခင်)၊ ဦးစိုး(ဖခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးသိန်းဝင်းတို့ကွယ်လွန်သဖြင့်ကျန်သားနှစ်ဦးဖြစ်သူ ဦးငွေးဝင်း ၁၃/နခန(နိုင်)၀၀၇၀၀၀၊ ဦးသိန်းရွှေ ၁၂/သကတ(နိုင်)၁၀၄၅၄၇နှင့် ချွေးမတော်စပ်သူ ဒေါ်လှလှဝင်း ၁၂/သကတ(နိုင်)၁၁၄၅၁၄တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၇၉၆/၁၄(၁၄-၅-၂၀၁၄)ရသူ ဒေါ်မြမြရီ ၁၂/သကတ(နိုင်)၀၁၉၅၇၉မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင် ဖတ်ရှုပါရန်

၂၀-၇-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၅) ကန့်ကွက် ကြော်ငြာအမှတ်စဉ်(၃) ဦးမြင့်စိုး(ခ) တီကျင်ကတ်(ခ)တီကြင်ကိ၏ အမည်ပြောင်းတွင် မြို့နယ် ဒဂုံမြောက်အစား ဒဂုံတောင်နှင့် အမှတ် ၄၃၆၊ (၂၃)ရပ်ကွက်၊ ဒဂုံတောင်ဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဖိုလ်ဝင်တောင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

ယင်းမာပင် ဩဂုတ် ၇

ယင်းမာပင်မြို့နယ်ရှိ ဖိုလ်ဝင်တောင် ယဉ်ကျေးမှုနယ်မြေအား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအဖြစ် ယင်းမာပင်-ဖိုလ်ဝင်တောင် ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကတ္တရာလမ်းများ လမ်းချဲ့ အဆင့်မြှင့်တင်ခြင်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်း၊ စောင်းတန်း အတက်အဆင်းလမ်းများ ပြုပြင်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖိုလ်ဝင်တောင် လမ်းခွဲအဝင် မုခ်ဦးတည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖိုလ်ဝင်တောင်ဆရာတော် ဘဒ္ဒန္တ ဦးသုမန၏ ဩဝါဒကိုခံယူပြီး အနယ်နယ်အရပ်ရပ်မှ စေတနာရှင်မိဘပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်းတစ်ရာဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွှန့်ဦးဆောင်သော မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၃၆နေ (ဦးသောင်းတင်-ဒေါ်အုန်းမေ)တို့၏သမီး၊ (ဗိုလ်မှူးလှငွေ-ငြိမ်း)-ဒေါ်သန္တာဝင်း၏အစ်မ၊ [ဦးအေး(ခ)ဦးစန္ဒောဘာသ)၏ဇနီး၊ ဒေါ်မြင့်မြင့်စိန်(ဦးမောင်မောင်စိန်)၊ ဦးမျိုးမင်းထိုက်(ဦးရာမ)-ဒေါ်တင်တင်ဝင်း(ဌာနစုမှူး၊ ငြိမ်း၊ အရှေ့ပိုင်းခရိုင်/စည်ပင်)၊ ဦးဝင်းကျော်-ဒေါ်ဝင်းမာ၊ (ဦးတင်အေး)-ဒေါ်လှလှဝင်း၊ ဦးအေးမြင့်-ဒေါ်အေးအေးသန့်၊ [ကိုဇော်မြင့်ထွန်း(ခ)အောင်နိုင်မိုး]တို့၏မိခင်၊မခိုင်သဉ္ဇာဝင်း၊မောင်အောင်ဇော်မျိုး-မထက်ထက်ဝင်း၊ မပိုပိုဝင်းကျော်(Mobitel Co., Ltd.)၊ မောင်ကျော်ငြိမ်းလွင် (Project Officer Kinetic Myanmar Technology Co.,Ltd.)၊ မောင်အေးမင်းသီဟ၊ မောင်ဇေဇေမင်းထိုက်(တပ်မတော်-ရေ)၊ မောင်မျိုးမင်းခန့် (Lin Technical Services)၊ မခင်ဇာသွယ် (Phee Group of Companies) တို့၏ဘွားဘွားသည် ၇-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၄ ရက်(စနေနေ့)မွန်းလွဲ၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးလင်ကျင်လင်း
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်းအောက်လမ်း၊ အမှတ် ၃၃၊ (ဒုထပ်)နေ ဒေါ်လှကြည်၏ ခင်ပွန်း၊ ဦးအေးရွှေ-ဒေါ်သန်းသန်းဆွေ၊ ဒေါ်မေရီစန်း-တန်ချွန်ကျင်၊ ဒေါက်တာဦးအေးလှိုင် - ဒေါ်ဝင်းဝင်းညွန့်တို့၏ ဖခင်၊ မောင်ပြည့်ဖြိုးကြွယ်၊ မောင်ပြည့်ဖြိုးထွန်း၊ တန်ရှောင်လိန်၊ မဆုမြတ်သွယ်တို့၏အဘိုးသည် ၆-၈-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၈-၂၀၁၄ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းသန်း
ဆပ်သွားဖူးကျောင်း မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၂၇၆)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် ၆၈၊ တတိယထပ်နေ (ဦးအစ်ထောင်-ဒေါ်ကျင်မှုံ)တို့၏သမီးကြီး၊ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပုညာ၏ ရဟန်းမယ်တော်ကြီး၊ (ဦးအေးကြိုင်)၏ဇနီး၊ (ဦးဟုတ်လင်း) - ဒေါ်ခင်မြင့်၊ (ဦးမောင်မောင်ဝင်း - ဒေါ်ခင်ကြူ)၊ ဦးဝင်းမြင့်-ဒေါ်ခင်လေးတင့်၊ (ဦးမြင့်)တို့၏ညီမ၊ ဦးအောင်မောင်း-ဒေါ်ရင်ရင်၊ ဒေါ်တင်တင်ထွေး၊ ဒေါ်အေးအေးထွေးတို့၏အစ်မ၊ မအေးအေးသန်း (ခေတ္တ-နယူးဇီလန်)၏မိခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေး ၁၀ ယောက်တို့၏အဘွားသည်၇-၈-၂၀၁၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဆပ်သွားဖူးကျောင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီမှ ၁၂နာရီအထိ တာမွေမြို့နယ်၊ ပင်ရွှေသောင်လမ်း၊ ဆပ်သွားဖူးကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
အဗ္ဗဒူလ်အဇီးဇ်(ခ)ကိုလှမြင့်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၃လမ်းနေ (ဟာဂျီ အဗ္ဗဒူလ်ကာဒရ်)-ဟာဂျီမ ဒေါ်စဖူရာဘီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ လမ်း ၁၂၀၊ အမှတ် ၆၄၊ လေးလွှာနေ အမီနာဘီ(ခ) ဒေါ်ခင်အုံးမြင့်၏ခင်ပွန်း၊ မရီရီမြင့်၊ မောင်ရဲမြင့်၊နွယ်နီမြင့်(LL.B)၊ယွန်းနဒီမြင့်(အထက-၃၊ မတည)၊ နှင်းချယ်ရီမြင့် (အမက-၁၄၊ မတည)တို့၏ဖခင်သည် ၇-၈-၂၀၁၄ရက် ညနေ ၃း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၈-၈-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းထွေး
ဒုတိယညွှန်ကြားရေးမှူး(မော်ကွန်းရပ်ရှင်)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ရတနာလမ်း၊ အမှတ် ၁၉နေ(ဦးထင်-ဒေါ်ရင်း)တို့၏သား၊ (ဒေါ်စိန်ဥ)၏ခင်ပွန်း၊ (ဦးသိန်းမြင့်)-ဒေါ်ခင်သိန်းဝင်း[စက်မှုသင်တန်းကျောင်း(ဆင်တဲ)ငြိမ်း]၊ဦးဝဏ္ဏ-ဒေါ်တင်တင်ဝင်း၊(ဦးသန်းအေး)-ဒေါ်မဋ္ဌုပြုံး(သမဝါယမဝန်ကြီးဌာန)၊ ဒေါ်နီလာထွေး(စားသုံးသူရေးရာဌာန၊ စီးပွား/ကူးသန်း)၊ ဦးပြည်စိုး၊ ဦးအောင်ဦး(Schlumberger)-ဒေါ်ယဉ်ယဉ်မွန်းတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၆-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည၁၀း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၈-၈-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ကြီး (Wendy)
အသက်(၉၁)နှစ်

အမေရိကန်ပြည်ထောင်စု၊ ဘော်လတီမော်မြို့နေ(ဦးစောလွင်-ဒေါ်မြတင်)တို့၏တစ်ဦးတည်းသောသမီး၊ (ဦးဝိ-ဒေါ်ငွေဇင်)တို့၏သမီးချွေးမ၊ [ဦးဇော်ဝင်း(ဇော်မြင့်သိန်း)]၏ဇနီး၊ ဒေါ်ခင်အေးဝင်း(Andrie)၊ ဦးကျော်ဇော်ဝင်း(Kenneth) - ဒေါ်ခင်သူဇာချန်ထွန်း(Gracie)၊ ဒေါ်နီနီနေဝင်း - ဦးနေဝင်း၊ ဒေါက်တာဘိုဇော်ဝင်း-ဒေါ်မိမိလေး(Jeannette)၊ (ဗိုလ်ကြီးလင်းဇော်ဝင်း-လေ)-ဒေါ်အုန်းဆက်၊ ဦးအေးဇော်ဝင်း-ဒေါက်တာခင်စန္ဒာဝင်းတို့၏မိခင်၊ ဒေါ်ခိုင်အေး-ဦးခင်မောင်ဝင်း၊ ဦးအောင်အေး-ဒေါ်ခိုင်ခိုင်ဦး၊ ဦးအေးအောင်-ဒေါ်မြတ်မြတ်ကျော်၊ ကိုထွန်းဇော်ဝင်း၊ ဒေါ်ရတနာဇော်ဝင်း-Mark၊ ဦးအောင်သူရိန်ဝင်း(Craigie)-ဒေါ်တင်နှင်းဝေ(မသီတာ)၊ ဒေါ်မြတ်စန္ဒီဝင်း(Kim)-ဦးအောင်မျိုးထွန်း၊ ဦးကျော်သူရ(Mark)-ဒေါ်မေသူ၊ ဦးဝေထွန်း(Wayne)-Anne၊ ဦးအောင်ဇော်လင်း-Jessica၊ ဒေါ်မေစန္ဒာလင်း(ပုံ့ပုံ့)-Matt၊ ကိုအေးနေဝင်း၊ ကိုကျော်နေဝင်း၊ ကိုဇွဲနေဝင်းတို့၏အဘွား၊ မြစ် ၂၀တို့၏ ဘွားဘွားကြီးသည် ၈-၅-၂၀၁၄ရက်(အင်္ဂါနေ့)ဒေသစံတော်ချိန် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၄ရက်(စနေနေ့)တွင် ပန်ဖရီနာရေးဂေဟာတွင် ဈာပနအခမ်းအနားကျင်းပမည်ဖြစ်ပါသည်။ (ကွယ်လွန်သူ၏ သဘောဆန္ဒအရ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအတိုင်း ကုသိုလ်ကောင်းမှုများပြုလုပ်ကာ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။) ကျန်ရစ်သူမိသားစု

ဦးဝင်းမြင့်ဆွေ (တပ်မတော်-ရေ)(ငြိမ်း)
(ရေ-၄၈၅၂)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုဓမ္မာလမ်း၊ အမှတ် ၁၉-A နေ(ဦးစိန်မွေ-ဒေါ်ဒေါ်ရိန်)တို့၏သားကြီး၊ (ဦးဖိုးသန်း-ဒေါ်ချစ်မေ)တို့၏သားသမက်၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ မအေးအေးမြင့်ဆွေ၊ မငွေငွေမြင့်ဆွေ၊ မကြူကြူမြင့်ဆွေ၊ (ဦးမျိုးမြင့်ဆွေ)၊ မခင်လေးမြင့်ဆွေ၊ ဦးဖြိုးမြင့်ဆွေ၊ ဦးတိုးမြင့်ဆွေတို့၏ဖခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၇-၈-၂၀၁၄ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ခရမ်းမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၄၀၆)
ဂုဏ်ထူးဆောင်နာယကကြီး
သုဓမ္မမဏိဇောတရေ ဦးချစ်မောင်(ခ) K.T မူရှူးဂေဆင်န်း
အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၄လမ်းမြောက်၊ ခြံအမှတ် ၄၇၆နေ ဦးကာသီးရေဆန်း-ဒေါ်ကာဆီယမားတို့၏သား၊ (ဒေါ်စိန်)၊ ဒေါ်ခင်သန်းငွေးတို့၏ခင်ပွန်းသည် ၇-၈-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၄ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိုးမြင့်(စိုးမြင့်) စာတည်းမှူးချုပ်(အငြိမ်းစား)
The New Light of Myanmar နှင့် မြန်မာ့အလင်းသတင်းစာတိုက်
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ [ဦးသိန်းမောင် (စာရေးဆရာ ထင်လင်း)-ဒေါ်ခင်ခင်]တို့၏ သားကြီး၊ (ဦးသန်းစော-ဒေါ်စိန်မြ)တို့၏သားသမက်၊ တိုက် ၈၉၊ အခန်း ၁၂၊ ဗိုလ်ရာညွန့်လမ်းနှင့်တိုက် ၁၆၀(ဘီ) ပထမသီရိရိပ်သာ၊ အလုံမြို့နယ်နေ (ဒေါ်ခင်လှမြင့်)၏ခင်ပွန်း၊ ဒေါက်တာစမ်းစမ်း(ခေတ္တ-အင်္ဂလန်)၊ ဦးစိုးဝင်း-ဒေါ်အေးအေးသက်၊ (ဦးကျော်ဇော)-ဒေါ်ညွန့်ညွန့်စိန်၊ ဦးခင်ဇော်-ဒေါ်ဝေဝေထွန်း (ခေတ္တ-အမေရိကန်ပြည်ထောင်စု)၊ ဦးအောင်ထွန်း-ဒေါ်လှလှမြင့်တို့၏အစ်ကိုကြီး၊ ဒေါက်တာခင်ခင်ဦး(ကထိက၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာခင်ခင်လတ် - ဦးခင်မောင်ဇော်(ခေတ္တ-အမေရိကန်ပြည်ထောင်စု)၊ ဒေါ်ခင်ခင်ညိမ်း(NANOVA Co., Ltd.)တို့၏ဖခင်၊ မခင်ဆုမွန်(တတိယနှစ်၊ ဥပဒေ၊ ဒဂုံတက္ကသိုလ်)၊ မောင်ထင်လင်းဇော်တို့၏အဘိုးသည် ၇-၈-၂၀၁၄ ရက် ညနေ ၄း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၄ရက်(စနေနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကောင်းဇော်
B.E (Mechanical)
အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဦးဝိစာရလမ်း၊အမှတ် ၂၃၂နေ [ဦးတင်အုံး(ဒုဝန်ကြီး၊ ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန) - ဒေါ်တင်ရီ]တို့၏ သား၊ (ဒေါက်တာခင်ငြိမ်းလှိုင်)၏ မောင်၊ ဒေါက်တာသိန်းထွန်းအုန်း-ဒေါက်တာသီတာသန်း(ခေတ္တ-UK)၊ ဒေါ်တင်အေးခိုင်(သံမှူး၊ မြန်မာကောင်စစ်ဝန်ရုံး၊ ကူမင်းမြို့)၊ ဦးဥက္ကာ(သံမှူးကြီး Islamabad၊ ပါကစ္စတန်)၊ ဒေါ်နီလာတို့၏အစ်ကို၊ကိုကျော်ကျော်လင်း၊ ခိုင်ချိုဇော်(IISY)တို့၏ဖခင်၊ ဒေါ်ခင်ငြိမ်းငြိမ်း (ကထိက၊ ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)၏ခင်ပွန်း၊ Trinity, Sunday တို့၏အဘိုး၊ ဖြိုးသက်ထွန်း၊ ရွှေစင်ထွန်း၊ အိမ့်ချမ်းမြေ့တို့၏ဘကြီးသည် ၅-၈-၂၀၁၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၄ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်မောင်ဌေး(ခ) ဦးတင်ဌေး (ဝက်လက်)
ကြည်း-၁၂၂၇၂၊ OTS(၄၃)
တရားလွှတ်တော်ရှေ့နေ
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြလမ်း၊ တိုက်အမှတ်(၁)၊ ပထမထပ်နေ တော်ဥက္ကာ - ဒေါက်တာသက်ထားခင်၊ ကိုမင်းသိန်းဝေ - ဒေါက်တာဆုဝေမွန်(ခ)တော်မြတ်စုတို့၏ဖခင်၊ မင်းတပ်ထိပ်တင်တော်ကြီး၏ ခင်ပွန်းသည် ၆-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၈-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် မြလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဥပဒေပညာရပ်သည် နိုင်ငံသားအားလုံး လေ့လာဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်

နေပြည်တော်　ဩဂုတ်　၇

ပြည်သူများအား အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိတိုင်းမြင်အောင်လုပ်ရန် ဥပဒေပညာရှင်များနှင့်ဥပဒေရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အနာဂတ်တွင် တာဝန်ယူကြမည့် ဥပဒေကျောင်းသား ကျောင်းသူများတွင် တာဝန်ရှိပါကြောင်းဖြင့် ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်၌ လွှတ်တော်သို့ လာရောက်လေ့လာသည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဒေါ်မေထားခေါင်းဆောင်သော ကြီးကြပ်သူ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့်

စာမျက်နှာ ၈ ကော်လံ ၅ ❐

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာဆရာမနှင့်ကျောင်းသားကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

လစ်ဗျားတွင် တိုက်ပွဲများပြင်းထန်နေ၍ တရုတ်အလုပ်သမား ၉၀၀ နီးပါး ပြန်လည်ခေါ်ယူ

စာမျက်နှာ ၄

အီဘိုလာရောဂါသည် ကုသရခက်ခဲသဖြင့် ကာကွယ်ရေးလုပ်ငန်း ဦးစားပေးဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှိုးဆော်

စာမျက်နှာ ၉

ရေဘေးရှောင်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှုများ ဆောင်ရွက်လျက်ရှိ

စာမျက်နှာ ၁၀

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ဖောင်းတူရေအားလျှပ်စစ်ဆည် ကြံ့ခိုင်မှုရှိ ဆည်ရေမှာ စိုးရိမ်ရေမှတ်အောက်၌သာရှိကြောင်း သိရ

ပဲခူး　ဩဂုတ်　၇

ပဲခူးမြို့ ပြည်သူများအကြားတွင် ဩဂုတ် ၇ ရက်က ဖောင်းတူရေအားလျှပ်စစ်ဆည် ကျိုးပေါက်သည်ဆိုသည့် ကောလာဟလများထွက်ပေါ်နေပြီး ယင်းကောလာဟလများ မှန်ကန်မှုမရှိဘဲ ဆည်သည် ကြံ့ခိုင်မှုအပြည့်ရှိကြောင်း ဖောင်းတူရေအားလျှပ်စစ်စက်ရုံမှ သတင်းရရှိသည်။

ဖောင်းတူရေအားလျှပ်စစ်ဆည်ကျိုးပေါက်ရန်မှာ မဖြစ်နိုင်ကြောင်း၊ လက်ရှိအချိန်တွင် ဆည်၏ရေအမှတ်သည် စိုးရိမ်ရေမှတ်အောက်တွင်သာရှိနေကြောင်း၊ ဖောင်းတူဆည်၏စိုးရိမ်ရေမှတ်မှာ ၆၈ ဒသမ ၂ မီတာဖြစ်ပြီး လက်ရှိအချိန်တွင် ၆၅ မီတာသို့သာ ရောက်ရှိနေကြောင်း သိရသည်။

ပဲခူးမြစ်ရေမှာ စိုးရိမ်ရေမှတ်ကျော်လွန်ခဲ့ပြီး ပြန်လည်ကျဆင်းခြင်းမရှိသောကြောင့် ယင်းကဲ့သို့ကောလာဟလများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖောင်းတူရေအားလျှပ်စစ်ဆည်မှ ရေအားထိန်းနိုင်ရန် ဝန်ထမ်းများဖြင့် ကြိုးစားလုပ်ဆောင်နေပြီး ရေအားလျှပ်စစ်စက်ရုံအပါအဝင် ဆည်ထိန်းသိမ်းရေးလုပ်ငန်းများကို ဝန်ထမ်းအင်အား ၆၀ ကျော်ဖြင့် လုပ်ဆောင်နေကြောင်း သိရသည်။

ဖောင်းတူရေအားလျှပ်စစ်စက်ရုံကို ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ပြီးစီးကာ တစ်နေ့လျှင် လျှပ်စစ်ဓာတ်အား ၄၈၀ မဂ္ဂါဝပ်ထုတ်လုပ်လျက်ရှိကြောင်းနှင့် ပဲခူးမြစ်ရေသည် ၂၀၁၁ ခုနှစ်က ၉၆၀ စင်တီမီတာသို့ ရောက်ရှိခဲ့ဖူးကြောင်းလည်း သတင်းရရှိသည်။

သန့်စင်

မှတ်သားဖွယ်ရာမိုးရေချိန်များ　၇-၈-၂၀၁၄

ပုသိမ်မြို့	၆ ဒသမ ၁၀ လက်မ
လောင်းလုံးမြို့	၆ ဒသမ ၀၂ လက်မ
ကော့သောင်းမြို့	၄ ဒသမ ၄၅ လက်မ
ရေးမြို့	၄ ဒသမ ၄၁ လက်မ
ဥမြို့	၄ ဒသမ ၃၇ လက်မ
မြောင်းမြမြို့	၄ ဒသမ ၂၁ လက်မ
ရန်ကုန်(မြို့လယ်)	၃ ဒသမ ၆၃ လက်မ

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အဖွင့်ပွဲအဖြစ် မြန်မာနှင့်ထိုင်းတို့ ဆုံတွေ့

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-စိုးညွန့်

ဘရူနိုင်း ဘုရင့်ဖလားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၈ ရက်မှ ၂၃ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာယူ-၁၉ အသင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာယူ-၁၉ အသင်းမှာ အုပ်စုအဖွင့်ပွဲအဖြစ် ဩဂုတ် ၈ ရက် **(ယနေ့)** တွင် ထိုင်းလူငယ်အသင်းနှင့် စတင်ကစားရမည် ဖြစ်သည်။

ဘရူနိုင်း ဘုရင့်ဖလားပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ အသင်း ၁၁ သင်းစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် မြန်မာ၊ ထိုင်း၊ တီမော၊ ဖိလစ်ပိုင်၊ လာအို၊ အုပ်စု(ခ)တွင် အိမ်ရှင်ဘရူနိုင်း၊ ဗီယက်နမ်၊ စင်ကာပူ မလေးရှား၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်လျက်ရှိသည်။ မြန်မာလူငယ်အသင်းမှာ အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၈ ရက်တွင် ထိုင်း၊ ဩဂုတ် ၁၀ ရက်တွင် တီမော၊ ဩဂုတ် ၁၂ ရက်တွင် လာအို၊ ဩဂုတ် ၁၇ ရက်တွင် ဖိလစ်ပိုင်တို့နှင့် ကစားရမည်ဖြစ်သည်။

မြန်မာယူ-၁၉အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး ယခုပြိုင်ပွဲကို ယှဉ်ပြိုင်ခြင်းမှာလည်း

စာမျက်နှာ ၁၄ ကော်လံ ၄ ❋



R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။
မြန်မာ့အလင်း
mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

Bajau

Iron Cross

UNPLUGGED

AUG10
7:00PM
MCC

Seat - Platinum 30000KS 20000KS 10000KS

လက်မှတ်စရောင်းချမည့်နေ့ - 7.AUG.2014

City Mart ဆိုင်ခွဲများ၊ မန်းသီရိ တေးသွင်း၊ The Sun Music, KoKo Beauty Saloon ဆိုင်ခွဲများ

AGD BANK

PLUS

1876

09 73077733, ☎ 01-682944
09 730 77744, ☎ 01-682844

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (မြောင်းတကာ သံမဏိစက်မှုဇုန်)၊ မြေကွက်အမှတ် ဖြဂဟုခေါ်တွင်သော အကျယ်အဝန်းအားဖြင့် ပေ(၁၈၅×၅၃၀)၊ ဧရိယာစတုရန်းပေ ၉၈၀၅၀ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တရားဝင်ငွေအပြေအကျေပေးသွင်းထားကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီဂီဝင်း ၇/ပမန(နိုင်)၁၂၄၄၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူထားသဖြင့် ပါမစ်လျှောက်ထားခြင်း၊ မြေစာရင်းတွင် အမည်ပေါက်ဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော် (စဉ်-၁၀၉၃၈)
LL .B , D. I. .L, WIPO (Switzerland) **အထက်တန်းရှေ့နေ**
အမှတ် ၁၄၃၊ ၄လွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ
ဆန္ဒမဲပေးမည့်အသင်းသားများ မဲပေးရန် ကြိုတင်မှတ်ပုံတင်လက်မှတ်များ
ထုတ်ယူရေး ထပ်ဆင့်အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၃၁ ရက်

၁။ ၁၆-၈-၂၀၁၄ရက်တွင် ရွေးချယ်တင်မြှောက်ပွဲအား နံနက် ၈နာရီမှ ညနေ ၆နာရီအထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည် ဖြစ်ပါသည်။

၂။ ၃၀-၆-၂၀၁၄ရက် မတိုင်မီ အသင်းဝင်ထားသူများအားလုံးသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။

၃။ မဲပေးမည့်ရက်တွင် မဲပေးရန် ကြိုတင်မှတ်ပုံတင်လက်မှတ်နှင့် မှတ်ပုံတင်ထားသော အသင်းဝင်၏ အသင်းဝင်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအား ယူဆောင်လာရမည်ဖြစ်ပါသည်။

၄။ မှတ်ပုံတင်ထားသော အသင်းဝင်သည်သာလျှင်မဲပေးပိုင်ခွင့်ရှိပါသည်။

၅။ မဲပေးရန် ကြိုတင်မှတ်ပုံတင်လက်မှတ်အား ပြသ၍ မှတ်ပုံတင်မှသာလျှင် တရားဝင် ဆန္ဒမဲပေးကတ်ပြားအား ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ မဲပေးရန်ကြိုတင်မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးသွားပါက မဲပေးမည့်ရက်တွင် မှတ်ပုံတင်အဖွဲ့ထံသို့ မှတ်ပုံတင်ထားသောအသင်းသားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ အကူအညီတောင်းနိုင်ပါသည်။

၇။ အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန် ဆန္ဒပြုလွှာတင်သွင်းထားသူများနှင့် ဆန္ဒမဲပေးမည့် အသင်းသားများအားလုံးသည် မဲပေးရန် ကြိုတင်မှတ်ပုံတင်လက်မှတ်များကို ၁၂-၈-၂၀၁၄ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ကျောက်မျက်အသင်းရုံး(ရန်ကုန်/နေပြည်တော်)ကျောက်မျက်သင်းခွဲများ(မန္တလေး၊ မိုးကုတ်၊ ဖားကန့်၊ မြစ်ကြီးနား) စသည့်မြို့များတွင် အချိန်မီထုတ်ယူကြပါရန် ထပ်ဆင့်အသိပေး ကြေညာအပ်ပါသည်။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

HTUN MYINT HTUN COMPANY LIMITED

LUCKY 7

မှတ်ပုံတင်စာချုပ်အမှတ် - ၅၆၅၅/၂၀၁၄

Air-Con
အဟောင်း/အပျက်များ
ဈေးကောင်းပေးဝယ်သည်။
ကိုမောင်မောင်တင်
ဖုန်း-၀၉-၇၃၀၉၅၉၅၀
၀၉-၂၅၄၀၇၇၀၇၅

နေပြည်တော်မှာ တတိယအတွင်းဝန်(MOFA)/ဦးစီးအရာရှိ
ဒု-ဦးစီးသင်တန်းများ (အင်တာဗျူးသီးသန့်)
ဦးလှိုင်ဘွား (Former Gazetted Officer)
ရာထူးဝင်သင်တန်းများ ဖုန်း-၀၉-၄၉၂၀၁၉၈၈၊ ၀၉-၉၇၄၃၂၀၀၀၈
ရှိတယ် **ယောက်သွားအင်းမှတ်တိုင်၊ နေပြည်တော်**

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၀ယ/၈၆၇၉၅၊ Yin Xiang Dream ယာဉ်လက်ဝယ်ရှိသူ ဦးမိုးခိုင်ထွန်း ၁၂/မဘန(နိုင်)၀၀၁၉၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)

ရောင်းမည်

US$ 1800 လစဉ် ဝင်ငွေရ
- STAR CITY CONDO
- ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
- RIVERSIDE.
- (1385) SQFT
- 1 MB, 2 BED ROOM.

FULLY FUNISHED

09-5118945

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ရ/၅၅၃၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကြော်ငြာကဏ္ဍ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း
၂၀၁၄ ခုနှစ်၊ ဇူလိုင် ရက်
(၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ရက်)

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် အလုပ်သင် ဒုအကောက်ခွန်မှူး (လစာနှုန်းကျပ် ၉၃၀၀၀-၁၀၀၀-၉၈၀၀၀) ရာထူးနေရာ ၃၀ လစ်လပ်လျက်ရှိပါသဖြင့် အလုပ်သင် ဒုတိယအကောက်ခွန်မှူး ရာထူးအဖြစ် အောက်ပါသတ်မှတ်ချက် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည်မဟုတ်ပါ။

- (က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) အောက်ပါဘွဲ့/မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-
  - (၁) အင်္ဂလိပ်စာဘွဲ့ B.A (English)၊ မဟာဝိဇ္ဇာဘွဲ့ M.A (English), U.F.L
  - (၂) ဥပဒေဘွဲ့ (LL.B)၊ မဟာဥပဒေဘွဲ့ (LL.M)
  - (၃) စီးပွားရေးပညာဘွဲ့၊ စီးပွားရေးပညာမဟာဘွဲ့
  - (၄) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) ၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)
  - (၅) အင်ဂျင်နီယာ (ချည်မျှင်နှင့်အထည်) B.E (Textile)
  - (၆) အင်ဂျင်နီယာ (စက်မှု) B.E (Mechnical)
- (ဂ) ကျန်းမာသန်စွမ်း၍ နိုင်ငံတော်အတွင်း ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။
- (ဃ) ၃၀-၆-၂၀၁၄ ရက်တွင် ဘွဲ့ရပြီးသူများ အသက်(၂၅)နှစ်နှင့် မဟာဘွဲ့ရရှိသူများသည့် အသက်(၂၇)နှစ်ထက် မကျော်လွန်သူများဖြစ်ရမည်။
- (င) ကျွမ်းကျင်စွာ ရေကူးတတ်ရမည်။
- (စ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅ပေ ၅ လက်မ၊ ရင်အုပ်နဂိုနေ ၃၂ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ နှင့် အိမ်ထောင်မရှိသူဖြစ်ရမည်။
- (ဆ) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၉၀နှင့် အိမ်ထောင်မရှိသူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတများကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ ရေးဖြေစာမေးပွဲအောင်စာရင်းထုတ်ပြန်ပြီး အောင်မြင်သူများကို ကွန်ပျူတာဖြင့် ရေကူးစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ရွေးချယ်ခြင်းခံရပါက အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက အလုပ်သင် ဒုတိယအကောက်ခွန်မှူး ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပါသည်။ အလုပ်သင် တစ်နှစ်ပြည့်မြောက်၍ လုပ်ငန်းဆောင်ရွက်မှု ကျေနပ်ပါက ဒုတိယအကောက်ခွန်မှူး ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအား ၂၃-၈-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုရမည့်နေရာနှင့်အချိန်တို့အား ၂၀-၈-၂၀၁၄ ရက် ၉ နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှေ့ ကြော်ငြာသင်ပုန်းများတွင် ကြော်ငြာပေးသွားမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

- (က) ကိုယ်တိုင်လျှောက်လွှာ
- (ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
- (ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူမှန် (ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)
- (ဃ) ပညာအရည်အချင်းအတွက် ဘွဲ့/မဟာဘွဲ့လက်မှတ် မိတ္တူမှန်၊ (ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)
- (င) နှစ်လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁ ဒသမ ၂ လက်မ×၁ ဒသမ ၄ လက်မ) ဓာတ်ပုံနှစ်ပုံ၊
- (စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊
- (ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊
- (ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ (သက်တမ်းတိုးပြီး)။

၄။ လျှောက်လွှာများကို ၄၉ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် အကောက်ခွန်သင်တန်းကျောင်းတွင် လျှောက်ထားနိုင်ပြီး လျှောက်လွှာလက်ခံမည့်ရက်မှာ ၂၁-၇-၂၀၁၄ ရက်မှ ၁၉-၈-၂၀၁၄ ရက်အထိ ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော် လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော် လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

၇။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနခွဲ၊ ဖုန်းအမှတ်-၀၁-၃၈၄၈၄၅၊ ၀၁-၃၇၁၄၃၀၊Ext; ၁၁၇)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အကောက်ခွန်ဦးစီးဌာန

[illegible]

တန်ပြန်ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

[illegible]

ကြော်ငြာကဏ္ဍ

မြတ်သောမေတ္တာစေတနာဖြင့် "ရတနာသုံးပါး" သဒ္ဓါ ပွားစေဖို့ ...

မြန်မာ့အလင်း နှင့် ဗုဒ္ဓဂယာ ဘုရားဖူး သွားကြစို့ ....

Nice Fare Travel Co.,Ltd.သည်လွန်ခဲ့သော (၁၈) နှစ်ကျော်မှစတင်၍ ပြည်တွင်း / ပြည်ပလေယာဉ်လက်မှတ်၊ In & Out Bound Tour များအား 'စေတနာကောင်းမှ ကံကောင်းမည်' ဆောင်ပုဒ်နှင့်အညီ မိဘပြည်သူ ညီအစ်ကိုမောင်နှမများ စိတ်ချမ်း မြေ့စွာ ကြည်ညို ဖူးမျှော်နိုင်ရေးအတွက် ကုသိုလ်ယူ ဝိုင်းဆောင် ပေးလျက်ရှိပါသည်။

(၁) -သံဝေဇနီယ (၄) ဌာန + အဝိဇဟိတ (၄) ဌာန၊ နယူးဒေလီ၊ တပ်ခ်ျမဟာ (၁၄ - ညအိပ် ၁၅ ရက်)။

(၂) -သံဝေဇနီယ (၄) ဌာန + အဝိဇဟိတ (၃)ဌာန (၁၁ ညအိပ် ၁၂ ရက်)။

(၃) -သံဝေဇနီယ (၄) ဌာန + အဝိဇဟိတ (၃) ဌာန (၇ ညအိပ် ၈ ရက်)။

(၁၀) ဦးလျှင် (၁) ဦး အခမဲ့လိုက်ပါခွင့် ရှိပါသည်။ Passport မရှိသေးပါက ကျပ် (၃၀၀၀၀)ဈေးလျှော့ပေးပါမည်။

ထွက်ခွာမည့်ရက်များမှာ - 4 Oct , 18 Oct , 8 Nov , 29 Nov,20 Dec, 7 Feb, 12 Feb,7 Mar , 21 Mar, 12Apr

ခရီးသည် အသေးစိတ် သိရှိလိုပါက- Nice Fare Travel Co., Ltd.

[illegible]

AGD BANK

Asia Green Development Bank Limited.

အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်

အခြေခံဘဏ်လုပ်ငန်း(အခမဲ့)သင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

[illegible]

၁။ [illegible]

၂။ [illegible]

၃။ [illegible]

၄။ [illegible]

၅။ [illegible]

၆။ [illegible]

၇။ [illegible] AGD Website-www.agdbank.com နှင့် AGD Facebook page - www.facebook.com/AGDBANK [illegible]

[illegible]

[illegible]

ဆရာရဲ ဦးရေသန့် ဆံပင်သန့်ဆေး

[illegible]

[illegible] 'မဟ်လာ' ကို သုံးကြစို့

မဟ်လာ အဆီကျဆေး

[illegible]

မွေးသက္ကရာဇ် အမှန်

ဦးလှိုင်ဘွား၏သမီး အမက(၁၇)မြောက်ဒဂုံ၊ စတုတ္ထတန်း(B)မှ မချောစန္ဒီခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၀-၂၀၀၅ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးထွန်းရွှေ၏သမီး ဖျာပုံမြို့နေ မဝေဝေခိုင် ၁၄/ဖပန(နိုင်) ၁၄၂၂၅၇အား မဝေဝေထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မဝေဝေထွန်း

ဖခင်အမည်မှန်

စမ်းချောင်းမြို့နယ်၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(A)မှ နန်းစိန်ရွှေအေး၏ ဖခင်အမည်မှန်မှာ ခွန်မောင်ချွန် ဖြစ်ပါသည်။

ခွန်မောင်ချွန် ၁၃/ပလန(နိုင်)၀၄၇၉၂၈

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

Grade IV

Grade VI

Travels & Tours Co.,Ltd

M & E Services

ရန်ကုန်မြို့တွင်းအတွက် ယာဉ်မောင်းများအလိုရှိသည်

(၁) ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံးတစ်နှစ်ရှိရမည်။
(၂) အသက် (၂၅)နှစ်အထက်ဖြစ်ရမည်။
(၃) အော်တိုဂီယာကားများကို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။
(၄) English စကားအခြေခံအဆင့် နားလည်နိုင်ရမည်။
(၅) အခြေခံလစာ ၂၀၀၀၀၀ နှင့်အထက် ခံစားခွင့်ရှိသည်။

လျှောက်ထားလိုသူများသည် မိမိ၏ကိုယ်ရေးအကျဉ်းဓာတ်ပုံနှင့် မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ၁၂-၈-၂၀၁၄ရက် နောက်ဆုံးထားပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်း လာရောက်လျှောက်ထားနိုင်သည်။

အိုးဝေခရီးသွားလုပ်ငန်း
တိုက် ၆၊ ဒုတိယထပ်၊ Junction Square Compound၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်
ဖုန်း-၀၁-၂၃၀၄၂၀၁/၂၊ ၀၁-၂၃၀၅၅၇၂
zmnyunt.oway@gmail.com

M7C

Business Management

Business Management Courses (Aug-Sept 2014) (30 hours Courses)

Subject	Time	Training Period	Language
1. Communication Skills	7:30-11:15	Mon-Thur (18-28 Aug)	English/Myanmar
2. Communication Skills	8:30-18:00	Sat-Sun (16-24 Aug)	English/Myanmar
3. Project Management	14:30-18:15	Mon,Wed,Fri 22Aug-8 Sep)	English/Myanmar
4. Project Management	7:30-11:15	Mon,Wed,Fri (29 Aug-15 Sep)	English/Myanmar
5. Project Management	8:30-18:00	Sat-Sun (30 Aug-7 Sep)	English/Myanmar
6. Strategic Marketing	8:30-18:00	Sat-Sun (6-14 Sep)	English/Myanmar
7. Strategic Marketing	7:30-10:30	Mon, Wed, Thur (8-25 Sep)	English/Myanmar
8. Strategic Marketing	8:30-18:00	Sat-Sun (20-28 Sep)	English/Myanmar
9. Business Ethic & Social Responsibility(15 hours only)	1:00-18:00	Wednesday Only (10,17,24 Sep)	English/Myanmar

UMFCCI Office Tower

日本語能力試験
JLPT

JLPT – 2014

11.8.2014 – 22.8.2014
(9:30 AM to 4:30 PM) Sunday Off

MAJA

27.8.2014 (1:00PM – 6:00PM)
28.8.2014 – 29.8.2014 (8:00AM – 6:00PM)

သီပေါအသင်း(ရန်ကုန်)မှ ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

သီပေါအသင်း(ရန်ကုန်)မှ ကြီးမှူး၍ (၁၃၇၆ခုနှစ်၊ ဝါခေါင်လပြည့်နေ့)၊ ၁၀-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကမ္ဘာ့ဧ သာသနာ့ဗိမာန်၊ ရေတာရှည်လမ်းဟောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် သီပေါသူ/သားများအားလုံး အတူတကွ တက်ရောက်ကုသိုလ်ယူ လှူဒါန်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၅၀၇၀၄၄၂၊ ၀၉-၄၄၈၀၁၈၃၁၁၊ ၀၉-၄၂၁၁၃၁၇၀၃

အမှုဆောင်အဖွဲ့

မြင်းခြံ နယ်အသင်း(ရန်ကုန်)

"ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆၊ မြေကွက်အမှတ် ၈၆၅၊ ပေ(၄၀×၆၀)သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်သန်းမြင့် (MMN-၀၃၅၉၁၇)၏ အမည်ဖြင့် မှတ်သားတည်ရှိသည့် မြေချပါမစ်အား ဆင့်ကဲဝယ်ယူထားသူ ဦးဇင်မင်းလွင်၁၃/ဟပန(နိုင်)၀၀၅၂၇၂ထံမှ ဦးမြင့်ကျော် ၁၂/သကတ(နိုင်)၀၃၇၁၁၂က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြိုးဖြိုးအောင်(LL . B, D. B. L) **ဦးဝင်းငွေ(B. A, R. L)**
အထက်တန်းရှေ့နေ(စဉ်-၃၅၀၂၃) **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၅၆)**
အမှတ်-၆၂ (ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၇၃၁၅၀၈၀၃၊ ၀၉-၂၅၄၁၇၉၀၅၇

M.Sc. (Maths). Final.

(9-8-2014 စနေ)

SKY MAY CONSTRUCTION COMPANY LIMITED မှ ဦးကျော်ကျော်ဦး ၁၂/ပဇတ(နိုင်)၀၁၈၁၄၃နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသည့် ဦးMကူရှရှီးပါကိုးဦး၏ ကိုယ်စားလှယ်စာရသူ ဦးခင်မောင်လေး အမှတ်(၆၁)၊ (၅၄)လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေသူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း SKY MAY CONSTRUCTION COMPANY LIMITED မှ ဦးကျော်ကျော်ဦး ၁၂/ပဇတ(နိုင်)၀၁၈၁၄၃နှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်းနှင့်(၅၆)လမ်းထောင့်၊ အမှတ် ၃၁/၃၃(A)(B)/၃၅/၃၇/၃၉လိပ်စာပေါ်တွင် ဆောက်လုပ်ထားသော တိုက်/မြေတို့မှာ ယခုအချိန်အထိ ပိုင်ဆိုင်မှုအရှုပ်အရှင်းများကြောင့် ကျွန်ုပ်အမှုသည်များမှ တရားလိုပြုပြီး (၁)ဦးကျော်ကျော်ဦး၊ (၂)ဦးယာကွတ်၊ (၃)ဦးမိုဟာမက်အူးမား၊ (၄)ဒေါ်မာတမာဘီဘီ၊ (၅)ဌာနမှူး (ရန်ကုန်မြို့တော်စည်ပင်၊ အင်ဂျင်နီယာအဆောက်အအုံဌာန)၊ (၆) ဌာနမှူး(ရန်ကုန်မြို့တော်စည်ပင်၊ မြို့မြေယာဌာန) တို့အား တရားပြိုင်ထားကာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးအမှုအမှတ် ၃၇၈/၂၀၁၀ဖြင့် တရားစွဲဆိုထားဆဲဖြစ်ပါသည်။

ယင်းအမှုအပေါ်တရားရုံးမှ အမိန့်တစ်စုံတစ်ရာချမှတ်ရသေးခြင်းမရှိပါဘဲလျက် SKY MAY CONSTRUCTION COMPANY LIMITED မှ ဦးကျော်ကျော်ဦးက (တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ)အဖြစ်ရောင်းချစရန်ငွေရယူထားကြောင်း ၁၆-၃-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာအရ သိရှိရပါသဖြင့် ၃-၄-၂၀၁၄ရက် မြန်မာ့အလင်း သတင်းစာမှ ကန့်ကွက်ခဲ့ပြီးဖြစ်ပါလျက် ဦးကျော်ကျော်ဦးက ထပ်မံ၍အချင်းဖြစ် တိုက်ဥပစာတွင် တိုက်ခန်းများရောင်း ချရန်ကြော်ငြာအား ထပ်မံကြော်ငြာလာခြင်းများပြုလုပ်လာပါသဖြင့် ထိုတိုက်ခန်းများနှင့်စပ်လျဉ်း၍ ကြော်ငြာခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံ၊ လွှဲပြောင်း၊ စွန့်လွှတ် အမည် ပြောင်းခြင်းများမပြုလုပ်ရန် ထပ်မံသတိပေးလိုက်သည့်အပြင် ယခုရောင်းချရန် ကြော်ငြာထားသည့်ဆိုင်းဘုတ်များအား ဤသတင်းစာကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ဖျက်သိမ်းပေးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နေပါက ဥပဒေနှင့်အညီ တရားတထုံးစွဲဆိုလျှောက်ထားသွားမည်ဖြစ်ကြောင်း ဦးကျော်ကျော်ဦးနှင့်တကွ အများသိစေအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်မြမြလွင်(တရားလွှတ်တော်ရှေ့နေ)
အမှတ် ၃၅၈၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
ဖုန်း-၀၁-၅၈၀၀၂၂၊ ၀၉-၈၆၂၇၈၇၁၊ ၀၉-၄၄၈၀၄၄၉၅၄

အမည်ပြောင်း

ဦးစိုင်းကျော်ဝင်း- ဒေါ်ခင်နှင်းလွင်တို့၏သား စိုင်းနွေသင့်နိုင် ၁၃/မနန(နိုင်)၀၂၂၉၂၅ အား ယနေ့မှစ၍ မောင်နိုင်ရဲလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

အခရောက်ပို့
သူဇချမ်းသာသက်နှုံးတိုက်
☎:01-512443, 09-73017656

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၅၉၇၃၊ Suzuki Wagon R+ S/W (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစမျိုးအောင်ဦး ၁၂/ အလန(နိုင်)၀၃၂၄၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ (အဝီဗဟိုတဌာန) နှင့် တာဝတိံသာနတ်ပြည်သို့ ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနရိန္ဒာဓိပတိ (မှော်ဘီရိယ) သည် မြေဧက ဝယ်ယူပြီးစီး၍ မဟာဓမ္မသုခ သုံးထပ်ကျောင်းတိုက်ကြီးအား ဆောက်လုပ်လျက်ရှိရာ ဒုတိယထပ် ကြမ်းခင်းစလက်(SLAB) လောင်းပြီးဖြစ်၍ တတိယထပ် အမိုးမိုးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါန သံဃသာအဂ္ဂုဓမ္မနဝက္ကိုဌ" (ဝိဟာရဟူ ကျောင်းအလှူကို ဆုရှုပ္ပ ချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးကို တစ်တောင့်ခြင်းလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့် [illegible] အောက်ပါအတိုင်းဆက်သွယ်၍ရက်ရောကြည်ဖြူစွာ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ -

၁။ ဆရာတော်ဘဒ္ဒန္တဒေါက်တာနရိန္ဒာဓိပတိ၊ မဟာဓမ္မသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁ - ၈၃၀၀ ၃၈၀ ၁၃၂၊ ၈၈၉၆ ၇၅၂၉၇၇၊ unarinda08@gmail.com
၂။ ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာဓမ္မဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်း။ ၀၁ - ၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၀၅၊ ၆၅၇၇၇၄
၃။ ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်ဓမ္မဂယာဘုရားဖူးအဖွဲ့၊ မင်္ဂလာတောင်ညွန့်။ ၀၁ - ၂၉၆၄၄၆၊ ၀၉ - ၅၀၁၃၅၂၂
၄။ ဒေါ်မသူမောင်၊ မသူမောင်ဓမ္မဂယာဘုရားဖူးအဖွဲ့၊ ကမာရွတ်။ ၀၉ - ၅၁၃၉၂၄၃၈၊ ၀၉ - ၇၃၂၄၁၈၅၊ ၀၉ - ၅၀၁၂၈၇၀
၅။ ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဓမ္မဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်း။ ၀၁ - ၅၃၂၀၈၆၊ ၀၉ - ၅၁၁၃၄၀၄၄၊ ၀၉ - ၅၁၈၀၃၇၆
၆။ ဒေါ်နီနီဝင်း၊ ရွှေမိုးဓမ္မဂယာဘုရားဖူးအဖွဲ့၊ တာမွေ။ ၀၁ - ၅၄၆၈၂၀၊ ၀၉ - ၅၀၂၁၁၉၂
၇။ ကိုးကိုးရတနာဓမ္မဂယာဘုရားဖူးအဖွဲ့၊ လှည်းတန်း၊ ကမာရွတ်။ ၀၁ - ၅၀၇၉၂၅၊ ၀၁ - ၅၂၇၅၃၉
၈။ ဒေါ်တင်မိုးအေး၊ ကျော်ကျော်တာ ယဉ်ကျေးမှု ခင်နန္ဒာရုံးခွဲ(၁)၊ မန္တလေး။ ၀၂ - ၅၁၅၄၀၅၁၊ ၀၉ - ၅၁၁၆၈၀၄

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခ္ဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၆၂နှင့် ဆက်နွှယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၉၁

ဦးမိုးကျော်နိုင်	နှင့်	ဦးလှဟန်
အမှတ် ၃/၁၁၂၊ သာခုကန်၊		အမှတ် ၈၃၆၊ သခင်မြလမ်း၊
ရွှေပြည်သာမြို့နယ်၊		(၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်
ရန်ကုန်တိုင်းဒေသကြီး		(မြောက်ပိုင်း)မြို့နယ်၊
		ရန်ကုန်တိုင်းဒေသကြီး
ဒီကရီအနိုင်ရသူ		**တရားရုံး**

အမှတ် ၈၃၆၊ သခင်မြလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးလှဟန် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၂၆၂တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်းအကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စား လှယ်ဖြင့် ဖြစ်စေ ၂၀၁၄ခုနှစ် သြဂုတ် ၂၅ရက် (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် သြဂုတ် ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းနိုင်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခ္ဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးအမှုအမှတ်(၂၈)နှင့် ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅

ဦးဒါနာဘာလန်း	နှင့်	ဒေါ်နန်းခမ်းဆွမ်
အနိုင်ဒီကရီရသူ		**တရားရုံး**

အမှတ် ၃၊ မြေညီထပ်၊ ၁၁၃ လမ်း၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ တရားရုံးဒေါ်နန်းခမ်းဆွမ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈တွင်ရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ်၊ သြဂုတ် ၂၂ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ်၊ သြဂုတ် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်မြင့်)
တွံ့ဖက်မြို့နယ်တရားသူကြီး(၁)
မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ 'အိမ်ရှင်မ'သီးစုံယို-မက်မန်းလုပ်ငန်းမှ ROMANTICအမည်ဖြင့် ထုတ်လုပ်မည်ဖြစ်ပါသည်။ ၄င်းအမည်ဆင်တူ ထုတ်လုပ်မှုရှိနေပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်ကြာဟွေ့
၁/မညန(နိုင်)၀၇၂၅၆၇
ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၄၀၂၆၁၁၉၉၃

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကံ့ကော်ပိုင်၊ ဥဩရပ်ကွက်နေ ကျွန်မ၏သားမောင်ကိုထိုက်သည် မိဘဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိဘဆုံးမမှုကို မနာခံသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်လှဝင်း
၁၂/ဥကတ(နိုင်)၀၂၃၂၉၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၄၁၁၈၊ Dagon Jeep SW(4X2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကို ၁၂/တမန(နိုင်)၀၃၇၆၉၁က(က မ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းပညာ-၂၀)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၆

ဦးရဲလင်းကျော်	နှင့်	ဦးမြင့်ဆွေ
တရားလို		**တရားပြိုင်**

ဦးမြင့်ဆွေ အမှတ်(၁၄၃) ပထမထပ် ၂၇လမ်း(အလယ်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးရဲလင်းကျော်က ပဋိညာဉ်ပါအတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ၂၀၁၄ခုနှစ် သြဂုတ် ၁၂ ရက်(၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ အချိန်အတွင်း အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က လာရောက်တင်သွင်းရမည်။

၂၀၁၄ခုနှစ် သြဂုတ် ၅ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

(အောင်ဇေလွင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ကြော်ငြာစာ

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၆၅

ကွယ်လွန်သူ ဒေါ်ကျင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ်(၂၃/၂)တွင်နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်ကျင်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဝင်းသိန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ် သြဂုတ် ၂၁ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ကျင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင်၄င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၄ခုနှစ် သြဂုတ် ၂၁ ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်) ၁၀း၀၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ဝင်းသိန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် သြဂုတ် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင့်လွင်)
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။

(က)	**Underground Cable**		**2-Items**
	(၁)	U/G Cable (40 x 2 x 0.4mm)	1.5-Kms
	(၂)	U/G Cable (150 x 2x 0.4mm)	2-Kms
(ခ)	**ကွန်ကရစ်တိုင်**		**2-Items**
	(၁)	၇-မီတာ ကွန်ကရစ်တိုင်	830-Nos
	(၂)	၈-မီတာ ကွန်ကရစ်တိုင်	510-Nos
(ဂ)	Digital Earth Tester		1-No
(ဃ)	**Exchange**		**3-Items**
	(၁)	Line(200) Auto Exchange	8-Nos
	(၂)	Line(250) Exchange	1-No
	(၃)	Line (256) Exchange	2-Nos
(င)	**Cable Pair Checker and Insulation Testmeter**		**2-Items**
	(၁)	Cable Pair Checker	5-Nos
	(၂)	Insulation Testmeter	4-Nos
(စ)	**Fiber Cable, OTB, Closure and Patch Cord**		**4-Items**
	(၁)	Fiber Cable 24 Core (O/H) Armoured	13-Kms
	(၂)	OTB With Access; (24 Core)	3-Nos
	(၃)	Fiber Joint Closure (24 Core)	6-Nos
	(၄)	Patch Cord FC/PC (5M)	20-Nos
(ဆ)	**ပရိဘောဂ**		**3-Items**
	(၁)	Aluminium Office Desk (4'x2'x2.5')	12-Nos
	(၂)	Aluminium Cupboard (6'x3'x1.5') 4 Shelf	6-Nos
	(၃)	ကွန်ပျူတာဆုံလည်ကုလားထိုင်(လက်တင်ပါ)	12-Nos
(ဇ)	**KX TDA-600 အိတ်ချိန်းကတ်**		**6-Items**
	(၁)	Trunk Card	1-Card
	(၂)	24 Line Card	10-Cards
	(၃)	BUS Master	1-Card
	(၄)	Expension Shelf	1-Card
	(၅)	Power Card	1-Card
	(၆)	CPU Card	1-Card
(ဈ)	Battery (12V, 150 AH) Acid Type		400-Nos
(ည)	**ခြေအိတ်၊ ခါးပတ်၊ မိုးကာအင်္ကျီ၊ စာပို့လုလင်လွယ်အိတ်နှင့် တက်ထရွန်ပိတ်စ**		**5-Items**
	(၁)	ခြေအိတ်(ပြည်တွင်းဖြစ်) အနက်ရောင်	3500-Sets
	(၂)	ခါးပတ်(ကြေးခါးပတ်ခေါင်းအပါအဝင်)	2000-Nos
	(၃)	ကျားကြီးဝတ်မိုးကာအင်္ကျီ	500-Nos
	(၄)	စာပို့လုလင်လွယ်အိတ်(ဆသရတံဆိပ်ဝိုင်းအပါ)	1500-Nos
	(၅)	တက်ထရွန်ပိတ်စ(အဖြူ) အနံ-၄၅"	2000-Yards
(ဋ)	**ကင်းဘတ်ဖိနပ်**		**6-Items**
		ကင်းဘတ်ဖိနပ် (No-39, 40, 41, 42, 43, 44)	
(ဌ)	**5 KVA AVR, 2 KVA UPS, Vacuum Cleaner**		**3-Items**
	(၁)	5KVA AVR (Single Phase)	6-Nos
	(၂)	2KVA UPS (With Batterises 24 V)	6-Nos
	(၃)	Vacuum Cleaner	6-Nos
(ဍ)	**လုပ်ငန်းသုံးပုံစံ**		**4-Items**
	(၁)	ACG-20	5500-Boks
	(၂)	ACG-20(a)	5000-Sheets
	(၃)	TF-46	1000-Sheets
	(၄)	ACE-4	4000-Sheets
(ဎ)	**စာရေးကိရိယာ**		**6-Items**
	(၁)	Foreign Paper A4 (၅၀၀)ရွက်ပါ (70 gsm)	500-Reams
	(၂)	Foreign Paper F'scap (၅၀၀)ရွက်ပါ (70 gsm)	300-Reams
	(၃)	Sittaung Paper A4	150-Reams
	(၄)	Register Book (စစ်တောင်းစက္ကူဖြင့်) (၂၀၀)ရွက်ပါ	700-Books
	(၅)	Gum Bottle	100-Bottles
	(၆)	Flat Board	1700-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂-၉-၂၀၁၄ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန www.mict.gov.mm Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၃၆၄၆၁ ယာဉ်လက်ဝယ်ရှိသူ ဦးလှသီဟဝင်း ၁၄/ မအပ(နိုင်)၁၇၅၁၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မအူပင်)မအူပင်မြို့

မြန်မာ့အလင်း
ဂျာနယ် စီးပွားကြော်ငြာ (masthead lettering)
၂၀၁၄ခုနှစ်၊ ဩဂုတ် ၈ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖော်ဆောင်

စာ - ၃

လူမှုစီးပွား

ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့သစ်မွှေး မိုးညှင်းမြို့နယ်၌ စီးပွားဖြစ်စိုက်ပျိုး

စာ - ၆

မြန်မာအလင်း
၈-၈-၂၀၁၄ (သောကြာနေ့)

ဘောလုံးလောကဟာ တစ်နှစ်ထက်တစ်နှစ် ပြိုင်ဆိုင်မှုတွေပိုမိုပြင်းထန်လာသလို ကစားသမားဝယ်ယူမှု၊ ကစားသမားများရဲ့အရေးပါမှုနဲ့ အခန်းကဏ္ဍတွေဟာလည်း ပြောင်းလဲမှုတွေ ရှိလာခဲ့ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်ရဲ့ အပြောင်းအရွှေ့ကိုကြည့်မယ်ဆိုရင် ခံစစ်ကစားသမားများရဲ့ အခန်းကဏ္ဍဟာ ပိုမိုကြီးမားကျယ်ပြန့်လာသလို အရေးကြီးလာတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီက ခံစစ်အားကောင်းခဲ့တဲ့ ဆောက်သမ်တန်အသင်းဟာ ခံစစ်ကစားသမားနှစ်ဦးကို ရောင်းထုတ်ထားခဲ့တဲ့အတွက် ပြောင်းရွှေ့ကြေးအနေနဲ့ ပေါင် ၄၆ သန်းတောင် ရရှိထားတာကိုတွေ့ရမှာပါ။

ပရီမီယာလိဂ်တွင် အရေးကြီးလာသည့် ခံစစ်ကစားသမားများ၏ အခန်းကဏ္ဍ

အောင်က

ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ရဲ့ ထိပ်တန်းအသင်းကြီးတွေကိုကြည့်မယ်ဆိုရင် ခံစစ်ပိုင်းနဲ့ အကောင်းဆုံး အားဖြည့်ထားတာကို တွေ့ရမှာပါ။ အာဆင်နယ်အသင်းဆိုရင် ဒီနှစ်ရာသီမှာ အသင်းကနေ အဓိကအားကိုးနေရတဲ့ ခံစစ်မှူး ဆက်ဂ်ညာကအလွတ်နဲ့ ထွက်ခွာသွားခဲ့တာကြောင့် အသင်းရဲ့ နောက်တန်းခံစစ်ပိုင်းအတွက် ဆောက်သမ်တန်အသင်းက ချမ်ဘာကို ပေါင် ၁၆ သန်းနဲ့ ခေါ်ယူထားခဲ့သလို နယူးကာဆယ်အသင်းကနေလည်း ဒီဘူချီကို ပေါင် ၁၂ သန်းနဲ့ ခေါ်ယူအားဖြည့်ထားလိုက်ပါတယ်။ ချမ်ဘာဟာ လုခ်ရှောလိုပဲ ပါရမီရှိတဲ့ လူငယ်ကစားသမားတစ်ဦးလို့ ဆိုရမှာပါ။ ဒါကြောင့်လည်း သူတို့နှစ်ဦးဟာ ပရီမီယာလိဂ်ရဲ့ တန်ကြေးကြီးတဲ့ လူငယ်ခံစစ်မှူးတွေလို့ သတ်မှတ်ခံထားရတာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း အာဆင်နယ်အသင်းဟာ ချမ်ဘာကိုလက်လွတ်မခံဘဲ အရခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီနှစ်ရာသီမှာ အသင်းရဲ့ ခံစစ်ပိုင်းနဲ့ပတ်သက်ပြီး ကြီးမားတဲ့ ဆုံးရှုံးမှုတွေရှိနေခဲ့တာကြောင့် ကစားသမားသစ်တွေနဲ့ အားဖြည့်ခေါ်ယူထားခဲ့တဲ့အသင်းကတော့ မန်ယူအသင်းပါပဲ။ မန်ယူအသင်းဟာ ဒီနှစ်ရာသီမှာ အသင်းရဲ့ အဓိကခံစစ်ကစားသမားတွေဖြစ်တဲ့ ဗီဒစ်၊ ဖာဒီနန်၊ အီဗရာနဲ့ ဘက်နာတို့ အသင်းမှ ထွက်ခွာသွားခဲ့ကြပါတယ်။ ဒါကြောင့်လည်း မန်ယူအသင်းဟာ သူတို့ရဲ့နေရာမှာ အကောင်းဆုံးအစားထိုးနိုင်ဖို့ ဆောက်သမ်တန်အသင်းရဲ့ လူငယ်ခံစစ်မှူးလုခ်ရှောကို ပေါင် ၂၇ သန်းနဲ့ လုပ်ခတစ်ပတ် ပေါင် ၁၀၀၀၀၀ ပေးပြီးခေါ်ယူခဲ့ပါတယ်။ အခုလိုခေါ်ယူခဲ့တာဟာ မန်ယူအသင်းအတွက်တော့ အလွန်ပဲ အန္တရာယ်ကြီးတဲ့ စွန့်စားမှုဖြစ်သလို ဖာဒီနန်ကို ခေါ်ယူခဲ့ပြီးတဲ့ နောက်ပိုင်း ကြေးအကြီးဆုံး ခံစစ်မှူးတစ်ဦးခေါ်ယူမှုလည်း ဖြစ်ပါတယ်။ တကယ်လို့ လုခ်ရှောသာ ခြေစွမ်းမပြနိုင်ဘူးဆိုရင်တော့ မန်ယူအသင်းအတွက်တော့ ကြီးမားဆိုးရွားတဲ့ ခေါ်ယူမှုကြီး ဖြစ်မှာ သေချာပါတယ်။

မန်ယူအသင်းလိုပဲ နောက်တန်းခံစစ်ပိုင်းနဲ့ပတ်သက်ပြီး ကြီးမားတဲ့ အပြောင်းအလဲတွေ ရှိနေတဲ့အသင်းကတော့ ပြိုင်ဘက်ချယ်လ်ဆီးအသင်းပါပဲ။ ချယ်လ်ဆီးအသင်းဟာ ဒီနှစ်ရာသီမှာ အသင်းရဲ့ အဓိကအားကိုးရတဲ့ လူးဝစ်ဇ်ဟာ ပီအက်စ်ဂျီအသင်းကို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့သွားသလို တစ်ချိန်တုန်းက ပရီမီယာလိဂ်ရဲ့ အကောင်းဆုံး ခံစစ်မှူးလို့ ပြောလို့ရတဲ့ အက်ရှ်လေကိုးလ်ဟာလည်း ရိုးမားအသင်းကို ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းဟာ ပြည်ပကလပ် အက်သလက်တီကိုအသင်းရဲ့ ခံစစ်မှူး ဖီလစ်ပီလုခ်ကို ပေါင် ၁၆ သန်းနဲ့ ခေါ်ယူလိုက်ပါတယ်။ ဒါဟာ အာဆင်နယ်အသင်းက ဆောက်သမ်တန်ကစားသမားချမ်ဘာကို ခေါ်ယူခဲ့တဲ့ ပြောင်းရွှေ့ကြေးနဲ့ ဈေးနှုန်းတူဖြစ်ပေမယ့် မန်ယူအသင်းကခေါ်ယူခဲ့တဲ့ လုခ်ရှောရဲ့ ပြောင်းရွှေ့ကြေးနဲ့ယှဉ်ရင်တော့ တစ်ဝက်သာသာလောက်ပဲ ရှိမှာပါ။ ဒါပေမယ့် ချယ်လ်ဆီးအသင်းအနေနဲ့ ဖီလစ်ပီလုခ်ကို ပေါင် ၁၆ သန်းလောက်နဲ့ ခေါ်ယူနိုင်ခဲ့တာကလည်း အသက် ၂၈ နှစ်ရှိပြီဖြစ်တာကြောင့်အပြင် ပြည်ပကလပ်အသင်းဖြစ်နေတာကြောင့်လည်း ဖြစ်ပါတယ်။ ဖီလစ်ပီလုခ်ဟာ ပြီးခဲ့တဲ့ ရာသီကဆိုရင် အက်သလက်တီကိုအသင်းကို စပိန်လာလီဂါဆုဖလားအပြင် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ရှိဖို့ စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ ခြေစွမ်းနဲ့ယှဉ်ရင် သူ့ရဲ့ပြောင်းရွှေ့ကြေးက အလွန်သင့်တော်တယ်လို့လည်း ပြောနိုင်ပါတယ်။

ဒါပေမယ့် ဘာကြောင့်ပရီမီယာလိဂ်အသင်းတွေအနေနဲ့ အခုလိုခံစစ်ကစားသမားတွေကို ငွေကြေးအမြောက်အမြားသုံးပြီး ခေါ်ယူကြသလဲ။ ကစားသမားတွေကပဲ တကယ်ကောင်းလွန်းလို့လား။ ဒါမဟုတ်အသင်းကပဲ တကယ်လိုအပ်နေလို့လားဆိုပြီး မေးခွန်းတွေ ထွက်ပေါ်နေပါတယ်။ တကယ်တော့ ယနေ့ခေတ် ဘောလုံးလောကဟာ ပြိုင်ဆိုင်မှုတွေပြင်းထန်လာတာနဲ့ အတူ အသင်းတွေအနေနဲ့ ဆုဖလားတွေနဲ့ အောင်မြင်မှုတွေ ရယူလိုမှုတွေဟာ ပိုမိုပြင်းထန်လာကြပါတယ်။ ဒါကြောင့်လည်း အသင်းတွေရဲ့ အောင်မြင်မှုအတွက် ခံစစ်ပိုင်းတွေဟာ ပင်မထောက်တိုင်အနေနဲ့ ဖြစ်လာခဲ့ကြပါတယ်။ ဥပမာအနေနဲ့ ချယ်လ်ဆီးအသင်းကို ကြည့်မယ်ဆိုရင် သူ့ရဲ့ကစားကွက်ဟာ ၄-၂- ၃-၁ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီကစားကွက်ကိုကြည့်မယ်ဆိုရင် ကွင်းလယ်တိုက်စစ်မှူး သုံးဦးဟာ အသင်းအတွက် အခရာကျသလိုအသင်းရဲ့ နောက်တန်းခံစစ်ပိုင်းကလည်း အဓိကအရေးကြီးဆုံး ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့်လည်း အသင်းတစ်သင်းရဲ့ အောင်မြင်မှု၊ ကျဆုံးနိုင်မှုတွေဟာ ခံစစ်သမားတွေရဲ့ လက်ထဲမှာရှိနေတယ်လို့တောင် ပြောရမှာပါ။

ဒါကြောင့်လည်း ယနေ့ခေတ် ပရီမီယာလိဂ်မှာတော့ ခံစစ်မှူးတွေရဲ့ အခန်းကဏ္ဍဟာ တစ်စတစ်စနဲ့ ပိုမိုအရေးကြီးလာကြသလို အသင်းတစ်သင်းအတွက် အနိုင်အရှုံးဆုံးဖြတ်ပေးရာမှာ အခရာကျတယ်လို့တောင် ပြောနိုင်ပါတယ်။ လာမယ့်ရာသီမှာတော့ ဘယ်ခံစစ်ကစားသမားတွေဟာ ဘယ်လောက်အထိ ခြေစွမ်းပြကစားကြမလဲဆိုတာ ကိုတော့. . . . . .

ဒီဘူချီ

ဖီလစ်ပီလုခ်



ချမ်ဘာ

လုခ်ရှော

> ယနေ့ခေတ်ဘောလုံးလောကဟာ ပြိုင်ဆိုင်မှုတွေပြင်းထန်လာတာနဲ့အတူ အသင်းတွေအနေနဲ့ ဆုဖလားတွေနဲ့ အောင်မြင်မှုတွေ ရယူလိုမှုတွေဟာ ပိုမိုပြင်းထန်လာ. . . ဒါကြောင့်လည်း အသင်းတွေရဲ့အောင်မြင်မှုအတွက် ခံစစ်ပိုင်းတွေဟာ ပင်မထောက်တိုင်အနေနဲ့ ဖြစ်လာခဲ့

ဥရောပစူပါဖလားနဲ့ ပတ်သက်သော အတွေးစများ

လင်းဆက်

ဥရောပစူပါဖလား။ တစ်နည်းညွှန်းဆိုရရင် ဥရောပရဲ့ ဗိုလ်တကာ့ဗိုလ်အသင်းကိုရွေးထုတ်မယ့်ပွဲ။ ပြောချင်တာ၊ ဥရောပစူပါဖလားဆိုတာ ချန်ပီယံလိဂ်ချန်ပီယံနဲ့ ယူရိုပါလိဂ်ချန်ပီယံနှစ်သင်းကို တွေ့ဆုံယှဉ်ပြိုင်စေတဲ့ ပြိုင်ပွဲ။ အဲဒီပြိုင်ပွဲ နှစ်ရပ်ဆိုတာ က လည်း ဥရောပ ဘောလုံးလောကမှာ အဆင့်အမြင့်ဆုံး ပြိုင်ပွဲနှစ်ရပ်။

ဒီတော့ တစ်နည်းပြောရရင် ဒီဥရောပ စူပါဖလားပွဲမှာ ဗိုလ်စွဲတဲ့အသင်းကို ဥရောပရဲ့ တစ်သင်းတည်းသော ချန်ပီယံအဖြစ် သတ်မှတ်ရင်လည်း ရတယ်ဆိုတော့။ ဒီ ၂၀၁၄ ရဲ့ တစ်သင်းတည်းသော ဥရောပချန်ပီယံက ဘယ်အသင်းဖြစ်မလဲ။ မနှစ်က ချန်ပီယံလိဂ်မှာ ရီးရဲက ဗိုလ်စွဲတယ်၊ ယူရိုပါလိဂ်မှာ ဗိုလ်စွဲတဲ့အသင်းက ဆီဗီလာ။ ဒါဆို ဥရောပရဲ့ ဗိုလ်တကာ့ဗိုလ်ဟာ ရီးရဲလား၊ ဆီဗီလာလား။ သေချာတာက ဘယ်အသင်းပဲ ချန်ပီယံဖြစ်ဖြစ် ဒီအောင်မြင်မှုဟာ စပိန်ကလပ်အသင်းတွေရဲ့ ၁၁ ကြိမ်မြောက်အောင်မြင်မှုဖြစ်မယ်။ နိုင်ငံအလိုက် အောင်မြင်မှုမှာ ဒုတိယနေရာက အီတလီထက် နှစ်ကြိမ်အသာရမယ်။ အင်္ဂလန်ထက် လေးကြိမ်အသာရမယ်။

ကိုင်ချိုဝိခ်

ဒီတော့ အဲဒီမှာမေးစရာဖြစ်လာပြီ။ အထူးသဖြင့် ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ စပိန်ဟာ အုပ်စုအဆင့်ကို မကျော်ဘူး။ အဲဒီအတွက် ဝေဖန်ပြစ်တင်မှုတွေကိုခံရတယ်။ သိက္ခာကျရတယ်။ ဒီတော့ အဲဒီလိုကျဆင်းခဲ့ရတဲ့ စပိန်လက်ရွေးစင်အသင်းရဲ့ ဂုဏ်သိက္ခာကို ဒီဥရောပစူပါဖလားပွဲက ဆွဲမြှင့်ပေးနိုင်မလားဆိုတဲ့အချက်။ ပြောရမယ်ဆိုရင်တော့ မနှစ်က ဥရောပရဲ့ အဆင့်မြင့်ဆုံးပြိုင်ပွဲကြီးနှစ်ရပ်မှာ စပိန်ကလပ်တွေ အောင်မြင်မှုရတယ်။ ချန်ပီယံလိဂ်မှာဆိုရင် စပိန်နှစ်သင်းဖြစ်တဲ့ ရီးရဲနဲ့ အက်သလက်တီကိုတို့ ဗိုလ်လုပွဲရောက်ခဲ့တာဖြစ်လို့ All Spanish Final တောင်ဖြစ်တယ်။ ပြီးတော့ အဲဒီမှာ ရီးရဲကဗိုလ်စွဲတယ်။ ယူရိုပါလိဂ်မှာလည်း စပိန်နှစ်သင်းဆီမီးတက်ပြီး အဲဒီမှာ ဆီဗီလာကဗိုလ်စွဲတယ်။ အဲဒီမှာ စပိန်ကလပ်တွေရဲ့ ဥရောပကို လွှမ်းမိုးမှုအား။ အဲဒါကိုအခြေခံပြီး စပိန်ဘောလုံးလောကအပေါ် လိုတာထက်ပိုပြီး အကောင်းမြင်ခဲ့ကြပေမယ့် လက်တွေ့မှာ စပိန်လက်ရွေးစင်အသင်းက ကမ္ဘာ့ဖလားမှာ ထင်သလိုဖြစ်မလာဘူး။

ဒါပေမယ့် မနှစ်က စပိန်ကလပ်တွေရဲ့ အောင်မြင်မှုဟာ စပိန်ကို လုံးလုံးလျားလျား ကျောထောက်နောက်ခံပြုနိုင်သလား။ ဒါမှမဟုတ် စပိန်အမည်ခံ အပေါ်ယံအောင်မြင်မှုလား။

ပြောရမယ်ဆိုရင်။ ရီးရဲဆိုတာ စပိန်ရဲ့ ထိပ်တန်းအသင်းတစ်သင်းဖြစ်တာမှန်တယ်။ စပိန်မှာ အအောင်မြင်ဆုံးနဲ့ အကြီးကျယ်ဆုံးအသင်းလို့လည်းဆိုနိုင်တယ်။ ဒါပေမယ့် အဲဒီလို စပိန်ရဲ့ အကြီးကျယ်အခမ်းနားဆုံးဖြစ်တဲ့ ဒီလို ကလပ်အသင်းကြီးမျိုးမှာတောင် ကျောထောက်နောက်ခံ ပြုပေးနေတဲ့ စပိန်သား ဘောလုံးသမားက ရှားနေတယ်။ အရှင်းဆုံးသာဓကတစ်ခုချပြမယ်။ မနှစ်ကချန်ပီယံလိဂ်မှာ ရီးရဲဗိုလ်စွဲတော့ အဲဒီဗိုလ်လုပွဲမှာ ရီးရဲမက်ဒရစ်ရဲ့ ပွဲထွက်လူစာရင်း ၁၁ ယောက်အနက် စပိန်သားဘောလုံးသမားက သုံးယောက် (ကာဆီးလက်စ်၊ ကာဗာဂျယ်၊ ရာမို့စ်)တို့ပဲဖြစ်ပါတယ်။ သုံးဦးလူစားလဲရာမှာလည်း တစ်ယောက်က ဘရာဇီးသား မာဆယ်လို။ အရှင်းဆုံးပြောရရင် အဲဒီဗိုလ်လုပွဲမှာ ရီးရဲဟာ ဘောလုံးသမား ၁၁ ယောက်။ လူစားလဲ သုံးဦးနဲ့ ၁၄ ဦးသုံးတယ်။ အဲဒီအထဲမှာ ငါးဦးသာ စပိန်သားပါတယ်။ ကျန်ကိုးဦးက ပြည်ပသားတွေ ချည်းပဲဆိုတော့ ရီးရဲမက်ဒရစ်ရဲ့အောင်ပွဲဟာ စပိန်အောင်ပွဲဖြစ်ပါ့မလား။

အထူးသဖြင့် ရီးရဲမှာ လက်ရှိကျောထောက်နောက်ခံပြုနေတဲ့ ကစားသမားတွေကိုကြည့်ရင် ရော်နယ်ဒိုက ပေါ်တူဂီသား၊ ဘေးလ်က ဝေလ၊ ဘင်ဇီမာက ပြင်သစ်၊ မိုဒရစ်က ခရိုအေးရှား။ ဗာရာနီက ပြင်သစ်၊ ပီပီက ပေါ်တူဂီ၊ ကွန်ထရာအိုကလည်း ပေါ်တူဂီဆိုတော့။ သေချာတယ်။ အဲဒီရီးရဲမက်ဒရစ်ရဲ့ အောင်ပွဲဟာ စပိန်ရဲ့အောင်ပွဲလို့ မပြောနိုင်ဘူး။ ဒါဆိုဆီဗီလာကရော။ သိပ်တော့မထူးဘူး။ ပြီးခဲ့တဲ့ ယူရိုပါလိဂ်မှာ ပွဲထွက် ၁၁ ယောက်အနက် ဆီဗီလာမှာ စပိန်သားဆိုလို့ လေးဦးပဲပါတယ်။ လူစားလဲတဲ့သုံးဦးမှာ စပိန်သားတစ်ဦးမှ မပါဘူး။ ဒီတော့ စုစုပေါင်း ၁၄ ဦးမှာ ပြည်ပသား ကိုးဦးကိုပဲ အခြေပြုပြီး ယူရိုပါလိဂ်ဖလားယူခဲ့တာ။ အဲဒီယူရိုပါလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းဘုရင် ငါးဦးထဲမှာ ပါတဲ့ ဆီဗီလာကစားသမား ပါမီယိုကတောင် ပြင်သစ်သား။ ပြီးတော့ အဲဒီ ယူရိုပါလိဂ်ရဲ့ အကောင်းဆုံး ၁၈ ဦးမှာ ဆီဗီလာက လေးဦးပါတော့လည်း အားလုံးက ပြည်ပသားတွေချည်းပဲ။

ဒီတော့ မနှစ်က ဥရောပရဲ့ပြိုင်ပွဲကြီးနှစ်ရပ်မှာ စပိန်ကလပ်နှစ်သင်း ဗိုလ်စွဲတယ်။ ဒီအတွက် စပိန်ဟာ ဥရောပကို လွှမ်းမိုးတယ်လို့အများစု ယူဆတယ်။ ဒါပေမယ့် လက်တွေ့ကျကျလေ့လာရင် မနှစ်က စပိန်ကလပ်တွေရဲ့ အောင်မြင်မှုဟာ စပိန်ကို လုံးလုံးလျားလျားအကျိုးမပြုဘူး။ ကျောထောက်နောက်ခံမပေးနိုင်ဘူး။ အရှင်းဆုံးပြောရရင် စပိန်ရဲ့အောင်ပွဲစစ်စစ်မဟုတ်ဘူး။ ဒါဆိုရင် ဒီနှစ်သင်းဆုံတွေ့မယ့် ဒီနှစ်ဥရောပစူပါဖလားကရော စပိန်ရဲ့အောင်ပွဲလို့ ပြောနိုင်မလား။ အဲဒီပွဲဟာ စပိန်အားပြိုင်မှုစစ်စစ်မဟုတ်ဘူး။ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ကျဆင်းခဲ့ရတဲ့ စပိန်ရဲ့ ဂုဏ်သိက္ခာကိုမြှင့်မယ့်ပွဲလို့ မဆိုနိုင်ဘူး။

ထပ်ကြည့်။ ဒီနွေဈေးကွက်မှာ ရီးရဲဟာ ကစားသမားနှစ်ဦးကို အဓိကထား အားဖြည့်တယ်။ တစ်ဦးက ဂျာမနီသား တိုနီခရူးစ်။ တစ်ဦးက ကိုလံဘီယာသား ရိုဒရီဂွက်ဇ်။ နှစ်ယောက်စလုံးက ပြည်ပသားတွေချည်းပဲ။ ဆီဗီလာခေါ်ယူတဲ့စာရင်းမှာလည်း ပိုလန်သား ကိုင်ချိုဝိခ်၊ အာဂျင်တီးနားသား ဘာဘိုဆာတို့လိုပြည်ပသားတွေပါနေတယ်။ ဒီတော့ ဥရောပစူပါဖလားသမိုင်းမှာ ဒီနှစ် စပိန်နှစ်သင်း ဒုတိယအကြိမ်တွေ့ရတယ်။ ဘယ်အသင်းနိုင်နိုင် စပိန်ကလပ်တွေရဲ့ အောင်ပွဲဖြစ်မယ်။ ဒါပေမယ့် စပိန်ရဲ့ အောင်ပွဲစစ်စစ်တော့မဟုတ်ဘူး။ ။

တိုနီခရူးစ်

ကွန်မြူနတီဒိုင်းနဲ့ အာဆင်နယ်ရဲ့လားရာ

ဝေမိုးဆက်

ကွန်မြူနတီဒိုင်း။ တစ်နည်းပြောရရင် အင်္ဂလန်ဘောလုံး ရာသီသစ်တစ်ခုရဲ့ အဖွင့်ပွဲ။ ပရီမီယာလိဂ်ချန်ပီယံအသင်းနဲ့ အက်ဖ်အေဖလားချန်ပီယံအသင်းတို့ကို ဆုံတွေ့ယှဉ်ပြိုင်စေတဲ့ ပွဲဖြစ်တော့ ဒီနှစ်ရဲ့ကွန်မြူနတီဒိုင်းမှာ မနှစ်က ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးနဲ့ မနှစ်က အက်ဖ်အေဖလားချန်ပီယံ အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားကြမယ့် အခါ သုံးသပ်ဆုံးဖြတ်စရာတွေက လျှံကျလာတယ်။

၁။ ဘယ်အသင်းနိုင်မလဲ။

၂။ ဒီနှစ်သင်းရဲ့ လက်ရှိပြင်ဆင်မှုနဲ့ ဖြစ်တန်အား။

၃။ လိုအပ်ချက်နဲ့ အနာဂတ်။ ခပ်ရှင်းရှင်းပဲပြောမယ်။ ဘောလုံးပွဲ တစ်ပွဲဟာ သာမန်ပွဲကစားချိန် မိနစ် ၉၀ပဲကြာမယ်။ အချိန်ပိုထပ်ကစားရရင် မိနစ် ၃၀။ ပယ်နယ်တီပါထပ်ပါမှ အလွန်ဆုံး နှစ်နာရီကျော်ကျော် လောက်သာကြာမယ်။ ဒါပေမယ့် အဲဒီလို နှစ်နာရီကျော်ကျော်၊ နှစ်နာရီခွဲလောက်သာ အလွန်ဆုံးကြာမြင့်တဲ့ပွဲတစ်ပွဲဟာ တစ်ခါတစ်ရံ အဲဒီမိနစ် ၉၀၊ မိနစ် ၁၂၀ဆိုတာတွေထက်ပိုတဲ့ သုံးသပ်ဆုံးဖြတ်စရာတွေကို ဖြစ်စေတယ်။ ပွဲတစ်ပွဲဟာ ပြိုင်ဘက်နှစ်သင်းစလုံးရဲ့ အနာဂတ်တစ်ခုလုံးကို မြင်နိုင်လောက်အောင် ပြတင်းပေါက်တစ်ခုလိုဖြစ်တတ်တဲ့အခါ ဘောလုံးပွဲတစ်ပွဲကို အားပေးရင်ခုန်ခြင်းဟာ အနိုင်အရှုံးတစ်ခုတည်းအတွက်ဆိုရင် ရသမပြည့်စုံနိုင်ဘူး။ အနှစ်သာရမပြည့်ဝဘူး။

ဒီတော့ ဒီပွဲမှာ ဒီနှစ်သင်း၊ ဘယ်အသင်းနိုင်မလဲဆိုတာ ခဏထား။ ဒီနှစ်သင်းရဲ့ လက်ရှိပြင်ဆင်မှုနဲ့ဖြစ်တန်အားကို အရင်ကြည့်။ အထူးသဖြင့် ဒီနှစ်သင်းဟာ တစ်သင်းက အင်္ဂလန်ရဲ့ လက်ရှိချန်ပီယံ။ နောက်တစ်သင်းက အဲဒီချန်ပီယံကို စိန်ခေါ်မယ့် အသင်းတွေထဲက တစ်သင်း။ ဒီတော့အဆင့်တစ်ခုကို ကာကွယ်ထိန်းသိမ်းရမယ့်သူနဲ့ အဲဒီအသင်းကို စိန်ခေါ်မယ့်သူကြား ခြားနားမှုအတိုင်းအတာတစ်ခုကို လက်ရှိပြင်ဆင်မှုအရ အဲဒီပွဲမှာထုတ်ပြမယ့် ခြေစွမ်းခြေစ။ အဲဒါတွေနဲ့ တိုင်းဆလို့ရမယ်။

အထူးသဖြင့် အာဆင်နယ်။ ပြောရရင် မနှစ်က အာဆင်နယ်ဟာ ချန်ပီယံဖြစ်ဖို့အထိ မှန်းတယ်။ အဲဒီအတွက် အိုဇေးလ်ကိုစံချိန်တင် ပြောင်းရွှေ့ကြေးပေးပြီးခေါ်တယ်။ ဒါပေမယ့် အဲဒါဟာ ရာသီတစ်ဝက်ပဲ ထိရောက်တယ်။ အရှင်းဆုံးပြောမယ်။ အာဆင်နယ်ဟာ ပွဲစဉ် ၂၀ကျော်တဲ့အထိ အဆင့်တစ် နေရာမှာ ရှိခဲ့ပေမယ့် အဆုံးသတ်မှာ ယိုင်ထွက်သွားတယ်။ နောက်ဆုံးအဆင့် ၄ ရ အောင်တောင် မနည်းလုပ်ယူရတယ်။ ဒီတော့ မနှစ်က သူတို့ဘာလိုခဲ့သလဲ။ အဲဒီအတွက် အခုဖြည့်ပြီးပြီလား။ အဲဒီ အားဖြည့်မှုက လုံလောက်ပြီးလားဆိုတာ အခုပွဲမှာ စစ်ထုတ်ကြည့်လို့ရမယ်။

အဲဒီမှာ တစ်ခုတော့ ကြားဖြတ်ပြောစရာရှိတယ်။ အဲဒါက ပြိုင်ပွဲတစ်ခုနဲ့ တစ်ခုဟာ သဘောသဘာဝမတူဘူး။ အထူးသဖြင့် အမှတ်ပေးပွဲနဲ့ ရှုံးထွက်ပွဲက အားထုတ်ရပုံခြင်းကအစ ကွာတယ်။ ရှုံးထွက်ပွဲဆိုတာက တစ်ပွဲချင်းအားထုတ်ရင်ဆိုင်ရတဲ့ ပြိုင်ပွဲမျိုး။ အမှတ်ပေးပွဲကျတော့ ပိုပြီးအာရုံစိုက်ရတယ်။ လက်ရှိကစားနေတဲ့ပွဲတစ်ပွဲတည်းအတွက်သာ အာရုံစိုက်လို့မရဘူး။ နောက်ပွဲအတွက်ပါ စဉ်းစားရတယ်။ နောက်ပွဲမှာရင်ဆိုင်ရမယ့်ပြိုင်ဘက်ရဲ့ အားကိုပါ ထည့်တွက်ပြီး အခုပွဲမှာ ဘယ်သူ့ကိုသုံးမယ်။ ဘယ်သူ့ကို ချန်မယ်ဆိုတာကိုပါ ချင့်ချိန်ရတယ်။ ရေရှည်သဘောဆောင်တယ်။ ဒီတော့ အခုကစားမယ့် ကွန်မြူနတီဒိုင်းပွဲကို အခြေခံပြီး အမှတ်ပေးချန်ပီယံအတွက် ချင့်တွက်နိုင်ပါ့မလားလို့ တချို့ကသံသယခပ်ပြင်းပြင်းရှိကြတယ်။ အဲဒါကိုမှားတယ်လို့မမြင်ဘူး။ ကွန်မြူနတီဒိုင်းဆိုတာက တစ်ပွဲတည်းကစားရတဲ့ပွဲ၊ ဒီအတွက် အဲဒီတစ်ပွဲတည်းအပေါ် ပုံအောအားစိုက်လာရင်ကောင်းတဲ့ခြေကို တွေ့ရမယ်။ ဒီတော့ အဲဒီတစ်ပွဲတည်းနဲ့တော့ အဲဒီနှစ်သင်းစလုံးရဲ့လားရာ အစစ်အမှန်ကို တိတိကျကျ ညွှန်းဆိုဖို့တော့ခက်တယ်။

ဒါပေမယ့် အဲဒီမှာ ခြွင်းချက်တစ်ခုရှိတယ်။ အဲဒါက ကွန်မြူနတီဒိုင်းဆိုတာက အစဉ်အလာပိုင်းမသေးတဲ့ ဆုဖလားတစ်လုံး။ ပြီးတော့ ရာသီအဖွင့်ပွဲဖြစ်တယ်။ တချို့ကတော့ ပြောတယ်။ ကွန်မြူနတီဒိုင်းရတဲ့အသင်းဟာ အမှတ်ပေးချန်ပီယံဖြစ်ဖို့ ရုန်းကန်ရတတ်တယ်တဲ့။ မနှစ်က ကွန်မြူနတီရတဲ့ မန်ယူ။ တစ်နှစ်က ကွန်မြူနတီရတဲ့ မန်စီးတီး။ ဟိုတစ်နှစ် ၂၀၁၁တုန်းက ကွန်မြူနတီရတဲ့မန်ယူတို့ အမှတ်ပေးချန်ပီယံမဖြစ်ခဲ့တာနဲ့ပါထောက်ပြတယ်။ ဒါပေမယ့် အဲဒီအတွက်နဲ့တော့ ဒီပွဲကိုဘယ်အသင်းမှ ပေါ့ပေါ့တန်တန်သဘောထားမှာမဟုတ်ဘူး။ ထားလည်းမထားခဲ့ကြဘူး။ ဆုဖလားတစ်လုံးရယူဖို့ အားကုန်သုံးမှာပဲ။ ရာသီအဖွင့်မှာ စိတ်ဓာတ်ပိုင်းမြှင့်တင်ဖို့ အားစိုက်ကစားမှာပဲ။ ဒီတော့ အဲဒီ အားစိုက်မှုကနေ ဖြာထွက်လာမယ့် ခြေစွမ်းခြေစကိုတွေ့ရမယ်။ အဲဒါဆိုရင် အဲဒီနှစ်သင်းရဲ့လားရာကို တိတိကျကျ မမြင်ရရင်တောင် အခြေခံစစ်ထုတ်နိုင်မယ်။

အထူးသဖြင့် ပြောခဲ့ပြီးသလို အရေးပါတဲ့ဖလားဖြစ်လို့ ဆုဖလားရလိုစိတ်၊ စိတ်ဓာတ်အား ခိုင်မာရေးတို့အတွက် အနိုင်ရဖို့ အဓိကကစားသမားတွေ ထုတ်သုံးလာရင် အဲဒီအဓိကကစားသမားတွေနဲ့ ခြေစွမ်းအတိုးအဆုတ်ပြီးတော့ အဲဒီအစုအဖွဲ့ရဲ့ ပွဲကြီးပွဲကောင်းတွေမှာ ထိုးဖောက်ဝင်ရောက်နိုင်အား။ အဲဒါကို အခြေခံကျကျသုံးသပ်နိုင်မယ်။ စစ်ထုတ်အဖြေရှာနိုင်မယ်။

ပြောရမယ်ဆိုရင်ပေါ့။ မနှစ်က အာဆင်နယ်မှာ လိုအပ်ချက်နှစ်ခု ခပ်ပြင်းပြင်းရှိခဲ့တယ်။ တစ်အချက်က တိုက်စစ်ပိုင်းပြဿနာ။ ဂီရောက်ဒ်က လွဲလို့ အားကိုးစရာလူ မရှိခဲ့ဘူး။ အဲဒီ ဂီရောက်ဒ်ကလည်း သာမန်ထက်မပိုဘူးဆိုတော့ အာဆင်နယ်တိုက်စစ်ဟာ ထိုးခွဲနိုင်အား အတော်လေးမှဲ့ခဲ့တယ်။ ပွဲကြီးပွဲကျပ်တွေမှာ အရာမထင်ခဲ့ဘူး။ ဒီတော့ ကိုယ်နဲ့အပြိုင် ချန်ပီယံဆုလုကြတဲ့ အသင်းတွေနဲ့ပွဲတွေမှာ ကိုယ်ကအမှတ်မတိုးဘဲ ပြိုင်ဘက်ကို အမှတ်တိုးပေးခဲ့ရတယ်။ နှစ်အချက်ကျတော့ အရန်အင်အားပြဿနာ။ ဒါကတော့ အာဆင်နယ်မှာ ဘားကမ့်၊ အွန်နရီတို့ခေတ် နောက်ပိုင်း အစဉ်အဆက်မပြည့်နိုင်၊ မပြင်နိုင်တဲ့ ပြဿနာ။ အဲဒါကြောင့်ပဲ မနှစ်က တာထွက်လှသလောက်ပွဲပန်းမှု၊ ဒဏ်ရာပြဿနာတွေ ရှိလာတဲ့အခါ မထိန်းနိုင်ဘဲ ရာသီအဆုံးမှာ ယိုင်သွားရတယ်။

အခု။ ဒီကွန်မြူနတီက တစ်ပွဲတည်းဖြစ်တဲ့အတွက် အဲဒီအာဆင်နယ်ရဲ့ ပြဿနာနှစ်ရပ်မှာ အရန်အင်အားပြည့်ဝပြီလားဆိုတာကို ခန့်မှန်းဖို့တော့ မလွယ်ဘူး။ ဒါပေမယ့် တိုက်စစ်ပိုင်းပြဿနာနဲ့ အဆင့်တူပြိုင်ဘက်နဲ့ တွေ့တဲ့အခါ တန်းတူယှဉ်ပြိုင်နိုင်ပြီလားဆိုတာ တွက်လို့ရမယ်။ စစ်တမ်းပြုနိုင်မယ်။ အထူးသဖြင့် မနှစ်က အာဆင်နယ်ဟာ မန်စီးတီးနဲ့ ပရီမီယာလိဂ်မှာ နှစ်ကြိမ်ကြုံတယ်။ တစ်ပွဲသရေ၊ တစ်ပွဲရှုံး။ မန်ယူကိုလည်း တစ်ပွဲသရေ၊ တစ်ပွဲရှုံး။ ချယ်လ်ဆီးကိုလည်း ဒီအတိုင်းတစ်ပွဲသရေ၊ တစ်ပွဲရှုံး။ လီဗာပူးကိုတော့ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး။ ပြောချင်တာက မနှစ်က အာဆင်နယ်ဟာ လီဗာပူး၊ မန်စီးတီး၊ ချယ်လ်ဆီး၊ မန်ယူတို့လို အသင်းကြီးတွေနဲ့ဆုံရာမှာ တစ်ပွဲတည်းနိုင်တယ်။ လေးပွဲရှုံးတယ်။ အဲဒီအရှုံး လေးပွဲမှာ ၆-၃၊ ၅-၁၊ ၆-၀ တွေနဲ့ ရှုံးရတဲ့ပွဲတွေတောင်ပါတယ်။ ဒီတော့ အခြေခံကျကျ ပြောရရင် အဆင့်တူအချင်းချင်းတွေ့ရတဲ့ပွဲမျိုးတွေမှာ ကိုယ်ကနိုင်ဖို့လိုတယ်။ ဒါမှကိုယ်လည်း အမှတ်တိုးမယ်။ အဓိကပြိုင်ဘက်ရဲ့အမှတ်ကိုလည်း တန့်နိုင်မယ်။ ဒါမှကိုယ်က ခြေတစ်လှမ်းဦးမယ့် အခြေအနေမှာ အဲဒါကိုအာဆင်နယ်လုပ်နိုင်ပြီလားဆိုတာ အခုမန်စီးတီးနဲ့ အတွေ့မှာ အဖြေထုတ်လို့ရမယ်။

ဒါပေမယ့် ပြောသာပြောရတယ်။ အခုအထိတော့ အာဆင်နယ်အပေါ် သိပ်အားမရဘူး။ အရှင်းဆုံးပြောရရင် ဆန်းချက်ဇ်ကိုခေါ်ခဲ့မှုဟာ အရာမထင်သေးဘူး။ ဆန်းချက်ဇ်က ပင်ကိုခြေစွမ်းကောင်းသူဆိုပေမယ့် အခုဆန်းချက်ဇ် အဝင်မှာ ဆန်းချက်ဇ်+ ဂီရောက်ဒ်+ ကာဇိုလာ+ ရမ်ဆေးဆိုတဲ့ တွဲဖက်မှုဟာ အားတစ်ခုဖြစ်မလာသေးဘူး။ ဒါကို အီမရိတ်ပွဲဖြစ်တဲ့ မိုနာကိုနဲ့ပွဲမှာ တွေ့ရတယ်။ အဲဒီပွဲမှာ မိုနာကိုကို ဂိုးပြန်မသွင်းနိုင်ဘဲ ၁-၀ နဲ့ရှုံးတယ်။ ဒီခြေနဲ့ မန်စီးတီးကိုယှဉ်နိုင်ပါ့မလား။ တကယ်လို့ မယှဉ်နိုင်ရင် ရာသီအစမှာတင် ဦးကျိုးမယ်။ စိတ်ဓာတ်ပိုင်းကို ထိခိုက်မယ်။ ဒါဆိုမကောင်းဘူး။

တစ်ခုတော့ရှိတယ်။ အဲဒီပွဲမှာ အိုဇေးလ်မပါဘူး။ ဝေါလ်ကော့မပါဘူး။ ဖလာမီနီမပါဘူး။ အာဆင်နယ်ရဲ့တကယ့် အဓိကအတွဲအဖက်ဟာလည်း ဂီရောက်ဒ်၊ ဆန်းချက်ဇ်၊ ဝေါလ်ကော့၊ အိုဇေးလ်၊ ရမ်ဆေး၊ ဖလာမီနီ၊ ကာဇိုလာဖြစ်မယ်။ တကယ်လို့ ဝေါလ်ကော့ဒဏ်ရာအကင်းသေပြီဆိုရင် အဲဒီအတွဲအဖက်ကိုပဲ အာဆင်နယ်ပွဲထုတ်မှာပဲ။ ဒါဆို အာဆင်နယ်ရဲ့ ပင်မအား အတိမ်အနက်ကို ပိုပြီးတောင် ခန့်မှန်းနိုင်မယ်။

ဒီတော့ ကွန်မြူနတီဒိုင်း။ တစ်နည်းပြောရရင် အင်္ဂလန်ဘောလုံး ရာသီတစ်ခုရဲ့အဖွင့်ပွဲတွေမှာက လက်ရှိအင်္ဂလန်ရဲ့ ချန်ပီယံနဲ့ စိန်ခေါ်သူတွေထဲကတစ်သင်း၊ မန်စီးတီးနဲ့အာဆင်နယ်။ ဒီတော့ ချန်ပီယံကလည်း ချန်ပီယံအလျောက်ပြည့်စုံပြီလား။ စိန်ခေါ်သူမှာလည်း စိန်ခေါ်သူအလျောက် အားတစ်ခုရှိပြီလား။ အဲဒါကိုမြင်ရ၊ တွေ့ရတော့မယ်။ စစ်ထုတ်အဖြေရှာနိုင်မယ်။ အထူးသဖြင့် အာဆင်နယ်ကိုပေါ့။ ။

ဗြိတိသျှလက်ဝှေ့သမားဟောင်း ဂျိမ်းမိုး သေနတ်ဖြင့်ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိ

ဥရောပ လိုက်မစ်ဒယ်ဝိတ်တန်း လက်ဝှေ့ချန်ပီယံဟောင်းဖြစ်သူ အင်္ဂလန်နိုင်ငံသား ဂျိမ်းမိုးသည် စပိန်နိုင်ငံသို့ ရောက်ရှိနေစဉ် သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ် ဧပြီလအတွင်းတွင် လက်ဝှေ့သမားအဖြစ်မှ အနားယူခဲ့သူ ဂျိမ်းမိုးသည် တစ်နိုင်ငံတည်းသား မစ်ဒယ်ဝိတ်တန်းလက်ဝှေ့သမား မက်သရူးမက်ကလင်းအား စပိန်နိုင်ငံ မာဘီလာမြို့၌ လေ့ကျင့်မှုပြုလုပ်ပေးနေစဉ် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရခြင်း ဖြစ်သည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့ နံနက်အစောပိုင်း၌ ဂျိမ်းမိုးသည် သေနတ်ဖြင့် ငါးချက်ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ပြီး ခြေထောက်၌ နှစ်ချက်ထိမှန်ခဲ့ခြင်းကြောင့် ဆေးရုံတက်ရောက်ကာ ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။ ဂျိမ်းမိုးနှင့် နီးစပ်သူတစ်ဦးက "သေနတ်နဲ့ပစ်ခတ်ခံရမှုဟာ အားကစားလေ့ကျင့်ရုံထဲမှာ ဖြစ်ခဲ့တာတော့မဟုတ်ပါဘူး။ သူအပြင်ထွက်နေတုန်းမှာ ဖြစ်ခဲ့တာပါ"ဟု ပြောသွားသည်။

ဂျိမ်းမိုးသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သက်တမ်းအတွင်း ၃၇ ပွဲ ထိုးသတ်ခဲ့ရာ၌ ၃၂ ပွဲအနိုင်ရကာ ငါးပွဲရှုံးနိမ့်ပြီး ၂၃ ပွဲတွင် အလဲထိုးအနိုင်ရရှိခဲ့သူဖြစ်သည်။

အောင်က

ကချင်ပြည်နယ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖော်ဆောင်

ကချင်အထူးဒေသ(၁)၊
ကချင်အထူးဒေသ(၂)

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နှစ်(၂၀)ခရီး စာအုပ်ကို ၂၀၁၀ ပြည့်နှစ်တွင် ကျွန်တော်ရေးသားတင်ပြခဲ့ဖူးပါသည်။ ၁၉၈၉ ခုနှစ်တွင် စတင်ပေါ်ပေါက်လာခဲ့သည့် နတလ လုပ်ငန်းများကို သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ထမ်းဆောင်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက် သုံးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုများကိုလည်း နိဒါန်းပျိုး၍ ကျွန်တော် ရေးသားတင်ပြထားပြီးဖြစ်ပါသည်။ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရေးသားတင်ပြသွားမည်ဖြစ်ရာ ကျွန်တော် ပထမဆုံးရွေးချယ်လိုက်သည်က ကချင်ပြည်နယ်။ တလောဆီကမှ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်နှင့် မိုးမောက်မြို့များသို့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ကွင်းဆင်းဆောင်ရွက်ရန် ရောက်ခဲ့သေးသည်။ မနေ့တစ်နေ့က ကချင်ပြည်နယ်၏ မြင်ကွင်းပုံရိပ်များသည် ပျောက်ပျက်သွားခြင်းမရှိသကဲ့သို့ လွန်ခဲ့သည့် နှစ်(၂၀) ကျော်ကတည်းကသန္ဓေတည်ခဲ့သည့် ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂) တည်းဟူသော နယ်စပ်ဖွံ့ဖြိုးရေးအထူးဒေသ(၂)ခုနှင့်ပတ်သက်၍လည်း အမြဲတမ်းအမှတ်တရရှိနေခဲ့သည်။ တိတိကျကျ ဖော်ပြရပါမူ ကချင်အထူးဒေသ(၁)ကို ၁၉၈၉ ခုနှစ်တွင်လည်းကောင်း၊ ကချင်အထူးဒေသ(၂)ကို ၁၉၉၄ခုနှစ်တွင်လည်းကောင်းသတ်မှတ်၍ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်ပေးခဲ့သည်။

ဝိုင်းမော်မြို့သို့ရောက်ခိုက် ကချင်အထူးဒေသ(၁)နယ်မြေတွင် ပါဝင်သော ကန်ပိုက်တီးမြို့လေးနှင့်ပတ်သက်၍ စကားစပ်မိကြသေးသည်။ ၁၉၉၀ပြည့်လွန်နှစ်များ၌ ကန်ပိုက်တီးအလကနှင့် ဆေးခန်းကိုတည်ဆောက်ပေးခဲ့သည်။ ၁၉၉၈ခုနှစ်တွင် ကြေးနန်းရုံးနှင့် လိုင်း(၃၀)ပါ တယ်လီဖုန်းအိတ်ချိန်းတစ်ခု ဖွင့်လှစ်ထားရှိပေးခဲ့သည်။ ကန်ပိုက်တီးမြို့လေးသည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပိုင်ဆိုင်ရရှိခဲ့သည်။ နှစ်(၂၀)ခရီးစာအုပ်၌ပင် ဖွံ့ဖြိုးတိုးတက်လာသော ကန်ပိုက်တီးမြို့လေး၏ ဓာတ်ပုံကို အမှတ်မထင်ထည့်ခဲ့ဖူးသည်။ ဝိုင်းမော်မှ ကန်ပိုက်တီးသို့ ဆက်သွယ်ထားသော ကားလမ်းက ဖြောင့်ဖြူးကောင်းမွန်နေပြီဖြစ်ကြောင်းတွေ့ရ၏။

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်ခွင့်ပြုလုပ်ငန်းများ

နယ်မြေဒေသတစ်ခုသည် တည်ငြိမ်အေးချမ်းမှုမရှိခဲ့ပါမူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်ဖို့ရာ ခရီးမတွင်ပါ။ ထို့ကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ နှောင့်နှေးသွားခဲ့ရသည်။

မြေလမ်း ၃၂ မိုင် လေးဖာလုံ၊ တံတားကြီးတစ်စင်းနှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကိုသာ ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင်မူ ပို၍ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြေလမ်း ၁၁၁ မိုင်၊ ကျောက်ခင်းလမ်း ၆၂မိုင် လေးဖာလုံ၊ ကတ္တရာလမ်း ၁၀ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလေးမိုင်၊ ဆိုင်ကယ်စီးမြေလမ်း မိုင် ၂၀၀၊ ကွန်ကရစ်တံတားများ စုစုပေါင်းပေ ၂၅၅၈ ပေ၊ ကွန်ကရစ်ရေပြွန် အခု ၅၀၊ ကြိုးတံတားခုနစ်စင်း၊ သစ်သားတံတား အစင်း ၁၃၀၊ အမကကျောင်း ၂၀၊ အလကနှစ်ကျောင်း၊ အထကတစ်ကျောင်း၊ ၁၆ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ဆေးပေးခန်းနှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနသုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲငါးခု၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ဧက ၂၀၀၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ရှစ်ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၁၂ ခု၊ မွေးမြူရေးခြံနှစ်ခြံ၊ ရေအားလျှပ်စစ်လုပ်ငန်း လေးခု၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ လေးရုံ၊ စာကြည့်တိုက်နှစ်ခု၊ ဘုန်းကြီးကျောင်းသုံးကျောင်း၊ သိမ်တစ်ခု၊ ဓမ္မာရုံတစ်ရုံ၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ၁၀ လုံးတို့ဖြစ်သည်။

ပူတာအို၊ နောင်မွန်းဒေသဝမ်းစာဖူလုံရေး

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သန်း ၂၀၀၀ ခွင့်ပြု၍ ကချင်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ကချင်ပြည်နယ် ပူတာအိုဒေသနှင့် နောင်မွန်းဒေသများ ဒေသဝမ်းစာဖူလုံရေး စီမံချက် ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ စက်ယန္တရားကြီးများနှင့် လယ်ထွန်စက်များဝယ်ယူ၍ အဆိုပါဒေသများတွင် စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်း၊ ရေသွယ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေလွှဲဆည်များ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးမြေဖော်ထုတ်ရာ၌ ပူတာအိုမြို့နယ်အတွင်းရှိ မြို့မရပ်ကွက် မက်ပန်ကွင်း၊ မန်စီကျေးရွာအုပ်စု နန်ဂျာကွင်း၊ ဇီးအွန်ကျေးရွာအုပ်စု ဇီးအွန်ကွင်းနှင့် လန်းတောင်ကွင်းတို့တွင် ဧက ၆၇၀၊ နောင်မွန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာ၌ ဧက ၂၉၀ ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ထို့အပြင် ပူတာအိုမြို့နယ် ပန်းလှိုင်၊ ပူတောင်း၊ မန်စေ၊ နမ်တွန်ခူး၊ ဆာရ်ခွန်ဒမ်း၊ ဂျူဗလီ၊ မူလာရှီဒီးရွာများ၌ ရေလွှဲဆည်သစ်များ တည်ဆောက်ပေးခြင်း၊ ဆည်ဟောင်းများပြုပြင်ပေးခြင်း၊ နောင်မွန်းမြို့နယ်အတွင်းမှ နောင်မွန်းမြို့မ ရပ်ကွက်(၂)နှင့် ရပ်ကွက်(၄)၊ ကဆုန်ခူး၊ လန်ဆာ၊ ဘားဘော့နှင့် နန်ပန်ဒမ်းကျေးရွာများ၌လည်း ရေလွှဲဆည်များ တည်ဆောက်ခြင်း၊ တူးမြောင်းများ တူးဖော်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါသည်။ ဖော်ထုတ်ပြီး စိုက်ပျိုးမြေများကို ဒေသခံများသို့ ပြန်လည်ခွဲဝေချထားပေးခဲ့ရာ အလွန်ဝမ်းသာလျက်ရှိကြကြောင်း သိရသည်။

ချီဖွေမြို့နယ် ငွါးဖာခါး ချောင်းကူးသံမဏိကြိုးတံတား။

၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်
ဆောင်ရွက်မည့်လုပ်ငန်းများ

ကချင်ပြည်နယ်အတွင်း၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ လမ်းတံတားလုပ်ငန်းများအတွက် ၃၇၃၃ ဒသမ ၂၅၇သန်း၊ ပညာရေးလုပ်ငန်းအတွက် ၆၄ ဒသမ ၈၀ သန်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် သန်း ၃၀၊ စွမ်းအင်လုပ်ငန်းများအတွက် သန်း ၆၀၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀၊ ရေသွယ်ယူခြင်းလုပ်ငန်းအတွက် ၁၅သန်း စုစုပေါင်း ၄၀၀၃ ဒသမ ၅၇သန်း သုံးစွဲဆောင်ရွက်မည်ဖြစ်သည်။ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ လမ်းတံတားလုပ်ငန်းများအတွက် ၂၄၁၀ ဒသမ ၂၀ သန်း၊ ရေရရှိရေးလုပ်ငန်းများအတွက် ၅၄၈ ဒသမ ၅၀သန်း၊ စွမ်းအင်လုပ်ငန်းများအတွက် ၇၇၂ ဒသမ ၇၉၅ သန်း စုစုပေါင်း ၃၇၃၁ ဒသမ ၄၉၅ သန်း သုံးစွဲဆောင်ရွက်ပေးမည်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း ကချင်ပြည်နယ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ခွင့်ပြုငွေမှာ ၇၇၃၄ ဒသမ ၅၅၂ သန်းဖြစ်သည်။

ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းများမှာ ကချင်ပြည်နယ်အစွန်အဖျားဒေသများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လွှတ်တော်တွင် ကတိကဝတ်ပြုထားသည့် လုပ်ငန်းများဖြစ်သည်။ ယင်းလုပ်ငန်းများတွင် ချီဖွေမြို့နယ်အတွင်း လမ်းတံတားလုပ်ငန်း ခုနစ်ခု၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးကန်ပတ်လမ်း ကျောက်ခင်းခြင်း ၁၀ မိုင်၊ မချမ်းဘောမြို့နယ် မလိခမြစ်ရိုးဒေသ ဆိုင်ကယ်လမ်း ၂၅ မိုင်ဖောက်လုပ်ခြင်းနှင့် ယင်းမြစ်ရိုးဒေသလမ်းပေါ်ရှိ ကြိုးတံတားသုံးစင်းပြုပြင်ခြင်း၊ ထန်ခါး-ဒိန်းချက်-ဝါရှန်ဒန်းလမ်းဆိုင်ကယ်လမ်းမိုင် ၃၀ ဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်မှ ကြိုးတံတားငါးစင်းပြုပြင်ခြင်း၊ နမ့်ခမ်းရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း၊ စိုက်ပျိုးမြေဧက ၁၀၀ ဖော်ထုတ်ခြင်းနှင့် ရေသွယ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများ၊ ပူတာအိုမြို့နယ် နမ့်ထွမ်ချောင်း ပေ ၂၀၀ ကြိုးတံတားတစ်စင်း၊ မိုးမောက်မြို့နယ် နောင်ချိုနှင့် တိန်ငိတ်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ၁၁၅ပေကြိုးတံတားတစ်စင်း၊ ကာမိုင်းမြို့နယ် တိန်ကောက်၌ ပေ ၁၅၀ ကွန်ကရစ်တံတားတစ်စင်း၊ မိုးညှင်းမြို့နယ် ဟဲပုရွာအထွက်၌ ၉၈ ပေ ကွန်ကရစ်တံတားတစ်စင်း၊ မိုးကောင်းမြို့နယ် အိုက်လေးတူ-လွဲပေါ်လမ်းပေါ်တွင် ပေ ၁၆၀ ကွန်ကရစ်တံတားတစ်စင်း၊ ဗန်းမော်မြို့နယ်၌ နဇင်းချောင်းကူး ပေ ၉၀ ကွန်ကရစ်တံတားတစ်စင်း၊ အင်ဂျန်းယန်မြို့နယ်၌ ဝွေထော်-အင်ဂျန်းယန် ရှစ်မိုင်လေးဖာလုံ ကျောက်ခင်းခြင်း၊ ဖုန်ဘွေယန်နှင့် ဇွပ်မိုင်ယန် ကျေးရွာချင်းဆက်လမ်းပေါ်၌ ပေ ၆၀ ကြိုးတံတားနှစ်စင်း တည်ဆောက်ခြင်း၊ အင်ပွပ်ချောင်းကူးကြိုးတံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပညာရေး၊ စွမ်းအင်နှင့်ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ ပါဝင်သည်။ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင်လည်း တနိုင်း၊ မြို့လှ၊ မချမ်းဘော၊ ဆဒုံးမြို့များ၏ မြို့တွင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းများအပြင် မြို့နယ်၊ ကျေးရွာအသီးသီး၌ လမ်းတံတားလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ကျေးရွာများ၌ ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်းများ ပါဝင်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း မူဝါဒလေးရပ်၊ ရည်မှန်းချက်ခုနစ်ရပ်၊ လုပ်ငန်းစဉ် (၁၇) ရပ်ချမှတ်၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကချင်ပြည်နယ်ကြီးသည် သဘာဝတရားက ဖန်ဆင်းပေးထားသော ရေမြေတောတောင် သဘာဝအလှများ၊ တန်ဖိုးမဖြတ်နိုင်သည့် တွင်းထွက်ကျောက်မျက်ရတနာများ၊ ကချင်တိုင်းရင်းသားသွေးချင်းများ၏ ချစ်စရာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့်ခြယ်မှုန်းထားသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်သာယာလှပရေးအတွက် မည်သည့်အကြောင်းတရားကမျှ တားဆီး၍ရမည်မဟုတ်ကြောင်း အလေးအနက်ယုံကြည်မိပါသည်။

စက်ယန္တရားကြီးများဖြင့် စိုက်ပျိုးမြေများဖော်ထုတ်ပေးစဉ်။

မြင့်စိုး(နတလ)

မန္တလေးတိုင်းဒေသကြီး

အမျိုးသမီးငယ်များ ကိုယ်ပိုင်အလုပ်အကိုင်ရရှိစေမည့် စက်ချုပ်သင်တန်း

မလှိုင်မြို့နယ်အတွင်းရှိ အမျိုးသမီးငယ်များ ကိုယ်ပိုင်အလုပ်အကိုင်ရရှိစေရေး၊ မိသားစုဝင်ငွေတစ်ဖက်တစ်လမ်းမှ ရရှိစေရေးနှင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းကို မလှိုင်မြို့နယ် ပြန်/ဆက် ရုံးတွင် ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် အခြေခံစက်ချုပ်နည်းအပြင် ဇာထိုး၊ ပန်းထိုး၊ ဖန်စီ အိတ်ထိုးနည်း၊ ပန်းအလှထိုးနည်း၊ သစ်သီးပန်းအလှပုံဖော်နည်းများကိုပါ သင်ကြားပေးသွားမည်ဖြစ်သည်။ "ကျွန်မတို့ ဒီတစ်ပတ် သင်တန်းမှာ စက်တစ်လုံးကို သင်တန်းသူနှစ်ဦးနှုန်းနဲ့ စက် ၂၇လုံး၊ သင်တန်းဆရာမ လေးဦးဖြင့် အတတ်သင်ကြားပေးနေပါတယ်။ သင်တန်းကြေး ငွေကျပ် သုံးသောင်း တောင်းခံပြီး စက်ချုပ်သင်တန်းမှာ လိုအပ်တဲ့ ကတ်ကြေး၊ ပေတံ အစရှိတဲ့ သင်ထောက်ကူပစ္စည်း ၂၃ မျိုးကို အခမဲ့ ပေးပါတယ်။ သင်တန်းကာလမှာ ရေ၊ မီးအစုံနဲ့ နေထိုင်နိုင်ရေးကိုလည်း စီစဉ်ပေးထားပါတယ်။ သင်တန်းကြေးအခက်အခဲရှိသူနှစ်ဦးကိုလည်း အခမဲ့သင်ပေးထားပါတယ်။ ဒီအခြေခံသင်တန်းဆင်းပြီးလို့ အဆင့်မြင့် သင်တန်းတက်ပြီးရင် စက်ချုပ်ဆိုင်ဖွင့်နိုင်ရန်၊ တစ်နည်းပြောရရင် ကိုယ်ပိုင်အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။ အငှားချုပ်မယ်ဆိုရင်လည်း ကျွန်မတို့မြို့မှာရှိတဲ့ အထည်ချုပ် လုပ်ငန်းရှင်တစ်ဦးက သူ့စက်ရုံမှာ ကျွန်မစက်ချုပ်သင်တန်းက ကလေးအတော်များများကို အလုပ်ပေးထားပါတယ်။ စက်ချုပ်နည်းတင်မဟုတ်ပါဘူး၊ သင်တန်းနားရက်မှာ အမျိုးသမီးများအတွက် ဗဟုသုတရစေမယ့် ဟောပြောပွဲများကိုလည်း ပြုလုပ်ပေးပါတယ်"ဟု မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ထားမူက ပြောပြသည်။

အခြေခံစက်ချုပ်သင်တန်းသို့ သင်တန်းသူ ၅၂ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၄၅ ရက်ကြာဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းပြီးဆုံးပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသဖြင့် ဒေသခံအမျိုးသမီးများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အောင်ငွေး(မလှိုင်)

ဧရာဝတီတိုင်းဒေသကြီး

မြောင်းမြမြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးရိက္ခာ တိုးတက်ရရှိစေရေးအတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီက မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာ လယ်သမားကြီး ဦးရာဟုလုံး၏ ဧက ၁၀၀ စံပြစိုက်ခင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်ပေးအပ်

ငါးမျိုးစိုက်ထည့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးစန်းမောင်၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်တို့က တက်ရောက်လာသော ကျေးရွာများမှ လယ်သမားကြီးများသို့ ငါးသားပေါက်များ ပေးအပ်သည်။ ဆက်လက်၍ မြောင်းမြခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းနောင်က အိမ်မဲနှင့် ဝါးခယ်မမြို့နယ်မှ ငါးဦးစီးမှူးများသို့ ငါးသားပေါက်များ ဆက်လက်ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး ဦးစန်းမောင်က ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ကျောင်းသားကျောင်းသူလေးများ၊ တောင်သူလယ်သမားများက စပါးခင်းများအတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးခဲ့ကြသည်။ မြောင်းမြမြို့နယ်အတွင်း ကျုံဝါး၊ ခန်းချောင်း၊ ကြာဖူးငုံ ကျေးရွာအုပ်စုများမှ လယ်မြေ ၁၀၃ ဧကရှိ စပါးခင်းများသို့ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၄၀၀၀၀၊ ရွှေဝါငါးကြင်းသားပေါက် ၁၀၅၀၀ တို့ကို မျိုးစိုက်ထည့်ပေးနိုင်ခဲ့ပြီး အိမ်မဲ၊ ဝါးခယ်မမြို့နယ်များရှိ စပါးခင်းများအပါအဝင် မြောင်းမြတစ်ခရိုင်လုံးအတွက် ငါးမျိုးကောင်ရေ နှစ်သိန်း၊ ၄၅၀၀ ကောင်ရေမျိုးစိုက်ထည့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အောင်မင်း (iprd)

စာအုပ်စာပေ လူ့မိတ်ဆွေ

စစ်ကိုင်းတိုင်းဒေသကြီး

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းပေါ်ရှိ ရေနံချောင်းသံကူကွန်ကရစ်တံတား

ကလေး - ကလေးဝလမ်း၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမကြီးပေါ်ရှိ တံတားအမှတ် ၃/၁၂ ရေနံချောင်းသံကူကွန်ကရစ်တံတားသည် **(အပေါ်ပုံ)**ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ် ၁၁/၇ နှင့် ၁၂/၀ကြားတွင် တည်ရှိသည်။

ယင်းတံတားသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ်သန်းပေါင်း ၄၈၀ အသုံးပြုကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၁)က တာဝန်ယူလျက် အကြီးစားသံကူကွန်ကရစ်တံတားဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်ဆောက်လုပ်ခြင်းဖြစ်ရာ ယခုအချိန်တွင် လုပ်ငန်းအားလုံး ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ရေနံချောင်း သံကူကွန်ကရစ် တံတားသည် အရှည်ပေ ၁၉၀၊ အကျယ်ပေ ၂၉၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်ကြမ်းခင်း၊ ၄ ပေ Spun Pipe အုတ်မြစ်၊ သံကူကွန်ကရစ်ကမ်းကပ်ခုံကိုယ်ထည်နှင့် အပေါ်ထည် သံကူကွန်ကရစ်ရက်မတို့ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း တာဝန်ခံဆောက်လုပ်သူ ဒုတိယအင်ဂျင်နီယာမှူးကြီး (မြို့ပြ)ဦးဝင်းငွေးထံမှ သိရသည်။

ယခုအချိန်တွင် ယင်းတံတားကြီးဆောက်လုပ်ပြီးစီးမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့အတွက် ကုန်းလမ်းပို့ဆောင်ရေး အဆင်ပြေချောမွေ့လာသည့်အပြင် ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

ရန်ကုန်တိုင်းဒေသကြီး

တောအုပ်ကြီးများစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း

တောအုပ်ကြီးများ စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းကို ဩဂုတ် ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ရာ အဆိုပါသင်တန်းတွင် တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော တောအုပ်ကြီး ၁၀ ဦးကို သစ်တောများပြုစု ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်များသင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းသားများကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူဗဟိုပြု သစ်တောလုပ်ငန်းများကို နားလည်သိရှိသဘောပေါက်ရန်နှင့် ဝန်ထမ်းများတာဝန်သိမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုများကို ပိုမိုနားလည်သဘောပေါက်စေရန်အတွက် လေ့ကျင့်ပြုစုပျိုးထောင်သည့်အနေဖြင့် ယခုကဲ့သို့ တောအုပ်ကြီးများ စွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပုသိမ်လှကြည်

မကွေးတိုင်းဒေသကြီး

ဂန့်ဂေါမြို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး လမ်းများတိုးချဲ့ဆောင်ရွက်လျက်ရှိ

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့သည် ဆယ်စုနှစ်တစ်ခုအတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရာ မြို့တွင်းလမ်းများကောင်းမွန်လာပြီး တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်သွားလာမှုလွယ်ကူချောမွေ့ကာ ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာကြောင်းဒေသတွင်း သတင်းများအရ သိရသည်။

"ဂန့်ဂေါမြို့က ယခင်တုန်းကဆိုရင် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတွေမှာလည်း မပါခဲ့ဘူး။ သူများမြို့တွေနဲ့ယှဉ်ရင် နောက်ကျခဲ့ပါတယ်။ ဒီနှစ်ပိုင်းလေးအတွင်းမှာပဲ လမ်းတွေကောင်းလာတယ်။ ကိုရီးယားကားလို့ ခေါ်တဲ့ ဟွန်ဒိုင်းကားတွေနဲ့ သွားလို့ရတယ်။ အဆင့်မြင့်မှန်လုံယာဉ်တွေနဲ့ သွားလို့ရတယ်"ဟု ဂန့်ဂေါမြို့ဒေသခံ ဒေါ်နှင်းနှင်းခိုင်က ပြောပြသည်။

"လမ်းတွေကတော့တော်တော်လေးကောင်းလာတာကို တွေ့ရတယ်။ အရင်က ရေမျက်နီဆို နှစ်နာရီကျော်လောက် မောင်းရတယ်။ အခုတော့ နာရီဝက်လောက်ပဲ မောင်းရတော့တယ်"ဟု ကားဆရာ ကိုသားကြီးက ပြောသည်။

"ကလေး-ဂန့်ဂေါဆို အရင်တုန်းက တစ်ရက်ခရီးကိုသွားရတာ။ လမ်းတွေကလည်း ဗွက်တွေနဲ့ ဖုန်ကလည်း ထူသေးတယ်။ ဘယ်လိုမှကို သွားလို့လာလို့ အဆင်မပြေခဲ့ဘူး။ အခုဆို ကတ္တရာလမ်းတွေနဲ့ တောက်လျှောက်ပဲ ၉၁ မိုင်ခရီးကို လေးနာရီလောက် မောင်းရင်ရောက်ပြီ။ နောက်ပြီး ဂန့်ဂေါရောက်ခါနီး လမ်းတွေချဲ့ထားတာဆိုရင်အကျယ်ကြီးတွေပဲ"ဟု ကလေး-မန္တလေး ပြေးဆွဲနေသော ကားဆရာ ကိုအောင်ကြီးက ပြောသည်။

သျှင်နေမင်း

MKSH Myanmar Kyauk Phyu SEZ Holding Public Co.,Ltd

မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန်ဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ကြေညာခြင်း

မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန်ဟိုးလ်ဒင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myanmar Kyauk Phyu Special Economic Zone Holding Public Company Limited)ကို မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက် အမှတ် ၂၀၂၂/၂၀၁၄-၂၀၁၅ (၂၃-၇-၀၁၄) ဖြင့်ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်းအများပြည်သူတို့ အား ကြေညာအပ်ပါသည်။

ကုမ္ပဏီရုံးခန်းတည်နေရာ

အခန်း(၁) (၃)လွှာ၊ Cooperate Business Centre၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ် ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုန်ဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို မိမိဒေသနှင့်တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားအတွက် ရည်ရွယ်ကာဒေသခံတိုင်းရင်းသားများပါဝင်သော အများပိုင်ကုမ္ပဏီများဖြင့် စုပေါင်းတည်ထောင်ကာ ဖွဲ့စည်းထားခြင်း ဖြစ်ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့်အညီဆောက်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စက်မှုဇုန်ဝန်ဆောင်မှုလုပ်ငန်း၊ ရေရရှိရေးနှင့် မြန်မာဝေရေးလုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ လူနေအိမ်ရာ ဖော်ထုတ်ရေးစီမံကိန်းများ၊ ရေနက်ဆိပ်ကမ်းများတည်ဆောက်ခြင်းလုပ်ငန်းများ၊ ပြည်နယ်အတွင်းရှိ စီမံကိန်းလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းများနှင့် ဒေသခံတိုင်းရင်းသားများအတွက်နောင်ပေါ်ပေါက်လာမည့်အထူးစီးပွားရေးဇုန်တွင် အလုပ်အကိုင်အခွင့်အလမ်းများ တန်းတူရယူနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်သင်တန်း၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သင်တန်းများ ပထမအကြိမ်ပို့ချခဲ့ပြီး စဉ်ဆက်မပြတ်သင်တန်းများဆက်လက်ပို့ချသွားခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အစုရှယ်ယာတစ်ခုလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)သတ်မှတ်ထားပြီး အများပြည်သူများကိုမကြာမီကာလအတွင်း ဥပဒေနှင့်အညီ အစုရှယ်ယာထည့်ဝင်နိုင်ရေးအတွက် ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်းလေးစားစွာအသိပေးကြေညာအပ်ပါသည်။

တင်အောင်
အတွင်းရေးမှူး
ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များအားလုံး (ကိုယ်စား)
မြန်မာကျောက်ဖြူအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဗလစ်ကုမ္ပဏီလီမိတက်

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ရခိုင်ပြည်နယ်

အတုယူကြစေလိုပါသည်

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့တွင် ပြုလုပ်သော (၂၆)ကြိမ်မြောက်အာရှနှင့်ပစိဖိတ်ဒေသ ၆၄ နိုင်ငံမှ ကလေးသူငယ်တွေ့ဆုံပွဲသို့ ရွေးချယ်ခံသွားရောက်ခဲ့သော ဆဋ္ဌမတန်း ကျောင်းသား မောင်ကောင်းဆက်ပိုင်၏ အတွေ့အကြုံရှင်းလင်းပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီက စစ်တွေမြို့ ပြည်တော်သာ ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပသည်။ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခင်က အမှာစကား ပြောကြားပြီးနောက် ကလေးသူငယ် တွေ့ဆုံပွဲသို့ သွားရောက်ခဲ့သူ မောင်ကောင်းဆက်ပိုင်က သူ၏တွေ့ဆုံပွဲအတွေ့အကြုံများကို ရှင်းလင်း ပြောပြသည်။ ထို့နောက်မီဒီယာများ၏ မေးမြန်းချက်များကို မောင်ကောင်းဆက်ပိုင်က ဖြေကြားသည်။

ရခိုင်ပြည်နယ်မှ ကြယ်တစ်ပွင့်

မောင်ကောင်းဆက်ပိုင်သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပညာသင်ယူနေသော ဆဋ္ဌမတန်းကျောင်းသားတစ်ဦး ဖြစ်သည်။ မိဘများမှာ ဦးဇော်မင်းထွန်းနှင့် ဒေါ်နွေးနွေးခင်တို့ဖြစ်ပြီး ပြည်တော်သာရပ်ကွက်၌ နေထိုင်သည်။ မွေးချင်းနှစ်ဦးအနက် အကြီးဆုံးသားဖြစ်သည်။ ငယ်စဉ်ကပင် ပညာထူးချွန်ပြီး စည်းကမ်းရှိသူဖြစ်သည်။ စတုတ္ထတန်းတွင် စကောလားရှစ်စာမေးပွဲကိုအောင်မြင်ပြီး ယခုအခါ အလယ်တန်းပညာသင်ဆုကို ချီးမြှင့်ခံထားရသော ကျောင်းသားတစ်ဦးဖြစ်သည်။

မိခင်ဒေါ်နွေးနွေးခင်က သူမ၏သားသည် စာကြိုးစားကြောင်း၊ သင်ခန်းစာများကို မှန်မှန်လုပ်တတ်ကြောင်း၊ စာကိုကြိုးစားရန် မိဘများက တိုက်တွန်းစရာမလိုကြောင်း၊ နံနက် ၆ နာရီ အိပ်ရာထပြီး ၈ နာရီထိစာဖတ်ပြီး ပျော်ပျော်ရွှင်ရွှင် ကစားကြောင်း၊ နံနက် ၉ နာရီ ရေချိုးထမင်းစားပြီး ကျောင်းသွားကြောင်း၊ ညနေပိုင်း ကျောင်း ပြန်ဆင်းချိန် ခေတ္တအနားယူပြီး သတင်းစာ၊ ဂျာနယ်များ ဖတ်ရှုကာ ရေချိုးထမင်းစားပြီး ညနေပိုင်းတွင် အိမ်၌ ဆရာမနှင့် စာလေ့ကျင့်ကြောင်း၊ ည ၉ နာရီခန့်တွင် အိပ်ရာဝင်တတ်ကြောင်း စသည်ဖြင့် ပြောပြသည်။

ထို့အပြင် ၎င်းက "ကျွန်မသားလေးကို သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ဒီလိုပဲပြုစုတာပါ။ ကျွန်မ ဆရာဆရာမတွေနဲ့ အမြဲဆွေးနွေးပါတယ်။ သားစကားကိုလည်း မယုံပါဘူး။ သူလည်းပွင့်ပွင့်လင်းလင်း ပြောတတ်ပါတယ်။ မိဘတွေကို တိုက်တွန်းချင်တာက မိမိသားသမီးတွေကို ဆရာဆရာမတွေနဲ့ အပ်ထားတယ်ဆိုပြီး မလုပ်ပါနဲ့။ ဆရာ ဆရာမတွေနဲ့ အမြဲသွားတွေ့ပါ။ သားသမီးစကားကိုလည်း မယုံပါနဲ့။ ကလေးတွေကို အတင်းဖိအားမပေးပါနဲ့။ ဒါဆို မိမိတို့ရဲ့သားသမီးတွေ အောင်မြင်လာပါလိမ့်မယ်" စသည်ဖြင့် ပြောပြသည်။

အတန်းပိုင်ဆရာမ ဒေါ်အေးမော်က "မောင်ကောင်းဆက်ပိုင်ဟာ အမြဲကြိုးစားပါတယ်။ ပညာလိုချင်စိတ်ပြင်းပြပါတယ်။ တိုက်တွန်းစရာမလိုပါဘူး။ ဆရာ ဆရာမတွေကိုလည်း လေးစားတတ်ပါတယ်။ ပြောစကားကို နားထောင်ပြီး အမိန့်နာခံတတ်ပါတယ်။ အမြဲကြိုးစားနေတာကြောင့် ထူးချွန်တဲ့အတွက် အခုလိုရွေးချယ်ခံရတယ်လို့ ထင်ပါတယ်။ ကလေးတွေကိုလည်း သူ့လိုကြိုးစားကြပါလို့တိုက်တွန်းချင်ပါတယ်" ဟု ပြောပြသည်။

ရွေးချယ်ခံရ

ဂျပန်နိုင်ငံသို့ ရွေးချယ်ခံရသော မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူခြောက်ဦးတွင် မောင်ကောင်းဆက်ပိုင်သည် ရခိုင်ပြည်နယ်မှ တစ်ဦးတည်းသော ကျောင်းသားဖြစ်သည်။ ကျန်ငါးဦးမှာ ရန်ကုန်တိုင်းဒေသကြီးမှဖြစ်ကြောင်းသိရသည်။ ဂျပန်နိုင်ငံဖူကူအိုကာမြို့သို့ ဇူလိုင် ၁၀ ရက်မှ ၂၃ ရက်ထိ သွားရောက်ခဲ့ကြောင်း သိရသည်။

ကျောင်းသား မောင်ကောင်းဆက်ပိုင်က "သားတို့ကို ရွေးချယ်ရာမှာ ကန့်သတ်ချက်တွေ ရှိပါတယ်။ သူငယ်တန်းမှ ပဥ္စမတန်းထိ အဆင့်တစ်မှ ငါးထိဝင်ရပါမယ်။ စည်းကမ်းလိုက်နာတတ်ရပါမယ်။ ဗဟုသုတကြွယ်ဝရပါမယ်။ နောက်ပြီး စာမေးပွဲဖြေရပါတယ်။ အောင်မြင်မှ ရွေးတာပါ"ဟု ပြောပြသည်။

ထိုအပြင် ၎င်းကျောင်းသားက ဂျပန်ကိုသွားရ၍ အလွန်ပျော်ကြောင်း၊ ဗဟုသုတများ ရခဲ့ကြောင်း၊ မိမိနိုင်ငံကိုလည်း ဂျပန်နိုင်ငံကဲ့သို့ တိုးတက်စေချင်ကြောင်း၊ သူငယ်ချင်းများကိုလည်း သူ့ကဲ့သို့ ကြိုးစားကြစေချင်ကြောင်း စသည်ဖြင့် ပြောပြသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခင်က "ဒီကလေးဟာ ငယ်ငယ်ကတည်းက တည်တည်ငြိမ်ငြိမ်ရှိပါတယ်။ ဘယ်အရာမဆို ဖြည်းဖြည်းနဲ့မှန်မှန်ကြိုးစားပါတယ်။ ဒါကြောင့် တစ်ချိန်ချိန်မှာ ထူးချွန်လာမယ်လို့ ထင်ပါတယ်။ အခုလိုကျောင်းရဲ့ ဂုဏ်ဆောင် ကျောင်းသားတစ်ဦး မွေးထုတ်ပေးရတာ အလွန်ဝမ်းသာပါတယ်"ဟု ပြောပြသည်။

ရခိုင်ပြည်နယ်တွင် မောင်ကောင်းဆက်ပိုင်ကဲ့သို့ ပြည်နယ်ဂုဏ်ဆောင်၊ လူမျိုးဂုဏ်ဆောင် ကျောင်းသား တစ်ဦးထွက်ပေါ်လာခြင်းမှာ အလွန်ဂုဏ်ယူစရာဖြစ်သည်။ သူကဲ့သို့ ကျောင်းသားမျိုးကို အတုယူကြစေလိုပါသည်။

ကျောင်းသားကျောင်းသူများ အတုယူကြိုးစားပါက နောင်တွင် ရခိုင်ပြည်နယ်၌ စိတ်ထားကောင်းမြတ်၊ ကျင့်ဝတ်လိုက်နာ၊ ပညာထူးချွန်၊ လူရည်မွန်များ များစွာ တိုးပွားလာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

သတင်းဆောင်းပါး-ကိုကြီးစော
ဓာတ်ပုံ- ညစော

ကချင်ပြည်နယ်

ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့သစ်မွှေး မိုးညှင်းမြို့နယ်၌ စီးပွားဖြစ်စိုက်ပျိုး

မြန်မာနိုင်ငံမှ မြန်မာ့သစ်မွှေးသည် ကမ္ဘာတွင် အကောင်းဆုံးဖြစ်ကြောင်း လေ့လာမိသည်။ မြန်မာနိုင်ငံမှ သစ်မွှေးကို ဓာတုမြေဩဇာထက် သဘာဝအော်ဂဲနစ် (Organic) နှင့် သဘာဝမြေဩဇာဖြင့်သာ အသုံးပြုစိုက်ပျိုးခြင်းကြောင့် ဖြစ်သည်။ မြန်မာ့သစ်မွှေးတွင်လည်း ကချင်ပြည်နယ် မြစ်ကြီးနား သစ်မွှေးမျိုးစိတ်ကို လူကြိုက်အများဆုံးပင်ဖြစ်ကြောင်း သစ်မွှေးစိုက်ပျိုးရေးလုပ်ငန်းရှင်များက ပြောကြသည်။

သစ်မွှေးပင်ကို မြန်မာအမည်ဖြင့် အကျော်ပင်ဟူ၍လည်းကောင်း၊ ကချင်အမည်ဖြင့် Hpun Sau Pum ဟူ၍လည်းကောင်း၊ လီဆူးအမည်ဖြင့် Shit Poung ဟူ၍ လည်းကောင်း၊ ကရင်အမည်ဖြင့် Klaw ဟူ၍ လည်းကောင်း၊ အင်္ဂလိပ်အမည်ဖြင့် Aloe-Wood, Agar-Wood, Eagle-Wood ဟူ၍ လည်းကောင်း ခေါ်ဆိုလျက်ရှိသည်။ ရုက္ခဗေဒအမည်အရ Aguilaria Malaccenisis ဖြစ်ပြီး မျိုးရင်းသည် Thymelaeaceae တွင် ပါဝင်သည်။

ဂေဟဗေဒဖြင့် စိုစွတ်သောတောများနှင့် တောင်ကုန်းများပေါ်တွင် ပေါက်ရောက်လျက်ရှိသည့် သဘာဝပေါက် သစ်မွှေးများကို လွန်ခဲ့သောကာလ ဆယ်စုနှစ်(နှစ်ခု)ကျော်က သစ်မွှေးရှာဖွေသူများ တောအထပ်ထပ်၊တောင်အထပ်ထပ် ခရီးဆန့်ခဲ့ကြသော်လည်း ယခုအခါ ကမ္ဘာ့ဈေးကွက်ဝင်သစ်မွှေးကို မြန်မာနိုင်ငံ၌ သဘာဝပေါက်မျိုးစိတ်မှ စီးပွားဖြစ် သစ်မွှေးမျိုးပွားခြင်း၊ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အနှစ်ကျအောင် စီစဉ်လုပ်ကိုင်ခြင်းတို့ ရှိလာသည်။

သစ်မွှေးမျိုးစိတ်ပေါက်ရောက်ရာ နိုင်ငံများမှာ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ်ပူးချား၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘူတန်၊ နီပေါ၊ တရုတ်နိုင်ငံများ ဖြစ်သည်။ မြန်မာ့ သစ်မွှေးမှာ ကမ္ဘာ့သစ်မွှေး ဈေးကွက်နေရာရရှိနေသဖြင့် မြန်မာ့သစ်မွှေးကို အများဆုံးဝယ်ယူကြောင်း သစ်မွှေးဈေးကွက်လုပ်ငန်းရှင်များက ဆိုသည်။

သစ်မွှေးဈေးကွက် စီးပွားရေးအတွက် အသိအမြင်ကြောင့် မိုးညှင်းမြို့နယ်၌ သစ်မွှေးစိုက်ခင်းများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများ ခြံဖြင့်ဧကများစွာစီးပွားဖြစ်အားတက်သရောတိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။

မြစ်ကြီးနားသစ်မွှေးမျိုးစေ့များမှ မိသားစုတစ်ပိုင်တစ်နိုင် သစ်မွှေးမျိုးပင်များ လုပ်ကိုင်လျက်ရှိသော မိုးညှင်းမြို့ အောင်သပြေ (၁) ရပ်ကွက်နေ ဒေါ်တင်တင်ဝင်း သစ်မွှေးပင်အရောင်းခြံသို့ မကြာမီက သွားရောက်လေ့လာခဲ့သည်။ သစ်မွှေးပင်အရောင်းခြံဝင်း၌ အရိပ်ရအလင်းတွင်ပေါင်စနစ်ဖြင့် သဲနုန်းမြေများပေါ်၌ သစ်မွှေးမျိုးစေ့များကို ပျိုးထားခြင်း၊ (၄×၇) လက်မ ပျိုးထုပ်များစီစီရီရီတွင် အရွယ်စုံညီထွက်နေသည့် သစ်မွှေးပင်လေးများ၊ သဲနုန်း၊ မြေကြီး၊ နွားချေးသမအောင်မွှေထားသည့် သဘာဝမြေဩဇာကို(၅×၁၀)လက်မ ပျိုးအိတ်အတွင်း ထည့်နေသောမိသားစုနှင့် ပျိုးပင်များ စနစ်တကျ ရွှေ့ပြောင်းလုပ်ကိုင်နေသော ပျိုးခင်းခြံရှင်ကို တွေ့ရသည်။ ခြံစည်းရိုးတစ်ဖက်တွင် အမြင့် နှစ်ပေနှင့် သုံးပေခန့် သစ်မွှေးပင်များသည်လည်း စိမ်းစိုလျက်ရှိနေသည်။

ဒေါ်တင်တင်ဝင်းကို တစ်ပိုင်တစ်နိုင်လုပ်ငန်းအခြေအနေအား မေးမြန်းကြည့်ရာ "ကျွန်မက မိသားစုဝင်ငွေအနေနှင့် သစ်မွှေးပျိုးပင်တွေ လုပ်ကိုင်ရောင်းချခဲ့တာ သုံးနှစ်ရှိပါပြီ၊ တစ်နှစ်ကို သစ်မွှေးပျိုးပင်နှစ်သောင်းကျော်ရောင်းရပါတယ်၊ အပင်သက်တမ်း ၁၂ လရှိ အပင်အမြင့် နှစ်ပေကျော် သုံးပေအထိ သစ်မွှေးပင်တစ်ပင်ကို ငွေကျပ် ၃၀၀နဲ့ ရောင်းပါတယ်။ အပင်တစ်သောင်း ရောင်းကုန်ရင် ငွေကျပ်သိန်းသုံးဆယ်ရပါတယ်၊ လေးပေကျော် ငါးပေရှိတဲ့ သစ်မွှေးတစ်ပင်ဆိုရင် ငွေကျပ် ၅၀၀ ကျော်မှ ငွေကျပ် ၇၀၀ ရောင်းပါတယ်"ဟု ပြောပြသည်။

သစ်မွှေးအဆီကို မိတ်ကပ်၊ အသားအရေလှပဆေး၊ စိတ်ကြည်လင်လန်းဆန်းစေခြင်း၊ အနံ့ရှူဆေး၊ ရုပ်ပျိုကိုယ်နုဆေးများထုတ်လုပ်လျက်ရှိပြီး အသည်းရောင်၊ ဘီပိုး၊ စီပိုး၊ အစာအိမ်၊ ကျောက်ကပ်၊ နှလုံး၊ အသည်း၊ အဆုတ်၊ အရိုးအဆစ်ရောင်၊ အမျိုးသမီးများ မီးယပ်နှင့်သွေးရောဂါများကို သက်သာပျောက်ကင်းစေနိုင်ကြောင်း သိရသည်။ ထို့အပြင် AIDS, HIV ခုခံအားကျဆင်းမှုများအတွက် သစ်မွှေးဆီကို သုံးခြင်းဖြင့် ခွန်အားမြင့်တက်စေပြီး လေရောဂါဆေး၊ ဝမ်းတွင်းအနာများဆေး၊ အစာကြေဆေး၊ ဓာတ်မှန်ဆေး၊ သွေးအားကောင်းဆေး၊ အားဆေး၊ မျက်စိဆေးများတွင်လည်း ထည့်သွင်းအသုံးပြုလာလျက်ရှိကြောင်း သုတေသီများက ဆိုသည်။

နိုင်ငံတကာတွင် သစ်မွှေးအဆီများကို အသုံးပြုမှု များပြားလာသည့်အလျောက် မြန်မာ့သစ်မွှေးများ အရောင်းအဝယ်ကမ္ဘာ့ဈေးကွက်ဝင်နေခြင်းဖြင့် သစ်မွှေးစိုက်ခင်းမှ သစ်မွှေးဆီထုတ်လုပ်သူတို့၏ စီးပွားရေးအခွင့်အလမ်းများ ရှင်သန်နေဦးမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဘဏ္ဍာအတွက်လည်း အခွန်ငွေရရှိနေမည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ
မျိုးအောင်(ရွှေရတု)

၈-၈-၂၀၁၄ (သောကြာနေ့)

Bank of the West Classic တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်း ချန်ပီယံဆု ဆီရီနာဝီလျံရယူ

၂၀၁၄ ခုနှစ် ပြင်သစ်အိုးပင်းနှင့် ဝင်ဘယ်ဒန် ချန်ပီယံရှစ်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရယူနိုင်ခြင်းမရှိခဲ့သူ ကမ္ဘာ့အဆင့် (၁)တင်းနစ်မယ် အမေရိကန်နိုင်ငံသူ ဆီရီနာဝီလျံသည် ၂၀၁၄ ခုနှစ် Bank of the West Classic တင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်း ပြိုင်ပွဲတွင် ချန်ပီယံဆုရယူကာ ချန်ပီယံဆုနှင့် ကင်းဝေးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်သည်။

WTA Tour ပြိုင်ပွဲများအနက်မှ ပြိုင်ပွဲတစ်ခုဖြစ်သည့် Bank of the West Classic တင်းနစ်ပြိုင်ပွဲကို ပြီးခဲ့သည့် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပခဲ့သည်။

၂၀၁၄ ခုနှစ် Bank of the West Classic တင်းနစ်ပြိုင်ပွဲတွင် အိုင်ဗန်နိုဗစ်၊ ပက်ကိုဗစ်၊ ရက်ဝမ်စကာ၊ အဇာရန်ကာတို့ကဲ့သို့ နာမည်ကျော် တင်းနစ်အားကစားမယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံခဲ့ရသူ ဆီရီနာဝီလျံသည် ဗိုလ်လုပွဲ၌နိုင်ခြေအဆင့် (၃)သတ်မှတ်ခံခဲ့ရသည့် ကမ္ဘာ့အဆင့် (၇) ဂျာမနီနိုင်ငံသူ ကီဘာနှင့် ရင်ဆိုင်ခဲ့ရပြီး ဆီရီနာဝီလျံက ၇-၆(၇-၁)၊ ၆-၃ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ဆီရီနာဝီလျံနှင့် ကီဘာတို့ပွဲသည် ၁နာရီနှင့်၁၉မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရသည်။

ဆီရီနာဝီလျံသည် Bank of the West Classic တင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲ၌ ၂၀၁၁၊ ၂၀၁၂ ခုနှစ် ပြိုင်ပွဲများတွင်လည်း ချန်ပီယံဆုရရှိခဲ့သူ ဖြစ်သည်။

Bank of the West Classic တင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းချန်ပီယံဆုသည် ၂၀၁၄ ခုနှစ်အတွင်း ဆီရီနာဝီလျံရရှိခဲ့သည့် လေးခုမြောက် တစ်ဦးချင်းချန်ပီယံဆုဖြစ်သည်။

ဆီရီနာဝီလျံ

Bank of the West Classic တင်းနစ်ပြိုင်ပွဲသည် ၁၉၇၁ ခုနစ်တွင် စတင်ကျင်းပခဲ့သည့် ပြိုင်ပွဲဖြစ်ပြီး အမျိုးသမီးတင်းနစ် အားကစားမယ်များသာ ပါဝင်ယှဉ်ပြိုင်သည့် တင်းနစ်ပြိုင်ပွဲများအနက် ကမ္ဘာ့သက်တမ်းအရင့်ဆုံးပြိုင်ပွဲဖြစ်။

Bank of the West Classic တင်းနစ်ပြိုင်ပွဲသည် ၁၉၇၁ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် ပြိုင်ပွဲဖြစ်ပြီး အမျိုးသမီးတင်းနစ် အားကစားမယ်များသာ ပါဝင်ယှဉ်ပြိုင်သည့် တင်းနစ်ပြိုင်ပွဲများအနက် ကမ္ဘာ့သက်တမ်းအရင့်ဆုံးပြိုင်ပွဲ ဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲ၌ အအောင်မြင်ဆုံးတင်းနစ်မယ်အဖြစ် စံချိန်တင်ထားသူမှာ ၁၉၇၉၊ ၁၉၈၀၊ ၁၉၈၈၊ ၁၉၉၁နှင့် ၁၉၉၃ ခုနှစ်ပြိုင်ပွဲများတွင်ဗိုလ်စွဲခဲ့သည် အမေရိကန်နိုင်ငံသူ နာဗရာတီလိုဗာ ဖြစ်သည်။

ဆီရီနာဝီလျံသည် လာမည့် ဩဂုတ် ၂၅ ရက်တွင် စတင်ကျင်းပမည့် ၂၀၁၄ ခုနှစ် အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲ၌ သူ၏ အမျိုးသမီး တစ်ဦးချင်း ချန်ပီယံဆုကို ကာကွယ်သွားမည်ဖြစ်သည်။

ထက်အောင်

မိုဟာမက်အလီ၏ လက်အိတ်တစ်စုံကို ပေါင် ၂၃၇၀၀၀ ဖြင့် လေလံတင် ရောင်းချနိုင်ခဲ့

ရာစုနှစ်၏ အကောင်းဆုံးလက်ဝှေ့ပွဲအဖြစ် သတ်မှတ်ခံထားရသည့် မိုဟာမက်အလီနှင့် ဂျိုးဖရေဇီယာတို့ ၁၉၇၁ ခုနှစ်တွင် ထိုးသတ်ခဲ့သောပွဲ၌ မိုဟာမက်အလီ ဝတ်ဆင်ခဲ့သည့် လက်အိတ်ကို ပေါင် ၂၃၇၀၀၀ ဖြင့် လေလံတင်ရောင်းချနိုင်ခဲ့သည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ပြုလုပ်ခဲ့သည့် လေလံပွဲတစ်ခု၌ အမည်ဖော်ပြခြင်းမရှိသည့် လေလံဆွဲသူတစ်ဦးက မိုဟာမက်အလီ ဝတ်ဆင်ခဲ့သည့် လက်အိတ်ကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။

၁၉၇၁ ခုနှစ် မတ်လ ၈ ရက်တွင် WBC နှင့် WBA ဟဲဗီးဝိတ်ချန်ပီယံ ဖရေဇီယာနှင့် စိန်ခေါ်သူ မိုဟာမက်အလီတို့ ထိုးသတ်ခဲ့သည့်ပွဲတွင် ဖရေဇီယာက အနိုင်ရရှိကာ သူ၏ချန်ပီယံဆုများကို ကာကွယ်နိုင်ခဲ့သည်။

အဆိုပါပွဲသည် မိုဟာမက်အလီ၏ ပရော်ဖက်ရှင်နယ် လက်ဝှေ့သက်တမ်းအတွင်း ပထမဆုံးရှုံးပွဲ ကြုံတွေ့ခဲ့သည့်ပွဲဖြစ်သည်။

၁၉၆၄ ခုနှစ်အတွင်း မိုဟာမက်အလီနှင့် ဆွန်နီလစ္စတန်တို့ ထိုးသတ်ခဲ့သည့် ဟဲဗီးဝိတ်လက်ဝှေ့ပွဲတွင် မိုဟာမက်အလီ ဝတ်ဆင်ခဲ့သည့် လက်အိတ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြုလုပ်ခဲ့သော လေလံပွဲတစ်ခု၌ ပေါင် ၅၄၀၀၀၀ ဖြင့် ရောင်းချနိုင်ခဲ့ကာ လက်ဝှေ့အားကစားဆိုင်ရာ အမှတ်တရပစ္စည်းများ ရောင်းချမှုတွင် ဈေးရရှိမှုအမြင့်ဆုံးအဖြစ် စံချိန်တင်ထားသည်။

■ အောင်က